# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မပြဲသော သဘောတို့ကိုသိ**

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက်မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကိုစွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျောက်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မပြဲသော သဘော၊ အနှစ်မရှိသော သဘောတို့ကိုသိအောင် စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ရာ၏။)

**ဇရာဝဂ်(ဓမ္မပဒ - ၁၄၉)**


၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၅၃)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားခြင်းအစီအစဉ် ဖွင့်ပွဲတက်ရောက်



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် High -Level event on " Together for the 2030 Agenda: Partnering for Women, Children and Adolescent, to Thrive and Transform the World" အဆင့်မြင့်အခမ်းအနားသို့ တက်ရောက်စဉ်** (သတင်းစဉ်)

**နယူးယောက် စက်တင်ဘာ ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့ နံနက်ပိုင်းက ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားခြင်းအစီအစဉ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကုလသမဂ္ဂဌာနချုပ် Conference Room (3)၌ ကျင်းပသည့် High - Level event on " Together for the 2030 Agenda: Partnering for Women, Children and Adolescent, to Thrive and Transform the World" အဆင့်မြင့်အခမ်းအနားသို့ တက်ရောက်သည်။

*စာမျက်နှာ ၃ ကော်လံ ၂*

# မြန်မာ့စီးပွားရေးဘဏ်မှ ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီထုတ်ချေးပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

မြန်မာ့စီးပွားရေးဘဏ်သည် တောင်သူလယ်သမားများ၏လူမှုဘဝ အကျိုးစီးပွားမြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောရာသီအလိုက် စိုက်ပျိုးစရိတ် ချေးငွေများကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဆင့် တောင်သူလယ်သမားများ လက်ဝယ်သို့ အချိန်မီထုတ်ချေးပေးလျက်ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အဆိုပြုတင်ပြလာသော စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၇၀၀ ဘီလီယံကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အရ မြန်မာ့စီးပွားရေးဘဏ်မှ ငွေ ၁၂၀၀ ဘီလီယံ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ၅၀၀ ဘီလီယံထုတ်ချေးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ၅၀၀ ဘီလီယံ ထုတ်ချေးရန်စီစဉ်ခဲ့ခြင်းမှာလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၉၁ အရ **ဗဟိုဘဏ်သည် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့် အစိုးရအဖွဲ့သို့ ချေးငွေထုတ်ချေးနိုင်သည်**ဟု ပြဋ္ဌာန်းချက်အရ မြန်မာ့စီးပွားရေးဘဏ်တွင် ငွေလက်ကျန်လုံလောက်မှုမရှိပါက ထုတ်ချေးနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူထားခြင်းသာဖြစ်သည်။

သို့ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၄၂၁ ဒသမ ၃၉ ဘီလီယံကို ထုတ်ချေးရန် မြန်မာ့စီးပွားရေးဘဏ်၏ လက်ကျန်ငွေလုံလောက်မှုရှိပါသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူခြင်းမပြုဘဲ

*စာမျက်နှာ ၃ ကော်လံ ၁*




# ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထား၏ ဩဇာအာဏာ

ကမ္ဘာ့ကုလသမဂ္ဂ တတိယကော်မတီက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံသို့ ယခုနှစ်တွင် တင်သွင်းခြင်းပြုတော့မည် မဟုတ်ဟု သိရှိရပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ တတိယကော်မတီသည် လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ရသော ကော်မတီဖြစ်ပါသည်။ အဆိုပါ ကမ္ဘာ့ကုလသမဂ္ဂ တတိယကော်မတီက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် နှစ်စဉ်ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာနေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတော်အစိုးရအဆက်ဆက်တို့ကလည်း ဤကဲ့သို့သော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းမပြုရန် နှစ်စဉ်နှစ်တိုင်း ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုရရှိခဲ့ခြင်းမရှိခဲ့ပါ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်သော ယခုနှစ်တွင် ဤမင်္ဂလာသတင်းထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ တတိယကော်မတီက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဆောင်ရွက်ခြင်းမပြုတော့ဟု ဆုံးဖြတ်ခဲ့ခြင်းသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ပြည်နယ်အရေး ကိုင်တွယ်စီမံဆောင်ရွက်ပုံနှင့်လည်း ဆက်စပ်ပတ်သက်နေပါသည်။ ရခိုင်ပြည်နယ်အရေးဆိုင်ရာ အကြံပေးကော်မရှင်တွင် ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်အပါအဝင် နိုင်ငံခြားသားသုံးဦး ထည့်သွင်းဖွဲ့စည်းခဲ့ခြင်းအပေါ် အစ္စလာမ်ဘာသာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Organization of Islamic Cooperation - OIC) က အလေးအနက်သုံးသပ်၍ ယခုနှစ်တွင် မြန်မာနိုင်ငံ၏လူ့အခွင့်အရေးကိစ္စဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရေး မတင်သွင်းရန် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂက ဆုံးဖြတ်ချက်များချမှတ်ခဲ့သည်မှာ နှစ်ပေါင်း ၂၆ နှစ်နီးပါးရှိနေပြီဖြစ်ပါသည်။

အခြေအနေကို ခြုံငုံသုံးသပ်ပါက အစ္စလာမ်ဘာသာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ၏ သဘောထားအပြောင်းအလဲသည် မြန်မာ့ဒီမိုကရေစီရေး ဖြစ်ထွန်းမှုများအပေါ် အခြေခံပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော လူထုအစိုးရတစ်ရပ် ပေါ်ထွက်ရေးကိုဦးတည်၍ သောင်ပြို၊ ကမ်းပြို ဆန္ဒမဲပေးရွေးချယ်ခဲ့ပါသည်။ ဤကဲ့သို့သော ပြည်သူလူထု၏ ပီပြင်ပြတ်သားသည့်ဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်များ မချမှတ်ရေးအတွက် ရေခံမြေခံကောင်းတစ်ရပ်ကို ဖန်တီးပေးလိုက်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရေးအတွက် အစဉ်အဆက်ထောက်ခံခဲ့ကြသော ဥရောပသမဂ္ဂ၊ အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံကဲ့သို့သော နိုင်ငံများသည်လည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေး တိုးတက်ဖြစ်ထွန်းမှုများကို ထောက်ရှု၍ ယခုနှစ်တွင် တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ချရေးအတွက် မဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။ သို့သော် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဆုံးဖြတ်ချက်မချမှတ်ဟူသော အနေအထားကို အလွယ်တကူရရှိခဲ့ခြင်းမဟုတ်သည်ကို နှလုံးသွင်းရန်လိုအပ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်မတင်သွင်းဟူသော ဥရောပသမဂ္ဂ၏ ဆုံးဖြတ်ချက်အပေါ် Burma Campaign UK ကဲ့သို့သော အဖွဲ့များက ကန့်ကွက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဤဖြစ်စဉ်ဖြစ်ရပ်တစ်ခုလုံးကို ခြုံငုံသုံးသပ်ပါက ပြည်သူလူထုဆန္ဒသဘောထား၏ ဩဇာအာဏာကို ထင်ထင်ရှားရှား တွေ့ရှိရမည်ဖြစ်ပါသည်။ ပြည်သူလူထုအတွက် ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့်အညီ အစဉ်အမြဲဆောင်ရွက်ခဲ့သော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ စွမ်းဆောင်ချက်ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာဆုံးဖြတ်ချက်ချမှတ်ရေးကို မဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ဤသည်မှာ ပုဂ္ဂိုလ်ရေးအရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အောင်ပွဲဖြစ်သကဲ့သို့ နိုင်ငံရေးအရ ပြည်သူလူထု၏ အောင်ပွဲဖြစ်ပါသည်။ ။




## လူငယ်မူဝါဒ ပူးပေါင်းရေးဆွဲလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**
မြန်မာနိုင်ငံလူငယ်မူဝါဒ ပေါ်ပေါက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူငယ်များနှင့်ပူးပေါင်း ရေးဆွဲလျက်ရှိသည်။ မြန်မာနိုင်ငံ လူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင်ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏အသံများပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ လူငယ်မူဝါဒပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးက ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(သတင်းစဉ်)**

## အောင်သပြေဈေးအတွင်း ပျက်စီးနေသောဈေးဆိုင်ခန်းများ ပြုပြင်ပေးစေလို

**ဘိုကလေး စက်တင်ဘာ ၂၁**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့တွင် ဈေးကြီးနှစ်ဈေးရှိသည့်အနက် အမှတ် (၈)ရပ်ကွက်၌ တည်ရှိသော အောင်သပြေဈေးသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတွင် ဘိုကလေးမြို့ပေါ် ဈေးနှစ်ဈေးဖြစ်သော မြို့မဈေးကြီးနှင့် အောင်သပြေဈေးတို့သည် ပျက်စီးမှု လွန်စွာ များပြားခဲ့သည်။

ကုမ္ပဏီကြီးတစ်ခုက မြို့မဈေးကြီးကို ပြုပြင်တည်ဆောက် ပေးခဲ့သော်လည်း အောင်သပြေဈေးကို ပြုပြင်ပေးခဲ့ခြင်း မရှိပါ။ အောင်သပြေဈေးသည် ၁၉၈၂ ခုနှစ်က ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးခဲ့သည့် ဈေးဖြစ်သည်။

ယခုအခါ ဆိုင်ခန်းများပျက်စီးမှုများဖြစ်နေသည့်အတွက် သက်ဆိုင်ရာက အမြန်ဆုံးပြုပြင်ပေးရန် ဈေးသူဈေးသားများက လိုလားလျက်ရှိကြောင်း သိရသည်။ **ဌေးနိုင်**



## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**
ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက လသာမြို့နယ် အထက (၂) မြညီလာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က အခမ်းအနား ကျင်းပရခြင်းရည်ရွယ်ချက်ကိုလည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်ချိုချိုတင်(မစန္ဒာ)က စာဖတ်ရှိန်မြှင့်မားရေးလုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ (၁) ဦးညွန့်ဆွေက လသာမြို့နယ် အထက (၁) ကျောင်းစာကြည့်တိုက်သို့ လည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ(၂) ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)က လသာမြို့နယ် အထက(၂) ကျောင်းစာကြည့် တိုက်သို့လည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ) ဒေါ်လှမြတ်မိုး (စာရေးဆရာမ လမင်းမိုမို)က လသာမြို့နယ် အထကကျောင်းစာကြည့်တိုက်သို့လည်းကောင်း စာအုပ်၊ စာစောင် များပေးအပ်လှူဒါန်းခဲ့ကြသည်။ **အောင်မြင့်(ပြန်/ဆက်)**

## လက်ပံတန်းမြို့နယ်တွင် မှုခင်းပညာပေးပြခန်းယာဉ် လှည့်လည်ပြသ

**လက်ပံတန်း စက်တင်ဘာ ၂၁**
ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၏စီစဉ်မှုဖြင့် တိုင်းဒေသကြီးအတွင်း လှည့်လည်ပညာပေးပြသလျက်ရှိသည့် မှုခင်းပညာပေးပြခန်းယာဉ်သည် စက်တင်ဘာလ တတိယပတ်က လက်ပံတန်းမြို့သို့ ရောက်ရှိကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဖုန်းမြင့်နှင့် တပ်ဖွဲ့ဝင်များနှင့်အတူ (၁)လမ်းအဝိုင်းအနီး အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ကျွန်းကလေးကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း၊ မကျည်းကွင်းကျေးရွာနှင့် ကျေးနီကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲများသို့ သွားရောက်၍ပြသရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **အောင်ဆင့်**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၁-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၃၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၄၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၂.၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၈၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၂၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၃၃၈ |
| တရုတ် | တစ်ယွမ် | ၁၈၄.၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇.၀၃ |

မြန်မာ့အလင်း
၁၂၇၇ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## အမေရိကန် သမ္မတထံ သံအမတ်ကြီး ဦးအောင်လင်း ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၂**

အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်လင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ဝါရှင်တန်မြို့၌ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရက်အိုဘားမားထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ချေးပေးပြီးဖြစ်သည်။

ယခု ထပ်မံ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဆောင်းချေးငွေ ကျပ် ၂၂၉ ဒသမ ၂၉ ဘီလီယံကို ထုတ်ချေးရန်အတွက် မြန်မာ့စီးပွားရေးဘဏ်၏ လက်ကျန်ငွေ လုံလောက်မှုရှိသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ချေးငွေရယူခြင်းမပြုဘဲ တောင်သူလယ်သမားများ လက်ဝယ်သို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် အချိန်မီထုတ်ချေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



❍ *ရှေ့ဖုံးမှ*

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက အထွေထွေညီလာခံသို့ တက်ရောက်လာကြသော ကမ္ဘာ့ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ညနေပိုင်းတွင် ဥရောပသမဂ္ဂ ဥက္ကဋ္ဌ မစ္စတာ ဒေါ်နယ်တက်စ်နှင့် တာဝန်ရှိသူများက တည်ခင်းဧည့်ခံသည့် ညနေခင်းဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားခြင်းအစီအစဉ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်**

(သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အခမ်းအနား ရန်ကုန်၌ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

ငြိမ်းချမ်းရေးသည် မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင် လိုအပ်နေကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုကို နိုင်ငံတကာအသိုင်းအဝိုင်း အဖွဲ့အစည်းများက ဝိုင်းဝန်းထောက်ပံ့ အားပေးကူညီနေကြောင်း၊ မိမိတို့အနေဖြင့်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးတွင် ဝိုင်းဝန်းကူညီလုပ်ဆောင်သွားမည် ဖြစ်ကြောင်း ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းက ပြောသည်။

ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနားတွင် ဒေါက်တာ တင်မျိုးဝင်းက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ UNHCR ဌာနေ ကိုယ်စားလှယ် မစ္စတာ ဂီယူဆက်ပ် ဒီဗင်စင်တစ်က အမှာစကားပြောကြားပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သတင်းထုတ်ပြန်ချက်ကို ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့) ကိုယ်စားချင်းအမျိုးသားတပ်ဦး၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက အမှာစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းက လက်ရှိ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ "ရည်မှန်းချက်က သုံးနှစ်ကနေ ငါးနှစ်အထိ ရည်မှန်းထားတယ်။ ကော်မတီနှစ်ခု ဖွဲ့ထားတယ်။ ဆပ်ကော်မတီ (၁)က



လက်မှတ်ထိုးပြီးသားအဖွဲ့တွေနဲ့ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို ပြန်လည်သုံးသပ်တယ်။ မထိုးရသေးတဲ့အဖွဲ့တွေကိုလည်း ထိတွေ့ပြီး အမြဲညှိနှိုင်းဆွေးနွေးနေတယ်။ အားလုံးရဲ့သဘောထားက ငြိမ်းချမ်းရေးပဲ"ဟု ပြောသည်။

ဆက်လက်၍ "စစ်ဘေးရှောင်ပြည်သူတွေ ဘယ်လောက်ဒုက္ခရောက်နေသလဲ။ လူသားချင်းစာနာတဲ့စိတ်၊ ကိုယ်ချင်းစာနာစိတ်နဲ့ ကြည့်ရင် ငြိမ်းချမ်းရေးအတွက် အင်မတန် မြန်မြန်ဆန်ဆန်လုပ်ရမယ်။ ကျွန်တော့် ယုံကြည်ချက်က ဘာလဲဆိုရင် ကိုယ့်ဘက်က သဘောထားဖြောင့်မှန်ရင် တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုပိုရမယ်၊ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုတည်ဆောက်နိုင်မယ်၊ အားလုံးဝိုင်းပြီး တတ်နိုင်သလောက် ငြိမ်းချမ်းရေးကို စောစောရအောင် လုပ်ရမယ်၊ တစ်ရက်စောစောရရင် ပြည်သူလူထု တစ်ရက်စောပြီး စိတ်ချမ်းသာမယ်"ဟု ပြောသည်။

နေပြည်တော်၌ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် တက်ရောက်လာသည့် အဖွဲ့အစည်းအသီးသီးအား လွတ်လပ်စွာဆွေးနွေးပြောဆိုခွင့်ပေးခဲ့ပြီး မီဒီယာများမှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ဖြန့်ဝေပေးခဲ့ကြောင်း၊ ကြားကာလများတွင်လည်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်နေပြီး သဘောတူရရှိလာသည့်အဖြေများကို ဒုတိယအကြိမ်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် အတည်ပြုသွားမည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးကော်မရှင်မှ သိရသည်။

ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အခမ်းအနားသို့ ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**

**ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ - ရဲထွဋ်**

## အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား နေပြည်တော်၌ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် Women's International of Peace (Win-Peace) အဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲက နေပြည်တော် သံတမန်ဇုန်ရှိ Lake Garden Hotel ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက အမှာစကားပြောကြားကာ Win Peace ၏ အမှုဆောင် ဒေါ်သန္တာတင်က အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ နောက်ခံသမိုင်းနှင့် လှုပ်ရှားမှုများအကြောင်းကို ဆွေးနွေးတင်ပြပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြေညာချက်အပိုင်းများကို Women's Initative Network For Peace ၏ အစီအစဉ် ညွှန်ကြားရေးမှူး ဒေါ်ချယ်ရီအုန်းက ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ အတွင်းရေးမှူး ဒေါ်နော်လုလုစိုး၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## (၂၂)ကြိမ်မြောက် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

**ဟားခါး စက်တင်ဘာ ၂၁**

ချင်းပြည်နယ်၌ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးဇိုဘွဲ့နှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်၊ ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်ယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ချင်းရိုးရာအက (အဖွဲ့လိုက်/တစ်ဦးချင်း)ပြိုင်ပွဲကိုလည်းကောင်း၊ တစ်ပင်တိုင်အက(အခြေခံ-၁၅-၂၀) ပြိုင်ပွဲများကို လည်းကောင်း ယှဉ်ပြိုင်ခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါ ပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်အထိ သုံးရက်ကြာ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**( ပြည်နယ် ပြန်/ဆက် )**

## ကျောက်ဖြူ၌ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်အား ချပြရှင်းလင်း

**ကျောက်ဖြူ စက်တင်ဘာ ၂၁**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်အား ချပြရှင်းလင်းပွဲကို စက်တင်ဘာလ ဒုတိယပတ်က ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စိန်လွင်က အမှာစကားပြောကြားပြီး ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်အား ချပြရှင်းလင်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကျောက်ဖြူခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းဇေနှင့် တပ်ဖွဲ့ဝင်များ၊ ရမ်းဗြဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ရေကြောင်း၊ လေကြောင်း၊ မူးယစ်၊ သတင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန် အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေမည်။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၂/၂၀၁၆) အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ (၂/၂၀၁၆) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆင်မင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသ အမှူးပြုသော နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက အဖွင့် သမ္မောဒနီယဩဝါဒကထာ မြွက်ကြားတော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပသော တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၁၆) အစည်းအဝေးမှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူပြီး တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၁၆) အစည်းအဝေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက တင်ပြလျှောက်ထားသည်။

ထို့နောက် ဗဟိုပညာရေးအဖွဲ့ (၂/၂၀၁၆) အစည်းအဝေးမှ တင်ပြချက်များအပေါ် ဝေဖန်ဆွေးနွေးဆုံးဖြတ်ခြင်းနှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်/မန္တလေး)တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အထွေထွေကိစ္စရပ်များ ဆွေးနွေးတော်မူကြကာ သဘာပတိ ဆရာတော်က နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားတော်မူသည်။

**(သတင်းစဉ်)**

# (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး ကျင်းပ၊ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၁**

(၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး၊ အာဆီယံစွမ်းအင်ဖိုရမ် ၂၀၁၆ စာတမ်းဖတ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အာဆီယံစွမ်းအင်အလုည့်ကျဥက္ကဋ္ဌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကအရေးကြီးပါကြောင်း၊ မိမိတို့ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးသည် အာဆီယံဒေသတွင်းသာမက အရှေ့အာရှနှင့် တောင်အာရှနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကိုပါ အကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း၊ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ASEAN Plan of Action for Energy Cooperation -APAEC 2010-2015) ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုနှစ် APAEC ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း ၂၀၁၆-၂၀၂၅ ၏ စီမံကိန်းပထမအဆင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း အာဆီယံဒေသတွင်းနိုင်ငံများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၊ အဖွဲ့အစည်းများတွင် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် မူဝါဒရည်မှန်းချက်များ၊ လုပ်ငန်းအစီအစဉ်များကို တက်ကြွစွာဝိုင်းဝန်းဆွေးနွေးသွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများသည် MICC-II ၌ ခင်းကျင်းပြသထားသည့် စွမ်းအင်ဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နံနက် ၁၁ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ Horizon Lake View Resort Hotel ၌ ဆက်လက်ကျင်းပသည်။ ယနေ့ကျင်းပသည့် ၂၀၁၆ ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ Rural Electrification With Micro Hydro Power For SHARSEBO & 3 Villages Project က Winner ဆု၊ Solar Rooftop System က 1st Runner-up ဆုများ အသီးသီးရရှိခဲ့သည်။



(၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး ကျင်းပစဉ်

(၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် AEBF-2016 သို့ အာဆီယံနိုင်ငံများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ရုရှား၊ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ဩစတြေးလျနိုင်ငံတို့မှ စွမ်းအင်ဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံစွမ်းအင်ဗဟိုဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ IEA၊ ERIA၊ IAEA၊ IRENA စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ Specialized Bodies နှင့် Sub-sector Networks တို့မှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ စွမ်းအင်ဆိုင်ရာပြခန်း ပြသသူများ စုစုပေါင်း ၇၀၀ ကျော် တက်ရောက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး (၃၅)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံအကြား သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရန် ဥယျာဉ်တည်ထောင်ရေးနှင့် ခရီးစဉ်ဒေသများ တိုးချဲ့ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ထိုင်းနိုင်ငံ သယံဇာတနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာန ဝန်ကြီး H.E. GEN. Surasak Karnjanarat နှင့် အဖွဲ့အား စက်တင်ဘာ ၁၅ ရက် နံနက် ၇ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးစဉ် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား တောမီးကြောင့်ဖြစ်ပေါ်သည့် မီးခိုးမြူငွေ့ကင်းရှင်းရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စောင့်ကြည့်လေ့လာမှု၊ အသိပညာပေးမှုတို့အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းများ၊ လေထုတိုင်းတာသည့်စက်များဖြင့် ဆောင်ရွက်မှုများ၊ သဘာဝအလျောက်နှင့် လူတို့ကြောင့် လောင်ကျွမ်းသည့် တောမီးငြိမ်းသတ်ခြင်း ကြိုတင်လေ့ကျင့်မည့် အစီအမံများ။

နယ်စပ်မီးတားလမ်းများ ဖောက်လုပ်ခြင်းနှင့် မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ၊ တောင်တန်းနှင့် သစ်တောများအတွင်း နေထိုင်သူများအား ရွှေ့ပြောင်းတောင်ယာပပျောက်ရေးနှင့် သစ်တောထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ နှစ်နိုင်ငံအကြား သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရန် ဥယျာဉ်တည်ထောင်ရေး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ နှစ်နိုင်ငံအကြား နေထိုင်ကျက်စားသည့် မျိုးဆက်ပျက်သုဉ်းလုဆဲ တိရစ္ဆာန်များ မျိုးမသုဉ်းရန် ထိန်းသိမ်းရေး။

တိရစ္ဆာန်ဥယျာဉ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ တိရစ္ဆာန်လဲလှယ်ရေးနှင့် မြန်မာနှင့် ထိုင်းနိုင်ငံရှိ တိရစ္ဆာန်မျိုးစိတ်များ မျိုးဆက်ပြန့်ပွားရေး သားဖောက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖြင့် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်ရန်အတွက် ပုလဲမွေးမြူရေးစခန်းများ၊ ဥယျာဉ်များ၊ သဘာဝသစ်တော ကြိုးဝိုင်းများ စသည့် ခရီးစဉ်ဒေသများ တိုးချဲ့ဆောင်ရွက်ရန်အစီအစဉ်များ၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများသည် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာ အသေးစိတ် အချက်အလက်များကို ထပ်မံညှိနှိုင်းဆွေးနွေးဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကယားပြည်နယ် အမျိုးသမီးများ၏အသံ ညီလာခံဖွင့်ပွဲအခမ်းအနားကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၂၁**

ကယားပြည်နယ် အမျိုးသမီးများ၏အသံ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် လွိုင်ကော်မြို့ ထေးသမရပ်ကွက်ရှိ မောဒူဒီးဘိုးဟိုး ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် Karenni National Women Organization (KNWO)မှ ဗဟိုကော်မတီဝင် ဒေါ်ဘဲမယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားပြီး (KNWO) မှ အထွေထွေအတွင်းရေးမှူး ဒေါ်မီးမီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနေ့တွင် ကယားပြည်နယ် အမျိုးသမီးများ၏အသံ ညီလာခံပထမနေ့ စက်တင်ဘာ ၁၉ ရက်က ဆွေးနွေးခဲ့သော အချက်အလက်များ အနှစ်ချုပ်ကိုတင်ပြပြီး UNFC မှ အထွေထွေအတွင်းရေးမှူး ခူးဦးရယ်က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အား ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**(ပြည်နယ် ပြန်/ဆက်)**

# နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၂၁**

နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ၏ သင်ယူနိုင်မှုအခွင့်အလမ်း၊ အရည်အသွေးနှင့် စီမံခန့်ခွဲမှုများအား မြှင့်တင်ရန်အတွက် နည်းပညာနှင့် သက်မွေးပညာရေးနှင့်လေ့ကျင့်ရေး (Technical and Vocational Education and Training-TVET) လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍများဖြစ်သော အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ သုံးရပ်ရှိသည့်အနက် နည်းပညာနှင့်သက်မွေး ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်မှ အထူးအားပေးပံ့ပိုးပေးလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း ပြည်သူလူထုကိုအကျိုးပြုမည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေသည့် လူငယ်လူရွယ်များကို ပြုစုပျိုးထောင်ပေးနိုင်ရန် နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ချမှတ်ရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ဒေသအသီးသီးတွင် နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ သင်တန်းများ သင်ကြားလေ့ကျင့်ပေးနိုင်စေရေးအတွက် ဒေသလိုအပ်ချက်နှင့်အညီ သက်ဆိုင်ရာဘာသာရပ်များကို ဦးစားပေးရွေးချယ်သင်ကြားလေ့ကျင့်ပေးသွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# ပထမအကြိမ် အစိုးရဌာနများအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

ပထမအကြိမ် အစိုးရဌာနများအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေးဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel Grand Ball Room ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)တို့ ပူးပေါင်းကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ့နိုင်ငံများ အားလုံးအတွင်း National Security Challenge တစ်ခုဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ပြဿနာကိုဖြေရှင်းရာတွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းများ၏ အဓိကရည်မှန်းချက်ဖြစ်သော လူသားများ၏ ကျန်းမာရေး၊ သာယာဝပြောရေးနှင့် လူမှုရေးပြဿနာများ ကင်းဝေးစေရေးတို့ကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကြိုးပမ်းမှု သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် တချို့နေရာတွင် ထင်သာမြင်သာရှိသော အောင်မြင်မှုများရရှိခဲ့သော်လည်း ပြည်သူလူထုအတွင်း၌ ကျန်းမာရေး၊ လူမှုရေးနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော မှုခင်းများကြောင့် ဖြစ်ပေါ်လာသည့် စိုးရိမ်မှုများအကြား စိန်ခေါ်မှုများရှိနေဆဲဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးများသည် အလွဲသုံးမှုဖြစ်ပေါ်လာမှသာ လူ့အဖွဲ့အစည်းအတွင်း အန္တရာယ်ဖြစ်စေသော်လည်း ကုသရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများတွင် အမှန်တကယ်လိုအပ်သော ဆေးဝါးများဖြစ်ကြောင်း၊ တစ်ဖက်ကလည်း မူးယစ်ဆေးဝါးများကို အလွဲသုံးမှုမရှိစေရေး ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ ကျန်းမာရေးနှင့် ဆေးကုသရေးလုပ်ငန်းများအတွက် လုံလုံလောက်လောက် ရရှိသုံးစွဲနိုင်အောင်နှင့် လမ်းလွဲမရောက်ရှိစေရေးတို့ကို ထိန်းချုပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှု လျှော့ချရေးလုပ်ငန်းများကို ဟန်ချက်ညီ ဆောင်ရွက်သည့်အခါ Community Level တွင် ဖြစ်ပေါ်နေသောမူးယစ်ဆေးဝါးမှုခင်းများနှင့် Organized Crime Level တွင် ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ် မှုခင်းများကို စနစ်တကျထိန်းချုပ်ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်လုပ်မှုလျှော့ချရေး၊ သုံးစွဲမှုလျှော့ချရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်သည့်အခါ နိုင်ငံတကာ ကွန်ဗင်းရှင်းများ၊ UN, Charter ပါ ပြဋ္ဌာန်းချက်နှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများကို ဥပဒေများနှင့်အညီ လေးစားလိုက်နာသွားရမည်ဖြစ်ပြီး အမျိုးသမီးများနှင့် ကလေးသူငယ်များအရေး ကိစ္စကိုလည်း ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ပြဿနာကို ကိုင်တွယ်ဖြေရှင်းရာ၌ အစိုးရဌာနများအကြား ဘုံရည်မှန်းချက်များထားရှိပြီး ကိုယ်စီတာဝန်ရှိမှု၊ ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံပါဝင်မှု၊ သဟဇာတရှိမှု စသော သဘောတရားများကို အခြေခံပြီးဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့ မိမိတို့ရေးဆွဲမည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်သည်လည်း ကုလသမဂ္ဂအထွေထွေညီလာခံ၏ သဘောတူညီချက်များကို အခြေခံမူဘောင်အဖြစ် သတ်မှတ်ပြီး လုပ်ငန်းအဖွဲ့ဆွေးနွေးပွဲများ အဆင့်ဆင့်ကျင်းပကာ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးအခြေအနေ၊ အနာဂတ်တွင် ဖြစ်လာနိုင်ဖွယ်ရှိသည့် စိန်ခေါ်မှုများ၊ တည်ဆဲဥပဒေများနှင့် အခြေခံမူများအပေါ် ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်ပြီး မူဝါဒကောင်းတစ်ရပ် ပေါ်ထွက်လာရေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယနေ့ရေးဆွဲထားပြီးဖြစ်သော အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်မျှော်လင့်ကြောင်း၊ လူမှုအဖွဲ့အစည်းများ၊ Academic အဖွဲ့အစည်းများ၊ Practitioner များ၊ ကျွမ်းကျင်သူများနှင့် မူးယစ်ဆေးဝါး၏ဒုက္ခကို ခံစားနေရသောသူများ ပူးပေါင်းပါဝင်မှုကလည်း အဓိကကျသောအချက်တစ်ချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မူဝါဒများနှင့် အစီအစဉ်များရေးဆွဲ အကောင်အထည်ဖော်သည့်အခါ အားလုံးပါဝင်စေခြင်းဖြင့် ထိရောက်ကောင်းမွန်သော ရလဒ်ကောင်းများဖြစ်စေသည်ကိုလည်း သတိချပ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုအတွက် ကျန်းမာပျော်ရွှင်ပြီး လုံခြုံမှုရှိသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန် မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်သော လူ့ဘောင်သစ်တစ်ခုကို တိုးမြှင့်တည်ဆောက်ကြရန် လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု လျှော့ချရေးလုပ်ငန်းများကိုလည်း ဟန်ချက်ညီညီ ဆောင်ရွက်ရာတွင် Community Level တွင် ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးမှုခင်းများနှင့် Organized Crime Level တွင် ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်မှုခင်းများကို စနစ်တကျထိန်းချုပ်ဆောင်ရွက်ရန်လိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် မူးယစ်ဗဟိုအဖွဲ့မှ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေး လုပ်ငန်းစီမံချက်အားရှင်းလင်းတင်ပြခြင်း၊ UNODC မှ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒရေးဆွဲရေး၌ ပူးပေါင်းပါဝင်မှုအခန်းကဏ္ဍအား ရှင်းလင်းတင်ပြခြင်းနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေးဦးစီးကော်မတီဝင်များက လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ရေးဆွဲရေးဆိုင်ရာ ဦးစီးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ကုလသမဂ္ဂအဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အခြားဖိတ်ကြားထားသူများ စုစုပေါင်း ၃၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာ - ကနေဒါ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး H.E. Mr. Mark McDowell ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ ဝန်ကြီးဌာနဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနှင့် ကနေဒါနှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏမှာ သုံးနှစ်အတွင်း သိသိသာသာ တိုးတက်လာကြောင်း၊ မြန်မာပို့ကုန်မြှင့်တင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ရေထွက်ကုန်လုပ်ငန်းကဏ္ဍနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍများအား နည်းပညာ အကူအညီများ ပေးစေလိုကြောင်း၊ ကနေဒါနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက် ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ကြားလိုကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ကနေဒါသံအမတ်ကြီးက နှစ်နိုင်ငံကုန်သွယ်မှု ပမာဏတစ်ဟုန်ထိုး မြင့်တက်လာမှုအပေါ် ဝမ်းမြောက်မိပါကြောင်း၊ ကနေဒါနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို အနည်းငယ်ပြုပြင် ပြောင်းလဲရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကနေဒါနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား GSP ပေးအပ်ခဲ့သကဲ့သို့ ဆက်လက်၍လည်း ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များစွာကို ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ တိုးမြင့်လာမည်ဟု မျှော်လင့်ကြောင်း ဆွေးနွေးသည်။ **(သတင်းစဉ်)**



# ဆက်သွယ်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် တယ်လီနောမြန်မာမှ အမှုဆောင်အရာရှိချုပ် Mr. Lars Erik Tellmann ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-9) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ တယ်လီနောမြန်မာ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်ပြီး ကြုံတွေ့နေရသည့် အခက်အခဲများနှင့် သုံးစွဲသူဦးရေတိုးတက်များပြားလာမှုအပေါ် ဆက်သွယ်ရေးကဏ္ဍတိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခြေစမ်းခရီးစဉ်တွင် နှစ်ပွဲဆက်သရေကျခဲ့ခြင်းဖြစ်ပြီး နှစ်ပွဲစလုံးတစ်ဂိုးစီသရေရလဒ်များဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

ဘာချမ်အသင်းက ၁၀ မိနစ်တွင် ဦးဆောင်ဂိုး သွင်းယူခဲ့သောကြောင့် မြန်မာအသင်းနောက်မှ လိုက်ကစားရသော်လည်း ၂၅ မိနစ်တွင် ဝင်းနိုင်စိုးက ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း ဂိုးကံခေခြင်း၊ အဆုံးသတ်အားနည်းခြင်းတို့ကြောင့် သရေရလဒ်ဖြင့်ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် တတိယခြေစမ်းပွဲအဖြစ် စက်တင်ဘာ ၂၂ ရက် မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် နယ်သာလန်ကလပ် ရိုဒါဂျေစီ ယူ -၂၃ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ညီမြတ်သော်တာ**

**ဓာတ်ပုံ - MFF**

## နေရာကွက်၍ မိုးကြိုးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြိုးနိုင်သည်။

**(မိုး/ဇလ)**

# မင်းကျောင်းကုန်း ဓာတ်အားခွဲရုံဖွင့်ပွဲကျင်းပ

**ရွှေကူ စက်တင်ဘာ ၂၁**

ကချင်ပြည်နယ် ရွှေကူမြို့၌ စက်တင်ဘာလ ဒုတိယပတ်က မင်းကျောင်းကုန်း ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကိုကျင်းပခဲ့သည်။ ရှေးဦးစွာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးယု၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထွန်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှု လက်မှုဝန်ကြီးက စက်ခလုတ်နှိပ်ပြီး မင်းကျောင်းကုန်း၊ မြို့လှ၊ အုတ်ချီ၊ ကျောက်ကြီး၊ ပေါက်ကုန်းကျေးရွာများသို့ လျှပ်စစ်မီး လွှတ်ပေးခဲ့သည်။

ဆက်လက်၍ ခွဲရုံဖွဲ့စည်းမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းဇော်ဦး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကိုကိုဝင်းနှင့် ဝန်ထမ်းများအား တွေ့ဆုံခဲ့ကြောင်း သိရသည်။ **နေလင်းအောင် (စစ်ကိုင်း)**



# ဂလိုဘယ်လိုက်ဇေးရှင်းနှင့် မြန်မာနိုင်ငံ

## ဦးကြည်သာ (ဂွ)

ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) ဆိုသည့် ဝေါဟာရသည် လွန်ခဲ့သောဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံရှိ ပြည်သူများအကြား လူပြောသူပြောများသောစကားရပ်တစ်ခုဖြစ်လာခဲ့သည်။ ပွင့်လင်းမြင်သာမှုအားကောင်းလာသည်။ ယနေ့ခေတ်လူ့အဖွဲ့အစည်းတွင် တိုးတက်မှုနှုန်း အလွန်မြန်ဆန်သော IT နည်းပညာစနစ်ကြောင့် ကမ္ဘာကြီးသည် ရွာကြီးတစ်ခုလို ဖြစ်လာခဲ့သည်။ ဤသည်ကိုပင် ဂလိုဘယ်လိုက်ဇေးရှင်းဟု ခေါ်ကြပုံရသည်။

IT နည်းပညာများ၏ အံ့မခန်းတိုးတက်မှုသည် စက်မှုတော်လှန်ရေးတစ်ရပ်ဖြစ်သည်ဟုပင် သတ်မှတ်ကြသည်။ ယနေ့ မြန်မာနိုင်ငံ ကျေးလက်ဒေသအထိ မိုဘိုင်းဖုန်းများတွင်ကျယ်စွာသုံးစွဲလျက်ရှိရာ အင်တာနက်လိုင်းများပါတိုးချဲ့နိုင်ခဲ့သဖြင့် ဖေ့စ်ဘုတ်ရောဂါသည် ကျေးလက်ပြည်သူများကြားထိ ပျံ့နှံ့လျက်ရှိပါသည်။

ဂလိုဘယ်လိုက်ဇေးရှင်း ရေစီးကြောင်းထဲတွင် စက်မှုဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်အတူ မြန်မာနိုင်ငံကဲ့သို့ LDC နိုင်ငံများမှာလည်း စီးမျောလိုက်ပါလျက်ရှိသည်။ ဤခရီးစဉ်ကြီးတွင် ဘယ်သူတွေက အကျိုးအမြတ်ရရှိနေကြသလဲ ဆန်းစစ်ကြည့်ရန်လိုပါသည်။

ပညာရှင်တချို့၏အဆိုအရ ဂလိုဘယ်လိုက်ဇေးရှင်း အသီးအပွင့်ကို LDC နိုင်ငံများအနေဖြင့် ခံစားခွင့်ရှိသလောက် မခံစားကြရဟု ဝေဖန်ပါသည်။ အဘယ်ကြောင့်မူ LDC နိုင်ငံများတွင် ချို့ယွင်းချက် အားနည်းချက်များ များစွာရှိသောကြောင့်ဖြစ်ပါသည်။ LDC နိုင်ငံများ၏ ချောမွေ့ပြေပြစ်မှုမရှိသော ဖွံ့ဖြိုးမှု uneven development အသွင်ပြောင်း လက္ခဏာကြောင့် ဂလိုဘယ်လိုက်ဇေးရှင်း၏ အကျိုးရလဒ်ကို စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများနှင့် အနည်းငယ် သော ဖွံ့ဖြိုးဆဲနိုင်ငံများကသာ ရယူသွားကြသည်ဟု ဆိုသည်။ နှစ်ဆယ်ရာစု နှောင်းပိုင်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံ ၁၁ နိုင်ငံကသာ ဂလိုဘယ်လိုက်ဇေးရှင်းကို အသုံးပြုပြီး အကျိုးရရှိသွားကြ သည်ဟု သိရသည်။

အဆိုပါနိုင်ငံများသည် ၁၉၉၂ ခုနှစ်က ဖွံ့ဖြိုးဆဲနိုင်ငံအားလုံး၏ ပို့ကုန်ပမာဏမှာ ၆၆ ရာခိုင်နှုန်းကို ရရှိခဲ့ကြကြောင်း၊ ထို့အတူ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုကလည်း အဆိုပါ နိုင်ငံများသို့သာ ရာခိုင်နှုန်း စီးဝင်သွားကြသည်။ သို့ရာတွင် တိုးတက်မှုကာလတွင် ကြာရှည်စွာ မနေလိုက်ရပါ။ ၁၉၉၇ ခုနှစ် ဘဏ္ဍာရေး အကျပ်အတည်း၏ အကျိုးသက်ရောက်မှု ဒဏ်ကြောင့် စီးပွားရေးကျဆင်းသွားကြရတော့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းစီးပွားရေးအခြေမခိုင်မာမှု၊ အခြေခံအဆောက်အအုံများ ညံ့ဖျင်းမှု၊ အဆင့်မမီသောဘဏ်စနစ်၊ အာဏာရှင်ဆန်သော အုပ်ချုပ်မှုစနစ် စသည်တို့သည် အဘက်ဘက်က အားကောင်းသော ဖွံ့ဖြိုးပြီးနိုင်ငံများကို မယှဉ်နိုင်ကြသဖြင့် ဆင်းရဲသည်ထက် ဆင်းရဲလာကြသည်။ ဂလိုဘယ်လိုက်ဇေးရှင်း အဓိကသွင်ပြင်လက္ခဏာ သုံးခုဖြစ်သော ဘဏ္ဍာရေး၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု နယ်ပယ်သုံးခုစလုံးတွင် LDC နိုင်ငံများ၌ မည်သည့်ကဏ္ဍမှ သိသာထင်ရှားစွာ မရရှိနိုင်ကြသေးဟု သုံးသပ်လာကြသည်။

ယနေ့မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များမှာ အရင်းအနှီးချို့တဲ့သဖြင့် ပြည်တွင်းဘဏ်များ၊ အဖွဲ့အစည်းများ၏ ချေးငွေကို မျှော်လင့်သည်။ ပုဂ္ဂလိကများကို ငွေထုတ်ချေးနိုင်သည်ဟု ကြားသိရသော IFC လို နိုင်ငံခြားအဖွဲ့အစည်းများထံမှ ချေးငွေရရှိဖို့လည်း လက်လှမ်းမမီ၊ နိုင်ငံတော်အဆင့်ဌာနကြီး များကပင် IMF, WTO တို့မျက်နှာကြည့်ပြီး ချေးငွေကို အားထားနေရသဖြင့် UN ကဲ့သို့သော အဖွဲ့အစည်းကြီးသည်ပင် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သြဇာကျဆင်းလာနေပြီဟု ဝေဖန်လာကြသည်။

ယနေ့မြန်မာနိုင်ငံတွင် လက်ကိုင်ဖုန်းများ တွင်ကျယ်စွာ အသုံးပြုလျက်ရှိပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ဝင်ငွေများစွာကောင်းခဲ့ပါသည်။ တယ်လီနောနှင့် အူရီဒူးတို့ ဈေးကွက်ကို အင်နှင့်အားနှင့် ယှဉ်ပြိုင်လျက်ရှိပါသည်။ ဤကဲ့သို့ အနေအထားတွင် ဤမျှကောင်းမွန်သော ဆက်သွယ် ရေးစနစ်ကို အသုံးပြုပြီး မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွား၊ ပညာရေး၊ လူမှုရေး တိုးတက်မှုကို သိသာထင်ရှားစွာ မလုပ်နိုင်ပါက ဆက်သွယ်ရေးကုမ္ပဏီများကသာ အကျိုးအမြတ်များကို စုပ်ယူသွားကြပါလိမ့်မည်။

ယနေ့မြန်မာနိုင်ငံတွင် မော်တော်ကားအရေအတွက် သိသာထင်ရှားစွာ မြင့်မားလာပါသည်။ တစ်နှစ်ကျော် နှစ်နှစ်အတွင်း ကျေးလက်ဒေသပြည်သူများပင် မော်တော်ကားများဝယ်ယူသုံးစွဲနိုင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးများစွာတိုးတက်ခဲ့ပါသည်။

ဤကဲ့သို့သောအနေအထားတွင် တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး မြင့်မားမှုစံနှုန်းသည် ဖြစ်သင့်သလောက်မရှိပါက ကားရောင်းသော ကုမ္ပဏီကြီးများ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ တင်သွင်းသော ကုမ္ပဏီကြီးများကသာ အကျိုးအမြတ်ကို စုပ်ယူသွားကြပါလိမ့်မည်။

ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဝင်လာနိုင်သော်လည်း ဒေသခံများအပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှုမရှိပါကလည်း စဉ်းစားစရာဖြစ်ပါသည်။ ယနေ့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ကျောက်ဖြူ မဒေးကျွန်းရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် သိသာသော အကျိုးရလဒ်များ ရရှိနိုင်သော်လည်း နိုင်ငံတော်အတွက် အကျိုးရလဒ် ရှိသင့်သလောက် ရှိ၊ မရှိ စိစစ်ရန်လိုပါမည်။ ယနေ့ ကမ္ဘာ့ချမ်းသာမှု၏ ၄၈ ဒသမ ၂ ရာခိုင်နှုန်းကို ကမ္ဘာ့လူဦးရေ၏ တစ်ရာခိုင်နှုန်းရှိသော လူတစ်စုကခံစားနေကြပြီး ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ရှိသော မြန်မာနိုင်ငံအပါအဝင် ပြည်သူများက ကမ္ဘာ့ချမ်းသာမှု၏ တစ်ရာခိုင်နှုန်းကိုမျှ မခံစားရဟု သိရပါသည်။

သို့ဖြစ်ရာ မိမိနိုင်ငံအနေနှင့် မည်သည့်နိုင်ငံနှင့်မျှ မဆက်ဆံဘဲ ကိုယ့်ဘာသာကိုယ်ရပ်ပြီး (Hermit country) အထီးကျန်နိုင်ငံအဖြစ်နေတာက အကောင်းဆုံးပဲဟု ယူဆသော အစွန်းရောက် (RADICAL) အယူအဆဖြင့် နေလို့လည်းမဖြစ်နိုင်ပါ။

လိမ္မာပါးနပ်စွာနှင့် ဂလိုဘယ်လိုက်ဇေးရှင်း၏ ရလဒ်များကို နိုင်ငံအတွက်ရရှိရန် မျိုးချစ်စိတ်ဓာတ်ဖြင့်ကြိုးပမ်းကြခြင်းကသာ အဓိကကျပါလိမ့်မည်။

**ကိုးကား- Globalization and the South by Martin Khot- ကိုမှီငြမ်းပါသည်။**

**ဂလိုဘယ်လိုက်ဇေးရှင်း ရေစီးကြောင်းထဲတွင် စက်မှုဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်အတူ မြန်မာနိုင်ငံကဲ့သို့ LDC နိုင်ငံများမှာလည်း စီးမျောလိုက်ပါလျက်ရှိသည်။ ဤခရီးစဉ်ကြီးတွင် ဘယ်သူတွေက အကျိုးအမြတ်ရရှိနေကြသလဲ ဆန်းစစ်ကြည့်ရန်လိုပါသည်**

## ၂၀၁၃ ခုနှစ်စာပေဗိမာန် စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**ရန်ကုန် စက်တင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၃ ခုနှစ်စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ ကံမြင့်မော်၏ "သောနုတ္တိုရ်ကငိုသတဲ့လားနှင့် အခြားဝတ္ထုတိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။




အဆိုပါစာအုပ်တွင် ဝတ္ထုတို(၁၆) ပုဒ်ပါဝင်ပြီးဝတ္ထုတိုအများစုမှာ မိဘမေတ္တာဖွဲ့များဖြစ်သည့်မိဘတို့၏ ချစ်ခြင်းမေတ္တာနှင့် အနစ်နာခံပေးဆပ်မှုတို့ကို ရသပေါ်လွင်အောင်စာရေးသူက ရေးဖွဲ့ထားသည်။

ရောင်းဈေး ၇၀၀ ကျပ်ဖြင့်အမှတ် ၅၂၈-၅၃၀၊ ကုန်သည်လမ်းရှိစာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၀၊ ၀၁-၃၈၀၄၄၈ ၊ အမှတ် (တ-၅၅) သပြေကုန်ဈေး၊ နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၀၄၆၈၁ ၊ ၈၆ လမ်း၊ ၂၁လမ်းနှင့် ၂၂လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့်လက်ကားမှာယူလိုပါက အမှတ် ၅၂၈-၅၃၀ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၀၊ ၃၈၀၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

## တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

## အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ ထားဝယ်အမျိုးသမီးများအသံ ဖိုရမ်ကျင်းပ

**ထားဝယ် စက်တင်ဘာ ၂၁**

စက်တင်ဘာ ၂၁ ရက်တွင် ကျရောက်သော အပြည်အပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ ထားဝယ်အမျိုးသမီးများအသံ ဖိုရမ်အခမ်းအနားကို စက်တင်ဘာ ၂၁ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ထားဝယ်အမျိုးသမီးသမဂ္ဂ နှင့် မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အထွေထွေအတွင်းရေးမှူး ဒေါ်စုစုဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားပြီး (ဒုတိယဥက္ကဋ္ဌ) ABSDF နှင့် UPDJC ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးပွဲပူးတွဲကော်မတီ၏ အတွင်းရေးမှူးအဖွဲ့ဝင် ရဲဘော်မျိုးဝင်းက လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အမျိုးသမီးများ ပါဝင်နိုင်ရန် နည်းလမ်းများ ဆွေးနွေးဖလှယ်၍ ထားဝယ်အမျိုးသမီးသမဂ္ဂ ဗဟိုကော်မတီဝင် ဒေါ်ချစ်ချစ်ဝင်းက နိုင်ငံတကာငြိမ်းချမ်းရေးနှင့် အခမ်းအနားဖြစ်ပေါ်လာပုံ သမိုင်းအကြောင်း ဖတ်ကြားကာ ထားဝယ်တိုင်းရင်းသားပါတီဥက္ကဋ္ဌ ဦးအေးမင်းက ထားဝယ်တိုင်းရင်းသားများပါတီမှ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစုပင်လုံ အတွေ့အကြုံအကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အရ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်ရေးအတွက်တိုက်တွန်းချက်များအကြောင်း၊ ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် တိုင်းဒေသကြီးအဆင့်တွင်တွေ့ရှိရသော( JMC)အဖွဲ့ဝင်တစ်ဦး၏ အမြင်သဘောထားများအကြောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ယောက်၏ အမြင်အကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် လူငယ်တစ်ဦး၏အမြင်အကြောင်း၊ ငြိမ်းချမ်းရေးနှင့် အရပ်ဘက်အဖွဲ့အစည်း အမျိုးသမီးတစ်ဦး၏ အမြင်အကြောင်း ဆွေးနွေးကြပြီး ထားဝယ် အမျိုးသမီးသမဂ္ဂ ဒေါ်စန္ဒာအောင်က အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး အခမ်းအနားအတွက် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ )မှ ထုတ်ပြန်ကြေညာချက်အား ဖတ်ကြားသည်။

ထို့နောက် တက်ရောက်လာသူများက လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများအသံကိုမြှင့်တင်ရန်နှင့် အမျိုးသမီးများအခန်းကဏ္ဍကို တိုးမြှင့်ဆွေးနွေးကြပြီး အုပ်စုငယ်လေးဖွဲ့ ဆွေးနွေးကြ၍ ၎င်းတို့၏ဆွေးနွေးချက်များအပေါ် ပြန်လည်တင်ပြခြင်းနှင့် ပြန်လည်ဖြည့်စွက်ကြကာ ဦးဆောင်ဆွေးနွေးကြသူများက ဆွေးနွေးချက်များအား တင်ပြခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**




## လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပ

**ဘားအံ စက်တင်ဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် ငြိမ်းချမ်းရေးဖြစ်စဉ်၌ လူငယ်များ၏ အခန်းကဏ္ဍကို ဆွေးနွေးဖော်ထုတ်ရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အထောက်အကူပြုခြင်း အခန်းကဏ္ဍကို လူငယ်များ သိရှိနားလည်မှုရှိလာစေရန်၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁) ရာစု ပင်လုံညီလာခံနှင့် ဆက်စပ်ဆွေးနွေးပွဲများကို အထောက်အကူပြုနိုင်မည့် လူငယ်များ၏ အခန်းကဏ္ဍကို ဖော်ထုတ်ဆွေးနွေးရန်အတွက် လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ်ကို ဇွဲကပင်ခန်းမ၌ စက်တင်ဘာ ၂၁ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ကရင်အမျိုးသားအစည်းအရုံး(KNU)မှ ဖဒိုစောအားတိုးက ကြိုဆိုအားပေးစကားပြောကြားကာ အရပ်ဘက်လူမှုအဖွဲ့ အစည်းများကွန်ရက်မှ လူငယ်တစ်ဦးဖြစ်သူ နန်းထက်ထက်လင်းစိုးက လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ် လုပ်ဆောင်ရခြင်း အကြောင်းရင်းနှင့် ရည်ရွယ်ချက်ကိုတင်ပြသည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံးမှ စောအယ်လ်ထီးကော်က ကမ္ဘာ့ငြိမ်းချမ်းရေးနေ့၌ ကရင်အမျိုးသားအစည်းအရုံးမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားတင်ပြသည်။

အဆိုပါဖိုရမ်တွင် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု၏ ဖြစ်စဉ်အပေါ်အမြင် သဘောထား၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အတွေ့အကြုံ၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဖြစ်စဉ်၏ ဒေသအလိုက် ကွက်လပ်များနှင့် လူငယ်တို့၏ အခန်းကဏ္ဍ၊ ပါဝင်ပံ့ပိုးခြင်းနှင့်ပတ်သက်၍ ပညာရှင်များ ရှုထောင့်၊ လူငယ်အမှန်တကယ်လုပ်ဆောင်နိုင်သော အခန်းကဏ္ဍများ၊ လုပ်ဆောင်နိုင်သည့် နည်းလမ်းများကို ဖော်ထုတ်ခြင်းနှင့် ဦးစားပေးလုပ်ဆောင်ရမည့်လုပ်ငန်းများစသည့်အကြောင်းအရာများကို ဆွေးနွေးကြမည်ဖြစ်သည်။

ထိုဖိုရမ်ကို ၃ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နိုင်ငံသားသွေးနှောမျိုးများအတွက် တင်ပြသည့်အထောက်အထားများနှင့် မိဘနှစ်ပါးရရှိထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဥပဒေနှင့်အညီ မှန်ကန်စွာ ထုတ်ပေးထားခြင်း ရှိ/မရှိ စိစစ်ပြီးမှသာ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်မည်ဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၁**

ဥပဒေအရ နိုင်ငံသားသွေးနှောများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လျှောက်ထားသူများပြားသဖြင့် လုပ်ငန်းဆောင်ရွက်မှုကြန့်ကြာခြင်းများကို ဖြေရှင်းပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိဘများ နိုင်ငံသားဖြစ်မှုကို ယခုအချိန်ကာလတွင်မှန်ကန်မှုရှိ/မရှိ ပြန်လည်စိစစ်ဆောင်ရွက်ခြင်းဖြင့် နောက်ပိုင်းကာလလျှောက်ထားမှုများနှင့်ပတ်သက်၍ ယင်းကတ်ပြားများကို ထပ်မံစိစစ်ရန်မလိုဘဲ နိုင်ငံသားဖြစ်ကြောင်း ခိုင်မာစေမည်ဖြစ်ပြီး နောက်ပိုင်းလျှောက်ထားဆောင်ရွက်မှုများတွင် မိဘများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတင်ပြလျှောက်ထားသည်နှင့် မြန်ဆန်စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရှင်းလင်းပြောကြားသည်။

ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်မောင်၏ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေအရ မှတ်ပုံတင်ပြုလုပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ နိုင်ငံသားမှတ်ပုံတင်ထုတ်ပေးရာ၌ သွေးနှောပြန်လည်စိစစ်ရန် ညွှန်ကြားထားခြင်း ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ(၃)နှင့် ပုဒ်မ (၅)တို့တွင် တိုင်းရင်းသားများသည် မွေးရာပါနိုင်ငံသားများဖြစ်ကြသည်ဟု ဖော်ပြထားပါကြောင်း၊ ပုဒ်မ (၆) တွင် ဤဥပဒေအာဏာတည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည်။ သို့ရာတွင် ပုဒ်မ (၁၈)ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းလျှင် ယင်းပုဒ်မအရ အရေးယူခြင်းခံရမည်ဟု ဖော်ပြထားပါကြောင်း၊ ပုဒ်မ(၆)ပါ



ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး

နိုင်ငံသားဖြစ်ပြီးသူဆိုသည့်စကားရပ်သည် မြန်မာနိုင်ငံသားဥပဒေ မပေါ်မီ ယခင်နိုင်ငံသား ဥပဒေများအရ နိုင်ငံသားဖြစ်ခဲ့ သူများကို ယခုမြန်မာနိုင်ငံသားဥပဒေက နိုင်ငံသားအဖြစ် ဆက်လက်သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသူများမှာ ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားအဖြစ် (ရွေးချယ်ရေး) အက်ဥပဒေနှင့် ၁၉၄၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေပါပြဋ္ဌာန်းချက်များအရ နိုင်ငံသားအဖြစ် ရရှိလာသူများဖြစ်ပါကြောင်း၊ ထိုသူများမှ မြန်မာနိုင်ငံသားဥပဒေ အတည်ပြုပြီးနောက်ပိုင်း မွေးဖွားသည့်သားသမီးများသည် မြန်မာနိုင်ငံသားဥပဒေပုဒ်မ(၇)အရ နိုင်ငံသားများ ဖြစ်ကြပါကြောင်း။

နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ရာတွင် ဥပဒေအရ နိုင်ငံသားသွေးနှောများအတွက် တင်ပြသည့်အထောက်အထားများ မှန်ကန်မှု ရှိ /မရှိနှင့် မိဘနှစ်ပါး ရရှိထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားသည် ဥပဒေနှင့်အညီ မှန်ကန်စွာ ထုတ်ပေးထားခြင်း ရှိ/မရှိ အထောက်အထားများကို စိစစ်ပြီးမှသာ ထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဥပဒေအရ နိုင်ငံသားသွေးနှော



ဒေါက်တာ
ဦးခင်မောင်မောင်
ဒဂုံမြို့သစ်
(မြောက်ပိုင်း)
မဲဆန္ဒနယ်

သူများ၏ နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားမှုများတွင် ၎င်းတို့တင်ပြရမည့် အထောက်အထားစုံလင်မှုနှင့် ရုံးမှတ်တမ်းများ တိုက်ဆိုင်စိစစ်နိုင်မှုအပေါ်မူတည်ခြင်းနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးမှ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများသို့ တစ်မူချင်းအလိုက် အထောက်အထားများဖြင့် တင်ပြရခြင်းတို့ကြောင့် ထိုက်သင့်သည့်အချိန် ကြာမြင့်နိုင်ကြောင်းကို ပြည်သူလူထုထံ အသိပေးကြေညာထားပြီးဖြစ်ပါကြောင်း။

လုပ်ငန်းဆောင်ရွက်မှုအတွက် သတ်မှတ်အခငွေသာ ပေးသွင်းရန် ရုံးများတွင်ကြေညာထားပြီး လုပ်ငန်းကိစ္စဆောင်ရွက်မှုနှင့်ပတ်သက်၍ အဆင်မပြေမှု၊ အခက်အခဲရှိမှုများနှင့် ငွေကြေးလာဘ်လာဘ တောင်းခံမှုများရှိပါက စာဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း တိကျစွာတိုင်ကြားနိုင်ပြီး မှန်ကန်ပါက တာဝန်ရှိဝန်ထမ်းများကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးမည့် သစ္စာစီမံချက်ကာလအတွင်း ကျန်ရှိနေသေးသော အိမ်ထောင်စုများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုး အမြန်ဆုံးထုတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ ဒုတိယအကြိမ် တင်ပြလာသည့် အိမ်ထောင်စု ၇၀၉၄ စုနှင့်ပတ်သက်၍ မူလလိပ်စာပြည့်စုံမှု မရှိသည့် အိမ်ထောင်စု ၁၀၄၀ စုကို လိပ်စာပြည့်စုံစွာ ဖော်ပြနိုင်ရေးအတွက်လည်းကောင်း၊ မိမိမြို့နယ်အတွင်း အခြားရပ်ကွက်များတွင် အိမ်ထောင်စုစာရင်းရှိပြီး အိမ်ထောင်ဦးစီးကိုယ်တိုင် (သို့မဟုတ်) အိမ်ထောင်စုဝင်တစ်ဦးဦးမှ ရုံးသို့လာရောက်လျှောက်ထား၍ ပြောင်းရွှေ့ရမည့် မြို့နယ်အတွင်းပြောင်း အိမ်ထောင်စု ၁၄၅၀ စုကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ အမှုတွဲများ ပြန်လည်ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် အိမ်ထောင်စု ၄၆၀၄ စုကို စိစစ်ပြန်ကြားရန် မူလနေထိုင်ရာဒေသအသီးသီးရှိ မြို့နယ်ဦးစီးမှူးရုံးများသို့ စာတိုက်၊ ဖက်စ်ဖုန်းများဖြင့် အကြောင်းကြားစာများ ပေးပို့ခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များ၏ စိစစ်အတည်ပြု ပြန်ကြားချက်များ ရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းများကို ဆက်လက်ဆောင်ရွက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း။

ရွှေ့ပြောင်းနေထိုင်သူများကို မူလနေထိုင်ခဲ့သည့်ဒေသသို့ သွားရန်မလိုဘဲ ရောက်ရှိနေထိုင်ရာအရပ်တွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် ရက် (၁၀၀)စီမံချက်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်း အရေးအတွက်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအရေအတွက် ဖောင်းပွခြင်းမဖြစ်စေရန်နှင့် မှန်ကန်မှုရှိစေရေးတို့အတွက် အခြေခံလုပ်ငန်းစဉ် စံနှုန်းများသတ်မှတ်၍

*စာမျက်နှာ ၁၁ သို့*

# ၂၃၀ ကေဗွီ ကလေး-တမူးဓာတ်အားလိုင်း မိုင် ၉၀ နှင့် ဓာတ်အားခွဲရုံစီမံကိန်းများ ထပ်မံတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

တမူးမြို့သို့ မဟာဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး ဓာတ်အားလိုင်းမှတစ်ဆင့် ၂၃၀ ကေဗွီ ကလေး-တမူးဓာတ်အားလိုင်း မိုင် ၉၀ နှင့် ဓာတ်အားခွဲရုံစီမံကိန်းများ ထပ်မံတည်ဆောက်နိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဖြေကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **"စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့သို့ မဟာဓာတ်အားလိုင်းသွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **"ချင်းပြည်နယ် မင်းတပ်မြို့မှတစ်ဆင့် မတူပီမြို့နှင့် ရေဇွာမြို့များသို့ မဟာဓာတ်အားလိုင်းသွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် လိုင်လင်းပီမြို့တွင် ဒီဇယ်စက်ဖြင့် လျှပ်စစ်မီးပေးရန် သို့မဟုတ် အလတ်စား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း"** နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ချင်းပြည်နယ် မင်းတပ်မြို့သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် ပေါက်-မင်းတပ် ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် Turnkey စနစ်ဖြင့် တင်ဒါခေါ်ဆိုပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ပါကြောင်း။

လက်ရှိကာလတွင် ၆၆ ကေဗွီ ပေါက်-မင်းတပ် ဓာတ်အားလိုင်းမှတစ်ဆင့် ၆၆ ကေဗွီ မင်းတပ်-မတူပီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် Turnkey စနစ်ဖြင့် Aung Myint Mo ကုမ္ပဏီလီမိတက်သို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေဇွာမြို့သို့ မဟာဓာတ်အားလိုင်းမှ ၆၆ ကေဗွီစနစ်ဖြင့် ဓာတ်အားလိုင်းတည်ဆောက်ပေးရေးကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ရမည့်ပမာဏနှင့် ဒေသ၏ဓာတ်အားသုံးစွဲမှုနှုန်းကို လေ့လာသုံးသပ်ကာ သင့်လျော်သောအချိန်တွင် ဘတ်ဂျက်လျာထားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် လိုင်လင်းပီမြို့အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် အဆိုပါမြို့တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံး တိုးချဲ့ဖွင့်လှစ်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင်



ဒေါက်တာထွန်းနိုင်
ဒုတိယဝန်ကြီး

လိုင်လင်းပီမြို့ရှိ အိမ်ခြေ ၅၂၃ အိမ်ကို ပိုမိုဓာတ်အား ရရှိသုံးစွဲနိုင်ရန်အတွက် ၂၅၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် တစ်ရက်လျှင် မီးပေးချိန် နှစ်နာရီနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂ ဒသမ ၇၅ မိုင် အသစ်တည်ဆောက်ပေးနိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့၏ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးနိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၏ **"မြန်မာနိုင်ငံအတွင်း မီးလင်းရေးကော်မတီများဖြင့် လျှပ်စစ်မီးလင်းနေသောကျေးရွာများတွင် အိမ်တိုင်းစေ့ မီးလင်းခွင့်ရရှိရန် အစိုးရမှ ကူညီဆောင်ရွက်ပေးရန်အစီ အစဉ် ရှိ/မရှိ၊ ကော်မတီသုံးငွေစာရင်းနှင့်ပတ်သက်၍ မပြေလည်မှုများဖြစ်ပေါ်ပါက အစိုးရမှ တာဝန်ယူ ကူညီဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် လုပ်ငန်းပြီးမြောက်သည့်အခါ နိုင်ငံတော်မှ တာဝန်ယူလက်ခံပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မီးလင်းရေးကော်မတီများက ၎င်းတို့၏ကျေးရွာများ ဓာတ်အားရရှိစေရန်အတွက် လိုအပ်သောဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တည်ဆောက်တပ်ဆင်နိုင်ရန် ကျေးရွာအတွင်း ငွေကြေးစုဆောင်းပြီး ကိုယ်ထူကိုယ်ထ မီးလင်းရေး ဆောင်ရွက်ကြခြင်းဖြစ်ပါကြောင်း၊ ကျေးရွာရှိ ပြည်သူလူထုထံမှ ငွေကြေးစုဆောင်း၍ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည့်အတွက် မီးလင်းရေးကော်မတီက ငွေကြေးထည့်ဝင်သူများကို မီတာတပ်ဆင်ရန်အတွက် ထောက်ခံပေးလျက်ရှိပြီး ဝန်ကြီးဌာနမှ ထောက်ခံချက်ရရှိသူများကိုသာ မီတာတပ်ဆင်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ကျေးရွာအတွင်း မီးလင်းရေးကော်မတီဖွဲ့၍ ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓာတ်အားရယူနိုင်ရန်ဆောင်ရွက်ရာတွင် အဖွဲ့အစည်းခိုင်မာမှုမရှိခြင်း၊ ငွေကြေးကိစ္စများရှုပ်ထွေးခြင်း၊ တည်ဆောက်မှုစနစ်အားနည်းခြင်းများကို တွေ့ရှိရသည့်အတွက် ဝန်ကြီးဌာနမှ ကျေးရွာ



ဦးမောင်မောင်လတ်
စစ်ကိုင်းတိုင်းဒေသကြီး
မဲဆန္ဒနယ် အမှတ်(၉)

မီးလင်းရေးကော်မတီများ လိုက်နာရမည့် အချက် ၁၂ ချက်ကို သတ်မှတ်ပေးခဲ့ပါကြောင်း။

ထို့ကြောင့် ကိုယ်ထူကိုယ်ထ လျှပ်စစ်ဓာတ်အားရယူနိုင်ရန် ဆောင်ရွက်သောကျေးရွာများ၌ ကော်မတီသုံးငွေစာရင်းနှင့်ပတ်သက်၍ မပြေလည်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ဥပဒေရေးရာအရ ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး ဌာနမှဝန်ထမ်းများ ပါဝင်ပတ်သက်မှုများရှိပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

မီးလင်းရေးကော်မတီက လုပ်ငန်းပြီးမြောက်သည့်အခါ နိုင်ငံတော်သို့အပ်နှံလိုခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် လတ်တလောအခြေအနေများအရ လက်ခံဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း"** အား လွှတ်တော်သို့ အသိပေးတင်ပြပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော **"အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သည့် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ယင်းဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် ဥပဒေကြမ်းကော်မတီ၏တင်ပြချက်အတိုင်း အတည်ပြုခဲ့သည်။

**"၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်းက စာစစ်အဖွဲ့ဥပဒေကို ခြုံငုံလေ့လာကြည့်သည့်အခါ မသမာသောနည်းလမ်းနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် အရေးယူမှုများကို အလေးထားပြဋ္ဌာန်းထားသည်ကို တွေ့ရ

*စာမျက်နှာ ၁၁ သို့*

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွား တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြညီညီ" အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# ခေတ်စနစ်အပြိုင် ကုန်သွယ်မှုလျင်မြန်စေမည့် မြန်မာ့အကောက်ခွန်ရဲ့အွန်လိုင်းစနစ်လားရာ . . .

သတင်းဆောင်းပါး
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ - မင်းထက်

**နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့် အခန်းကဏ္ဍများတွင် အခွန်အကောက်သည် အထူးအရေးပါသော အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေသည်။အခွန်အကောက်သည် တိုင်းပြည်တစ်ပြည်၏ အရေးကြီးကဏ္ဍမှ ပါဝင်နေသည်မှာ ယနေ့ခေတ်ကာလမှမဟုတ်။ ရှေးယခင် ခေတ်အဆက်ဆက်ကပင်ဖြစ်သည်။ ရှေးယခင်ခေတ်အဆက်ဆက်ဆိုရာမှာ နှစ်ပေါင်းရှည်ကြာလှပြီဖြစ်သည့် ဘုရင်မင်းများလက်ထက်ကပင် အခွန်အကောက်ကို ဆယ်ခိုင်တစ်ခိုင်၊ ဆယ်သီး တစ်သီး၊ ဆယ်နံ့တစ်နံ့ စနစ်ဖြင့် ကောက်ခံခဲ့သည်။ ကောက်ခံရာမှာလည်း တိုက်ရိုက်ခွန်နှင့် သွယ်ဝိုက်ခွန်ဟူ၍ နှစ်မျိုးနှစ်စား ရှိရာမှ မြန်မာ့အကောက်ခွန်သည် ထုတ်ကုန်များနှင့် သွင်းကုန်များအပေါ် ကောက်ခံသည့် သွယ်ဝိုက်ခွန်တစ်မျိုးဖြစ်သည်။ ထိုခေတ်ကာလ အခွန်ကောက်ခံရာမှာ ဈေးခွန်၊ တွင်းထွက်ခွန်၊ ကူးတို့ခွန်၊ ကင်းခွန်၊ သစ်တောခွန်၊ ထုတ်ကုန်ခွန်နှင့် ဝင်ကုန်ခွန်ဟူ၍ အမည်နာမများပေးကာ ပုံစံအမျိုးမျိုးဖြင့် ကောက်ခံခဲ့သည်။ နောက်ပိုင်း ၁၈၅၂ ခုနှစ်တွင် မြန်မာနိုင်ငံအောက်ပိုင်းကို တိုင်းတစ်ပါးသိမ်းပိုက်ခဲ့စဉ်မှစကာ တံဆိပ်ခေါင်းခွန်၊ လူခွန်၊ မြေခွန်၊ တွင်းထွက်ခွန်၊ အမြတ်ခွန်၊ ယစ်မျိုးခွန်နှင့် ဆိပ်ကမ်းနယ်ခြားခွန်တို့ကို တိုးချဲ့ကာကောက်ခံခဲ့ကြောင်း နှစ်ပေါင်း ၁၀၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည့် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ရုံးချုပ် မှတ်တမ်းများအရ သိရသည်။**

### အွန်လိုင်းနည်းပညာသစ်

ယခုအခါ ကမ္ဘာ့နိုင်ငံအများစုတွင် ခေတ်စနစ်အရ ပြောင်းလဲလာမှုတို့နှင့်အတူ နိုင်ငံတကာကုန်သွယ်မှု လုပ်ငန်းများ အရှိန်အဟုန်မြင့် တိုးတက်လာသည်မှာ မျက်ဝါးထင်ထင်တွေ့မြင်နေရပြီဖြစ်သည်။ သို့ထက်ငါ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်သွယ်မှု လျင်မြန်တိုးတက်စေရန် နိုင်ငံတကာစံနှုန်းများနှင့်အညီ လုပ်ထုံးလုပ်နည်းများ၊ အကောက်ခွန်ပိုင်းဆိုင်ရာ နည်းပညာများကို ထိုးထွင်းကြံဆလုပ်ကိုင်လာကြသည်။ မြန်မာနိုင်ငံသည်လည်း ယင်းသို့နည်းတူ စီးပွားရေးကဏ္ဍများ ပြုပြင်ပြောင်းလဲရာတွင် နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းများ တစ်ဟုန်ထိုး မြင့်မားလာစေရန် လက်ရှိအကောက်ခွန်ဆိုင်ရာကုန်ပစ္စည်းများ ရှင်းလင်းထုတ်ယူမှုလုပ်ငန်းစဉ်များကို နိုင်ငံတကာနည်းတူ ပြုပြင်ပြောင်းလဲရန် မဖြစ်မနေလိုအပ်နေသည်မှာ အမှန်ပင်ဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံအနေဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက ကျင့်သုံးလာခဲ့သောအကောက်ခွန်ဆိုင်ရာ Manual (လူ့စွမ်းအား) ဖြင့် လုပ်ဆောင်နေခြင်းများကို ခေတ်စနစ်အရ ပြောင်းလဲရတော့မည်ဖြစ်သည်။ မဖြစ်မနေပြောင်းလဲရန် လည်း လိုအပ်လာသည်။ Manual ဖြင့် ဆောင်ရွက်နေခြင်းကြောင့် လုပ်ငန်းပိုင်းဆိုင်ရာ အချိန်ကြန့်ကြာခြင်း၊ ကုန်ကျစရိတ်ကြီးလေးခြင်း၊ ကုန်သွယ်မှုကိန်းဂဏန်းပြုစုရာတွင် အခက်အခဲရှိခြင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးကို အဟန့်အတားဖြစ်ပေါ်စေခြင်း၊ ဝန်ထမ်းနှင့်ပြည်သူ တိုက်ရိုက်ထိတွေ့ဆောင်ရွက်ရမှုများပြားခြင်းကြောင့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်ခြင်း စသည့် မလိုလားအပ်သော ပြဿနာများနှင့် အားနည်းချက်စိန်ခေါ်မှုတချို့တို့ကို ရင်ဆိုင်နေရသည်။ သို့မို့ကြောင့် ယင်းပြဿနာများနှင့် အားနည်းချက်စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ များမကြာမီတွင် ဂျပန်နိုင်ငံအကူအညီဖြင့် နိုင်ငံတကာအကောက်ခွန်ကဲ့သို့ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေမည့် မြန်မာ့အကောက်ခွန်အွန်လိုင်းနည်းပညာသစ်ကြီး ခေတ်စနစ်အပြိုင် ပေါ်ထွက်လာတော့မည်ဖြစ်သည်။

### စတင်အကောင်အထည်ဖော်

ယခုပေါ်ထွက်လာမည့် မြန်မာ့အကောက်ခွန် အွန်လိုင်းနည်းပညာသစ်သည် ဂျပန်နိုင်ငံတွင် လက်ရှိကျင့်သုံးပြီး အောင်မြင်နေသော NACCS (Nippon Automated Cargo and Port Consolidated System)နှင့် CIS (Customs Intelligence System) တို့ကို အခြေခံထားသည့် စနစ်များဖြစ်သည်။ ခေတ်စနစ်အပြိုင်ပေါ်ထွက်လာမည့် မြန်မာ့အကောက်ခွန်အွန်လိုင်းနည်းစနစ်သစ်များမှာ မြန်မာအလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် MACCS (Myanmar Automated Cargo Clearance System) နှင့် မြန်မာ့အကောက်ခွန် သတင်းအချက်အလက်စနစ် MCIS ( Myanmar Customs Intelligence System) တို့ဖြစ်သည်။ ယင်းစနစ်နှစ်မျိုးစလုံးကို မြန်မာ့အကောက်ခွန်ဦးစီးဌာနအနေဖြင့် လာမည့်နိုဝင်ဘာလတွင် စတင်ကျင့်သုံးဆောင်ရွက်တော့မည်ဖြစ်သည်။ အဆိုပါ ခေတ်မီအကောက်ခွန်အွန်လိုင်းစနစ်ကို နည်းပညာသာမက ငွေကြေးထောက်ပံ့မှုပါ ကူညီပေးခဲ့သောဂျပန်နိုင်ငံနှင့် ပူးပေါင်းကာ ၂၀၁၃ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ လတ်တလော Running Test (RT) ကိုပင် ယခုနှစ် ဩဂုတ်လဆန်းပိုင်းမှ စတင်ကာ ဆောင်ရွက်နေပြီဖြစ်သည်။



ဦးကျော်ထင်(ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန)

### အင်မတန်မှ အရေးကြီး

များမကြာမီတွင် ခေတ်စနစ်နှင့်အပြိုင် ပြုပြင်ပြောင်းလဲကာ ပေါ်ထွက်လာတော့မည့် မြန်မာ့အကောက်ခွန် အွန်လိုင်းစနစ်သစ်နှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်က "ဒီ Maccs System နဲ့ပတ်သက်လို့ကတော့ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးဖို့အတွက် အထောက်အကူပြုမှာဖြစ်လို့ အလွန်ပဲအရေးကြီးပါတယ်။ ဒီစနစ်ဟာ အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းစဉ်တွေ မြန်ဆန်ပြီးတော့ လျင်မြန်ချောမွေ့လာမယ်ဆိုရင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်တွေအနေနဲ့လည်း လုပ်ငန်းစဉ်တွေ လျင်မြန်လာမယ်၊ ချောမွေ့လာမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေးကဏ္ဍအများကြီး ဖွံ့ဖြိုးတိုးတက်လာမယ်။ ဒါကြောင့် Maccs System အောင်မြင်ဖို့အတွက်က ကျွန်တော်တို့ နိုင်ငံစီးပွားရေးအတွက် အင်မတန်မှ အရေးကြီးပါတယ်"ဟု ပြောကြားသည်။

### ယန်းသန်းပေါင်း ၃၉၉၀ ကူညီထောက်ပံ့

မြန်မာနိုင်ငံအနေဖြင့် ယခုစတင်အကောင်အထည်ဖော်ကျင့်သုံးမည့် မြန်မာအလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ် MACCS (Myanmar Automated Cargo Clearance System) နှင့် မြန်မာ့အကောက်ခွန် သတင်းအချက်အလက်စနစ် MCIS ( Myanmar Customs Intelligence System) တို့သည် ဂျပန်နိုင်ငံတွင် နှစ်ပေါင်းရှည်ကြာအောင်မြင်စွာကျင့်သုံးနေသောစနစ်ကောင်းများအပေါ် အခြေခံထားခြင်းဖြစ်သည်။ ယင်းစနစ်များကိုအကောင်အထည်ဖော်ရန် မြန်မာ့အကောက်ခွန်ဦးစီးဌာနအနေဖြင့် နိုင်ငံတကာမှ တင်သွင်းလာသောအဆိုပြုချက်များထဲမှ ဂျပန်နိုင်ငံ၌ လက်ရှိကျင့်သုံးနေပြီး ခိုင်မာမှုရှိသည့် အဆိုပါစနစ်များကို ဘက်ပေါင်းစုံမှလေ့လာစူးစမ်းသေချာစိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယင်းစနစ်များကို ဂျပန်နိုင်ငံအစိုးရဘဏ္ဍာရေးအကူအညီ (Grant Aid) နှင့် ဂျပန်အကောက်ခွန်တို့၏ နည်းပညာကူညီဆောင်ရွက်မှုဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံသည် ယင်းလုပ်ငန်းစဉ်များအတွက် ငွေကြေးအထောက်အပံ့အနေဖြင့် ဂျပန်ယန်းငွေသန်းပေါင်း ၃၉၉၀ ကူညီထောက်ပံ့ပေးခဲ့ပြီး နည်းပညာပိုင်းဆိုင်ရာတွင်လည်း ကာလရှည်နှင့် ကာလတိုဟူ၍ ခွဲခြားကာ စဉ်ဆက်မပြတ် ကူညီပေးလျက်ရှိသည်။



လက်ရှိ မြန်မာ့အကောက်ခွန်ရုံးချုပ်၌ **Manual** စနစ်ဖြင့် ဝန်ဆောင်မှုပေးနေစဉ်

### နည်းစနစ်ပိုင်းဆိုင်ရာရင်ပေါင်တန်း

မြန်မာ့အကောက်ခွန်ဦးစီးဌာနသည် ရှင်းလင်းလွယ်ကူသည့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး၊ရသင့်ရထိုက်သည့် အခွန်အခများ ပြည့်ပြည့်ဝဝရရှိရေး၊ နိုင်ငံ့သွင်းကုန်၊ ထုတ်ကုန်အားလုံးကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ယင်းနှင့်တစ်ပြိုင်တည်း တရားမဝင်အတုအပများကိုလည်း စိစစ်အရေးယူမှုများပြုလုပ်ကာ အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ ကုန်သွယ်မှု လျင်မြန်မှန်ကန်ချောမွေ့စေရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတကာအကောက်ခွန်ဌာနများ နည်းတူ နည်းစနစ်ပိုင်းဆိုင်ရာ ရင်ပေါင်တန်းနိုင်ရန် အထူးလိုအပ်လာပြီဖြစ်သည်။

### အောင်အောင်မြင်မြင် ပေါ်ထွက်

ခေတ်စနစ်နှင့်အညီ ပြောင်းလဲအကောင်အထည်ဖော်မည့် အဆိုပါအွန်လိုင်းစနစ်နှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာန MACCS ဌာနခွဲ ပရောဂျက်တာဝန်ခံ ဦးဝင်းသန့်(ညွှန်ကြားရေးမှူး)က "အခုကျင့်သုံးမယ့် စနစ်နှစ်ခုမှာ တကယ်တမ်းပြောရရင် MACCS စနစ်ဆိုတာက အကောက်ခွန် အပါအဝင် ပုဂ္ဂလိကကဏ္ဍတွေရော အခြားအစိုးရဌာန (OGAs-Other Government Agencies)တွေပါ အားလုံးသုံးစွဲလို့ရတဲ့စနစ်ဖြစ်ပါတယ်။ MCIS ဆိုတာကတော့ မြန်မာ့အကောက်ခွန်ဌာနတစ်ခုတည်းကပဲ သုံးစွဲလို့ရတဲ့စနစ်တစ်ခုပါ။ ဒါပေမယ့် စနစ်တစ်ခုနဲ့တစ်ခုက ချိတ်ဆက်နေတာဖြစ်တယ်။ ချိတ်ဆက်ပြီးတော့ အောင်အောင်မြင်မြင်နဲ့ လည်ပတ်သွားရမှာဖြစ်ပါတယ်။ ဒီစနစ်က အကောက်ခွန်ဌာနတစ်ခုတည်းရပ်တည်လို့ရတဲ့စနစ် မဟုတ်ဘူး။ အဖွဲ့ပေါင်းစုံဖြစ်တဲ့ အခြားအစိုးရဌာနဆိုင်ရာတွေ၊ သင်္ဘောလိုင်း / လေကြောင်းလိုင်းတွေ၊ နိုင်ငံတကာကုန်သွယ်မှုနဲ့ ဆက်စပ်နေတဲ့ ဆိပ်ကမ်းတွေ၊ ကုန်လှောင်ရုံတွေ၊ Customs Broker၊ Freight Forwarder စတဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ တင်သွင်း / တင်ပို့လုပ်ငန်းများဆောင်ရွက်နေတဲ့ကုမ္ပဏီတွေအားလုံး ပူးပေါင်းပါဝင်ရမှာဖြစ်တယ်။ အားလုံးက တက်ညီလက်ညီဆောင်ရွက်မှ ဒီစနစ်က အောင်မြင်မယ့် လုပ်ငန်းတစ်ခုပါ။ သုံးစွဲတဲ့အခါမှာလည်း စနစ်တကျသုံးစွဲနိုင်ဖို့အတွက် အားလုံးနဲ့ညှိနှိုင်းရတယ်။ ညှိနှိုင်းတယ်ဆိုတာ ကျွန်တော်တို့ရဲ့ဒီစနစ်သဘောတရားတွေကိုနားလည်အောင် ရှင်းပြရတယ်။ ပူးပေါင်းဆောင်ရွက်လာအောင်ဖိတ်ခေါ်ရတယ်။ ဒါတွေအများကြီးလုပ်ခဲ့ရတာ။ ဒါတွေကစိန်ခေါ်မှုတွေအနေနဲ့ လုပ်ခဲ့ရတဲ့လုပ်ငန်းစဉ်တွေပါ။ ခုတော့ အားလုံးကပူးပေါင်းပြီး တကယ်ကို တက်ညီလက်ညီနဲ့ ပံ့ပိုးပေးခဲ့တဲ့အတွက်မကြာခင် ဒီစနစ်ဟာ အောင်အောင်မြင်မြင်ပေါ်ထွက်လာတော့မယ့် အခြေအနေရောက်ရှိနေပါပြီ။ ဒီစနစ်ရဲ့တိုးတက်အောင်မြင်မှုကတော့ အခုလက်ရှိအသုံးပြုနေတဲ့ Manual လုပ်ငန်းထက် အချိန်အများကြီးလျှော့ချနိုင်မယ်၊ ကုန်ပစ္စည်းတွေ ဈေးကွက်ထဲကိုအချိန်မီရောက်ရှိလာမယ်။

*စာမျက်နှာ ၉ သို့*



မြန်မာ့အကောက်ခွန်အွန်လိုင်းစနစ် **User Registration Section** ကိုတွေ့ရစဉ်

# ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြညီညီ



**ယခုကျင့်သုံးမည့် မြန်မာ့အကောက်ခွန်မှ MACCS အွန်လိုင်းစနစ်သည် သွင်းကုန်၊ ထုတ်ကုန်ဆောင်ရွက်သည့် လုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်းများကို လျင်မြန်ချောမွေ့စွာ တင်သွင်း/တင်ပို့နိုင်မည်ဖြစ်သည်။ အခွန်ကောက်ခံသည့်အခါတွင်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ကောက်ခံမှုများ ပြုလုပ်သွားနိုင်မည်ဖြစ်ပြီး ပြည့်ပြည့်ဝဝ အခွန်ကောက်ခံနိုင်မည်ဖြစ်ကာ ကုန်သွယ်မှုစာရင်းဇယားများသည်လည်း ယခင်ထက်မှန်ကန်တိကျလာမည်ဖြစ်သည်။**



အေးရှားဝေါလ်ဆိပ်ကမ်း၌ အကောက်ခွန်ဆိုင်ရာလုပ်ငန်းဆောင်ရွက်နေစဉ်

*စာမျက်နှာ ၈ မှ*

နောက်တစ်ခုကတော့ System သုံးတဲ့အတွက် တကယ်ကို ရိုးရှင်းလွယ်ကူတဲ့ အနေအထားမျိုးတွေ ဖြစ်လာပါမယ်”ဟု အသစ်ပေါ်ထွက်လာမည့် မြန်မာ့အကောက်ခွန် အွန်လိုင်းစနစ်နှင့်ပတ်သက်၍ အသေးစိတ်ရှင်းပြသည်။

**ဆိပ်ကမ်းနေရာများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်**

ယခုကျင့်သုံးမည့် မြန်မာ့အကောက်ခွန်မှ MACCS အွန်လိုင်းစနစ်သည် သွင်းကုန်၊ ထုတ်ကုန်ဆောင်ရွက်သည့် လုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်းများကို လျင်မြန်ချောမွေ့စွာ တင်သွင်း/တင်ပို့နိုင်မည်ဖြစ်သည်။ အခွန်ကောက်ခံသည့်အခါတွင်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ကောက်ခံမှုများ ပြုလုပ်သွားနိုင်မည်ဖြစ်ပြီး ပြည့်ပြည့်ဝဝ အခွန်ကောက်ခံနိုင်မည်ဖြစ်ကာ ကုန်သွယ်မှုစာရင်းဇယားများသည်လည်း ယခင်ထက်မှန်ကန်တိကျလာမည် ဖြစ်သည်။ ဝန်ဆောင်မှုပေးသည့်အခါတွင်လည်း MACCS အွန်လိုင်းစနစ်သည် လက်ရှိကျင့်သုံးနေသော Manual စနစ်နှင့် နှိုင်းယှဉ်ပါက ကြာမြင့်ချိန်လွန်စွာခြားနားကာ အချက်အလက် ပြည့်စုံမှန်ကန်သော အကောက်ခွန်ကြေညာလွှာတစ်စောင်အတွက် သုံးစက္ကန့်အတွင်း လုပ်ငန်းများကို အပြီးဆောင်ရွက်နိုင်မည်ဖြစ်သည်။ အဆိုပါ MACCS System ကို ကနဦးဆောင်ရွက်မှုများ



လေဆိပ်ကုန်လှောင်ရုံ၌ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေစဉ်

အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတကာဆိပ်ကမ်းနေရာများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် သီလဝါအထူးစီးပွားရေးဇုန်အပါအဝင် ၁၄ နေရာတို့တွင် စတင်ကာအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ ယင်း ၁၄ နေရာတွင် ဒေတာစင်တာများ၊ Network ပိုင်းဆိုင်ရာများနှင့် ကွန်ပျူတာဝယ်ယူမှု ကုန်ကျစရိတ်များအပါအဝင် ဂျပန်နိုင်ငံအစိုးရ၏ထောက်ပံ့ငွေ ယန်းသန်းပေါင်း ၃၉၉၀ ကျော်အပါအဝင် နိုင်ငံတော်ဘတ်ဂျက်မှလည်း ငွေကျပ်သန်းပေါင်း ၅၀၀၀ ကျော်ကို စတင်အကောင်အထည်ဖော်ခဲ့သည့်အချိန်မှစ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်အထိ သုံးနှစ်တာကာလအတွင်း သုံးစွဲသွားရမည်ဖြစ်ပါသည်။

**လုံခြုံတဲ့ ဖိုက်ဘာနက်ခ်ဝဲ့ခ်**

“ဒီစနစ်ကို ဂျပန်နိုင်ငံအကောက်ခွန် NACCS စင်တာနဲ့ NTT Data Cooperation တို့မှ ပညာရှင်တွေက မြန်မာနိုင်ငံ အကောက်ခွန်လုပ်ထုံးလုပ်နည်းတွေအပြင် နိုင်ငံတကာစံနှုန်းတွေနဲ့ပါ ကိုက်ညီအောင် ပြန်လည်ရေးဆွဲပေးခဲ့တာ ဖြစ်တယ်။ System မှာက ဝန်ထမ်းတွေသုံးမယ့်ဆော့ဖ်ဝဲနဲ့ လုပ်ငန်းရှင်တွေဘက်ကသုံးတဲ့ ဆော့ဖ်ဝဲဆိုပြီးတော့ နှစ်မျိုးရှိတယ်။ လုပ်ငန်းရှင်တွေဘက်ကို အွန်လိုင်းစနစ်နဲ့ အင်တာနက်အသုံးပြုပြီးတော့ မြန်မာအကောက်ခွန်ဘက်က ဝန်ထမ်းတွေအသုံးပြုဖို့ကတော့ WAN (Wide Area Network) တစ်ခုတည်ဆောက်ပြီး အဲဒီအပေါ်မှာ ဒီဆော့ဖ်ဝဲကိုအသုံးပြုသွားမှာဖြစ်ပါတယ်။ အဲဒီ WAN ဆွဲတဲ့အခါမှာ ဖိုက်ဘာကေဘယ်လ်တွေကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ ဆိပ်ကမ်းတွေဆိုရင် ထီးတန်း၊ အေးရှားဝေါလ်၊ အလုံအင်တာနေရှင်နယ် MIP၊ ဆူးလေ၊ ဗိုလ်အောင်ကျော်၊ ICD 2 ၊ သီလဝါဘက်မှာဆိုရင် MIPL ၊ MITT ဆိပ်ကမ်းနဲ့ သီလဝါအထူးစီးပွားရေးဇုန် အဲဒီနေရာတွေ၊ ပြီးတော့အကောက်ခွန်ရုံးချုပ် Data Center စုစုပေါင်း ၁၄ နေရာကို ချိတ်ထားပြီးတော့ လုံးဝလုံခြုံတဲ့ ဖိုက်ဘာနက်ခ်ဝဲ့ခ်တစ်ခုကိုတည်ဆောက်ထားပါတယ်”ဟု MACCS အိုင်တီဌာနတွင် တာဝန်ယူနေသည့် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေက ပြောသည်။

**ကောက်ခံသွားမည့် အခွန်အမျိုးအစား ၁၀ မျိုး**

ယခုအခါ အကောက်ခွန်ဦးစီးဌာနအနေဖြင့် MACCS System အတွက် LAN နှင့် WAN တို့ကို တပ်ဆင်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် LAN အပိုင်း တပ်ဆင်မှု၌ ၁၄ ခုတပ်ဆင်ပြီးစီးခဲ့ပြီဖြစ်ကာ WAN အပိုင်း တပ်ဆင်မှုတွင် အသစ်ဆောက်လုပ်နေဆဲဖြစ်သော လေဆိပ်ကုန်လှောင်ရုံနေရာမှအပ ကျန် ၁၃ နေရာတွင် တပ်ဆင်ဆောင်ရွက်ထားပြီးဖြစ်သည်။ MACCS စနစ်သည် National Single Window (NSW) အကောင်အထည်ဖော် ဆောင်ရွက်မှုကိုပါ အထောက်အကူပြုနိုင်သည့်စနစ်တစ်ခု ဖြစ်သောကြောင့် အခြားအစိုးရဌာနအဖွဲ့အစည်းများ (OGAs) နှင့်ပါ ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ရာ ပထမအဆင့်တွင် သွင်းကုန် ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းစဉ်များနှင့် ဆက်စပ်လျက်ရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOC)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (MPA)၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ အပင်ပိုးမွှားကာကွယ်ရေးဌာန (Plant Quarantine)၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်စသည့် ဌာနအဖွဲ့အစည်းအသီးသီးတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုအွန်လိုင်းစနစ်ဖြင့် ကျင့်သုံးမည့် MACCS စနစ်ဖြင့် ကောက်ခံပေးနိုင်သည့် အခွန်အမျိုးအစား ၁၀ မျိုးမှာ Customs Duty၊ Commercial Tax၊ Security Fee (For X-Ray)၊[Redemption Deposit or Post Value Revenue Deposit (RD or PVRD)]၊ Specific Goods Tax၊ Transit Duty၊ Advanced Incom Tax၊ MACCS Service Fees ၊ [Redemption Fine (RF) & Direct Penalty (DP)] နှင့် License Fee တို့ဖြစ်သည်။

**သွင်းကုန်/ပို့ကုန်ကဏ္ဍ ပိုမိုအားသာ**

“အခုလို မြန်မာ့အကောက်ခွန်အနေနဲ့ Manual ကနေ အွန်လိုင်းစနစ်ကို ပြောင်းလဲလိုက်မယ်ဆိုရင်တော့ ကောင်းပါတယ်။ ကျွန်တော်တို့အပါအဝင် လုပ်ငန်းရှင်တွေအနေနဲ့လည်း ကောင်းတဲ့လုပ်ငန်းဖြစ်လို့ အားလုံးကကြိုဆိုပါတယ်။ နိုင်ငံတကာလိုပြောင်းလဲတာဖြစ်တော့ ခေတ်စနစ်အရလည်း လူချင်းထိတွေ့ဆက်ဆံမှု နည်းသွားတာပေါ့။ အဲဒီလိုနည်းသွားတော့ အခြားမလိုလားအပ်တဲ့ ငွေကြေးလာဘ်လာဘတွေလည်းမရှိတော့ဘူး။ လုပ်ငန်းလည်း ပိုမိုလျင်မြန်လာမှာဖြစ်ပြီး နိုင်ငံတကာစံနှုန်းနဲ့အညီ အကောက်ခွန်လုပ်ငန်းတွေကို လုပ်ဆောင်နိုင်မှာဖြစ်လို့ အရင်ထက်တော့ ကုန်သွယ်မှုပိုင်းအနေနဲ့ သွင်းကုန်/ပို့ကုန်ကဏ္ဍ ပိုမိုအားသာလာမယ်လို့ မြင်ပါတယ်”ဟု မြန်မာနိုင်ငံ မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။



ခေတ်ဟောင်းအကောက်ခွန်လုပ်ငန်းဆိုင်ရာသုံးပစ္စည်းများကို တွေ့ရစဉ်

**ခေတ်စနစ်အပြိုင် ပေါ်ထွက်**

မြန်မာ့အကောက်ခွန်အနေဖြင့် ပြီးခဲ့သည့် ဘဏ္ဍာနှစ်များအတွင်း ကုန်သွယ်မှုခွန်များအဖြစ်ရရှိမှုမှာ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် မြန်မာငွေကျပ် ၂၈၃ ဘီလီယံ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၅၈ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၄၀၂ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၄၁၂ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၅၄၉ ဘီလီယံ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅၁၄ ဘီလီယံနှင့် ယခုဘဏ္ဍာနှစ်တွင်လည်း ယခင်နှစ်နည်းတူ မျှော်မှန်းထားသော်လည်း ကုန်သွယ်စီးဆင်းမှုကို အထောက်အကူ ပြုမည့် ခေတ်စနစ်အပြိုင် ပေါ်ထွက်လာတော့မည့် မြန်မာ့အကောက်ခွန်အွန်လိုင်းစနစ် (MACCS) လားရာကို စောင့်ကြည့်ရတော့မည်ဖြစ်ပါကြောင်း။



၁၉၁၅ ခုနှစ်ဝန်းကျင် အကောက်ခွန်ဦးစီးဌာနရုံးနှင့် ရန်ကုန်မြို့ရှုခင်း

## မိတ္ထီလာတွင် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၁**

မိတ္ထီလာတွင် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက တော်ဝင်နန်းခန်းမ၌ကျင်းပရာ မိတ္ထီလာ၊ ရမည်းသင်း ၊ ညောင်ဦး ၊ မြင်းခြံ၊ ကျောက်ဆည်ခရိုင်များအတွင်းရှိ မြို့နယ်အသီးသီးမှ ငြိမ်းချမ်းရေးမြတ်နိုးသူများ တက်ရောက်ကြကြောင်း သိရသည်။

ယင်းအပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ လှိုင်ကော်တက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာခင်မောင်ငွေး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်နီလာဝင်း၊ ရန်ကုန်မြို့မှ ကိုတိုးကျော်လှိုင်၊ ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ကိုဂျင်မီ ၊ မိတ္ထီလာမြို့စိုးမိုးဆေးခန်းပိုင်ရှင် ဦးဇေယျာမောင်တို့က ငြိမ်းချမ်းရေးရင်ခုန်သံစကားများ ပြောကြားသည်။ ဆက်လက်၍ တစ်ဦးချင်းငြိမ်းချမ်းခြင်းသည်မှ အားလုံးငြိမ်းချမ်းရေးဆီသို့ခေါင်းစဉ်ဖြင့် Panel Discussion ဆွေးနွေးပွဲကိုပြုလုပ်ရာ ငြိမ်းချမ်းရေးမြတ်နိုးသူများက ပါဝင်ဆွေးနွေးကြသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ယခုနှစ်အတွင်းနိုင်ငံပေါင်း ၅၀ သို့ ဒုက္ခသည် ၃၆၀၀၀၀ ဝင်ရောက်လာနိုင်ကြောင်း အိုဘားမားပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၂၁**

ယခုနှစ်တွင်စစ်ဘေးသင့်နိုင်ငံများမှ ဒုက္ခသည်ပေါင်း ၃၆၀၀၀၀တို့သည် နိုင်ငံပေါင်း ၅၀ သို့ ဝင်ရောက်လာလိမ့်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတအိုဘားမားက ကြေညာချက်ထုတ်ပြန် ခဲ့သည်။

ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဂျာမနီနှင့်ကနေဒါနိုင်ငံတို့က ပြီးခဲ့သည့်နှစ်မှစတင်ကာ ဒုက္ခသည်အရေအတွက်ကို နှစ်ဆအထိလက်ခံရန်အလေးပေး ဆွေးနွေးလျက်ရှိကြောင်း ကမ္ဘာ့ခေါင်းဆောင်များအားပြောကြားခဲ့သည်။

ကျွန်ုပ်တို့သည်ခက်ခဲကြီးမားသည့်ဒုက္ခသည်အချိုးအစားပြဿနာကိုရင်ဆိုင်နေရသည်ဟု အိုဘားမားကပြောဆိုခဲ့သည်။ ပဋိပက္ခဖြစ်ပွားမှုများနှင့် ညှဉ်းပန်းနှိပ်စက်ခံရမှုများကြောင့် ဒုက္ခသည် ၂၁ သန်းခန့်သည်နိုင်ငံစွန့်ခွာထွက်ပြေးနေကြရသည်ဟု ကုလသမဂ္ဂကပြောကြားခဲ့သည်။ နိုင်ငံအတွင်း စစ်မက်ဖြစ်ပွားမှုကြောင့် လူလေးသန်းကျော်နေရပ်စွန့်ခွာထွက်ပြေးနေရ ချိန်တွင် ဆီးရီးယား၌ခြောက်နှစ်ကြာကြာဖြစ်ပွားနေသည့် ပဋိပက္ခကြောင့်အိုးအိမ်မဲ့ထွက်ပြေးနေရသူ ကိုးသန်းရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ်ဘဏ္ဍာနှစ်အတွင်း အမေရိကန်သည်ဒုက္ခသည်အရေအတွက် ၁၁၀၀၀၀ ကိုထပ်မံလက်ခံရန် သဘောတူညီခဲ့ပြီး အောက်တိုဘာလ၌ စတင်လက်ခံမည်ဟုသိရသည်။

**(ဘီဘီစီ)**




# ဟွန်ဒူရပ်စ်၌အကျဉ်းသား ၃၇ ဦးကိုအကျဉ်းထောင်သစ်သို့ရွှေ့ပြောင်း

**ဟွန်ဒူရပ်စ် စက်တင်ဘာ ၂၁**

ဟွန်ဒူရပ်စ်၌အန္တရာယ်ကြီးသည့်ပြစ်မှုကျူးလွန်သူ အကျဉ်းသားတစ်စုကို အစိုးရ၏ လုံခြုံရေး အစီအမံတစ်ရပ်အနေဖြင့် အဆင့်မြင့်လုံခြုံရေးစနစ်ရှိသည့် အကျဉ်းထောင်သစ်သို့ စတင်ရွှေ့ပြောင်းခဲ့ကြောင်းသိရသည်။

အနောက်ပိုင်းဆန်တာဘာဘရာဒေသရှိ အကျဉ်းထောင်သစ်သို့ အန္တရာယ်ရှိသည့် အကျဉ်း သား ၃၇ ဦးကိုရဟတ်ယာဉ်ဖြင့်တင်ဆောင်သွားခဲ့သည်။

အကြမ်းဖက်ရာဇဝတ်ဂိုဏ်းများ၏လွှမ်းမိုးခြင်းခံခဲ့ရသော နိုင်ငံအတွင်းရှိ အကျဉ်းထောင်များကိုပြန်လည်ထိန်းသိမ်းကြပ်မတ်နိုင်ရန်ဟွန်ဒူရပ်စ်အစိုးရက ကြိုးပမ်းလျက်ရှိသည်။ လုံခြုံရေးအဆင့်မြှင့်တင်ထားသည့် အကျဉ်းထောင်နှစ်ခုကိုလည်း တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်သည်။

ဟွန်ဒူရပ်စ်သမ္မတ ဂျူအန်အော်လန်ဒိုဟာနန်ဒက်ဇ်က အကျဉ်းသားများအား ရွှေ့ပြောင်းရခြင်းမှာ ဒုစရိုက်ဂိုဏ်းခေါင်းဆောင်များအား ၎င်းတို့၏အဖွဲ့ဝင်များ၊ မိသားစုများနှင့် အဆက်အသွယ်ပြတ်တောက်စေရန်၊ ရာဇဝတ်မှုများကျူးလွန်ရန် စေခိုင်းခြင်းမပြုနိုင်စေရန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ဘီဘီစီ)**



# ကုလသမဂ္ဂအထွေထွေညီလာခံတွင် အိုဘားမားနောက်ဆုံးမိန့်ခွန်းပြောကြား

**နယူးယောက် စက်တင်ဘာ ၂၁**

လာမည့်နှစ်ဇန်နဝါရီလတွင် တာဝန်မှအနားယူတော့မည်ဖြစ်သော အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ကုလသမဂ္ဂအထွေထွေညီလာခံသို့ပြောကြားခဲ့ သော ၎င်း၏ နောက်ဆုံးမိန့်ခွန်းတွင် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်ရန်နှင့် စည်းလုံးညီညွတ်မှုရှိရန် တောင်းဆိုလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

စက်တင်ဘာ ၂၁ ရက်တွင် နယူးယောက်၌ ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံတွင် အိုဘားမားက ၂၀၀၈ ခုနှစ်မှစခဲ့သော ဘဏ္ဍာရေးအကျပ်အတည်းသည် တဖြည်းဖြည်းနာလန်ထူလာပြီဖြစ်ကြောင်း၊ အီရန်နျူကလီးယားအစီအစဉ်သည်လည်း သဘောတူညီမှုရရှိလာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း ကမ္ဘာကြီးသည် အကြမ်းဖက်မှုများနှင့်ဒုက္ခသည်အကျပ်အတည်းကဲ့သို့သော ပြဿနာရပ်များနှင့် ဆက်လက်ရင်ဆိုင်ရဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အင်အားကြီးနိုင်ငံများအနေဖြင့် ၎င်းတို့အပေါ်ချမှတ်ထားသော အပြည်ပြည်ဆိုင်ရာဥပဒေထိန်းချုပ်မှုများကို ကြိုးစားလိုက်နာဖြေရှင်းသွားရဦးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ အိုဘားမားက ရုရှားနှင့်တရုတ်တို့ကို ရည်ညွှန်းလျက် ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။ ပြင်းထန်သော အမျိုးသားလွတ်လပ်ရေးမူဝါဒများ၊ ဘာသာရေးအစွန်းရောက်ဝါဒများနှင့် သာမန်လူထုအကျိုးမျှော်ဝါဒများအားကောင်း လာနိုင်ကြောင်း သတိပေးထားသည်။

အကောင်းဆုံးပုံစံနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့်စည်းလုံးညီညွတ်မှုရှိရန် နိုင်ငံများက ရွေးချယ်မှုလုပ်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ထို့ပြင် အိုဘားမားက ရီပက်ဘလစ်ကန်သမ္မတလောင်းဒေါ်နယ်ထရန့်၏မက္ကဆီကိုနယ်စပ်တွင် တရားမဝင်ရွှေ့ပြောင်းအခြေချသူများအား တားဆီးရန် တံတိုင်းကာရံမည့်အစီအစဉ်ကို သွယ်ဝိုက်ဝေဖန်လိုက်သည်။

အိုဘားမားသည် အဖွဲ့ဝင်နိုင်ငံများအားလုံး နျူကလီးယားစမ်းသပ်ခြင်းကို ရှောင်ကြဉ်ရန် တိုက်တွန်းထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ကို လိုက်နာရန် တိုက်တွန်းခဲ့သည်။ အမေရိကန်ကဲ့သို့သော နျူကလီးယားလက်နက်ပိုင်ဆိုင်သော နိုင်ငံများကလည်း နျူကလီးယားလျှော့ချရန်နှင့် နျူကလီးယားကို နောက်တစ်ကြိမ်စမ်းသပ်မှုမပြုလုပ်ရန် အခြေခံသတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# ရုရှားလေယာဉ်နှစ်စင်းကုလအကူအညီပေးရေး ယာဉ်တန်းအား တိုက်ခိုက်သည်ဆိုခြင်းကို ရုရှားငြင်းဆို

**မော်စကို စက်တင်ဘာ ၂၁**

ရုရှားလေယာဉ်နှစ်စင်းက ကုလသမဂ္ဂအကူအညီပေးရေးယာဉ်တန်းကို အလက်ပိုမြို့အနီး၌ တိုက်ခိုက်ခဲ့သည်ဟု ယုံကြည်ကြောင်း အမေရိကန်အရာရှိများက စက်တင်ဘာ ၂၀ ရက်က ပြောကြားခဲ့သော်လည်း ရုရှားက အဆိုပါကိစ္စအား ငြင်းဆိုလိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

စစ်ဘက်ဆိုင်ရာက စက်တင်ဘာ ၁၉ ရက် တိုက်ခိုက်မှုအပေါ် ပြစ်တင်ခဲ့သော်လည်း သံတမန်များက စက်တင်ဘာ ၁၂ ရက်နေ့က စတင်အာဏာသက်ရောက်ခဲ့သော အမေရိကန်-ရုရှား အပစ်ရပ်စဲရေး သဘောတူညီချက်ကို ထိန်းသိမ်းရန်ကြိုးစားခဲ့ကြသည်။

အဆိုပါဖြစ်ရပ်တွင် ကုလသမဂ္ဂယာဉ်တန်းမှ ယာဉ် ၁၈ စီးပျက်စီးခဲ့ကြောင်းသိရပြီး ခြောက်နှစ်ကြာ ပြည်တွင်းစစ်ကိုတားဆီးရန် သံတမန်များ၏ဆောင်ရွက်ချက်အား အလဲထိုးလိုက်သကဲ့သို့ဖြစ်နေကြောင်း သိရသည်။

ရုရှားလေယာဉ်နှစ်စင်းဖြစ်သည့် SU-24 စစ်လေယာဉ်များသည်အကူအညီပေးရေး ယာဉ်တန်း တိုက်ခိုက်ခံရသည့်အချိန်နှင့် ယင်းယာဉ်တန်းအပေါ်တွင် ပျံဝဲခဲ့ကြောင်း အမေရိကန်အရာရှိနှစ်ဦးက ရိုက်တာသို့ ပြောကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ယင်းစွပ်စွဲချက်ကိုငြင်းဆိုလိုက်ပြီး အမေရိကန်အစိုးရတွင်ထိုသို့စွပ်စွဲရန်ခိုင်လုံသော အကြောင်းပြချက်မရှိကြောင်း အမေရိကန်သတင်းထောက်များအား ပြောကြားလိုက်သည်။ **(ရိုက်တာ)**

# တယ်လီဖုန်းမှတစ်ဆင့် ငွေလိမ်တောင်းသူများကို အရေးယူရန် တရုတ်နိုင်ငံသို့ပြန်လည်ခေါ်ဆောင်

**ပေကျင်း စက်တင်ဘာ ၂၁**

ဆက်သွယ်ရေးအရှုပ်တော်ပုံ ပြစ်မှုများနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံအနေဖြင့် နှိမ်နင်းဖြိုခွဲမှုများ လုပ်ဆောင်နေချိန် ယင်းအရှုပ်တော်ပုံနှင့်ပတ်သက်သည့် သံသယရှိသူ ၆၃ ဦးအား စက်တင်ဘာ ၂၀ ရက်က ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်လာခဲ့ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

သံသယရှိသူများမှာ တရုတ်ပြည်မကြီးမှ ၅၀၊ ထိုင်ဝမ်မှ ၁၃ ဦးတို့ဖြစ်ကြောင်း သိရပြီး ၎င်းတို့ကို စင်းလုံးငှားလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ စက်တင်ဘာ ၂၀ ရက် ည ၈ နာရီက နန်ကျင်းလုကို အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြောင်း သိရသည်။

သံသယရှိသူများမှာ ၎င်းတို့သည် အစိုးရအရာရှိများအဖြစ် ဟန်ဆောင်ပြီး တရုတ်ပြည်မကြီး ပြည်သူများထံမှ တယ်လီဖုန်းမှတစ်ဆင့် ငွေကြေးလိမ်လည်တောင်းခံမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုသို့ကျူးလွန်ခဲ့သည့် ပြစ်မှုအတိအကျအားဖြင့် မည်မျှရှိသနည်း။ ငွေကြေးမည်မျှပါဝင်သနည်းဆိုသည်ကိုဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားခဲ့သည်။သံသယရှိသူများ၏ အကျိုးအတွက် ရည်မျှော်၍၎င်းတို့ကို တရုတ်ပြည်မကြီးသို့ ပြန်လည်ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း ယင်းဌာနက ဆက်လက်ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# နယူးယောက်နှင့် နယူးဂျာစီဗုံးပေါက်ကွဲမှုတွင် သံသယရှိသူကိုဖမ်းဆီး

**ဝါရှင်တန် စက်တင်ဘာ ၂၁**

နယူးယောက်နှင့် နယူးဂျာစီတို့တွင်ဗုံးများထောင်ထားခဲ့မှုဖြင့် အာမက်ခန် ရာဟာမီအား အမေရိကန်ကဖမ်းဆီးအရေး ယူခဲ့ကြောင်းသိရသည်။

ချယ်လ်ဆီရာ အိမ်နီးချင်းဒေသ မန်ဟတ်တန်၌ စနေနေ့ကဗုံးပေါက်ကွဲမှုဖြစ်ပွားကာ လူ ၃၁ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မစ္စတာရာဟာမီအား နယူးဂျာစီ၌ ရဲအဖွဲ့က လူသတ်ရန်ကြိုးစားမှုဖြင့် ဖမ်းဆီးခဲ့ကြသည်။

၎င်းအား လူအမြောက်အမြားကို သေကျေပျက်စီးစေသည့်လက်နက်သုံးစွဲမှု၊ ဗုံးထောင်မှု၊ အများပြည်သူတို့၏ပစ္စည်းများဖျက်ဆီးမှု၊ ဖောက်ခွဲရေး ကိရိယာများအသုံးပြုမှုတို့ဖြင့် တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်းသိရသည်။

စုံစမ်းစစ်ဆေးသူများက မစ္စတာရာဟာမီ(၂၈ နှစ်)သည် ချယ်လ်ဆီး၌ ဗုံးနှစ်လုံး ထောင်ထားခဲ့သည်။ သို့သော်တစ်လုံးမှာပေါက်ကွဲခြင်းမရှိခဲ့ဟုဆိုသည်။

**(ဘီဘီစီ)**

*ပြည်သူ့လွှတ်တော်မှ*

ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနေပြီး အဆိုပါစီမံချက်ကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **သောက်သုံးရေပြတ်လပ်သည့် ဒေသဒုက္ခများကို ကြိုတင်ကာကွယ်မှုအနေဖြင့် မိုးရေများကို အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် ရေတွင်း၊ ရေကန်၊ ရေလှောင်တမံများ ပြင်ဆင်ခြင်း၊ အသစ်တူးဖော်ပေးခြင်းအစီအမံများ ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မူလခွင့်ပြုရန်ပုံငွေဖြင့် ဒေသမှ ထိန်းသိမ်းထားသော ဆည်ငယ်၊ ကန်ငယ်များကို တူးဖော်ပြုပြင်ရန် လျာထား ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မြို့နယ် (၃၄) ခုရှိ ဆည်ငယ်၊ ကန်ငယ် (၉၂)ခုနှင့် ကျေးရွာ (၈၂) ရွာတို့၌ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာပြည်အနှံ့ သောက်သုံးရေပြတ်လပ်သည့် ဒေသဒုက္ခများအား ကြိုတင်ကာကွယ်သည့်အနေဖြင့် ကျေးရွာပေါင်း ၈၄၆ ရွာတွင် တွင်းတိမ် ၂၁၆ တွင်း၊ လက်တူးတွင်း ၃၈၆ တွင်း၊ မြေသားမိုးရေလှောင်ကန် ၂၆၂ ကန် စုစုပေါင်းရေရရှိရေး လုပ်ငန်း ၈၆၄ ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေ ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် (၁၄) ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုနှင့် နေပြည်တော်ကောင်စီနယ်မြေတို့၌ မြို့နယ်ပေါင်း ၂၉၈ မြို့နယ်နှင့် ကျေးရွာပေါင်း ၂၀၅၅ ရွာတို့တွင် တွင်းတိမ် ၂၁၆ တွင်း၊ တွင်းနက် ၇၀၅ တွင်း၊ လက်တူးတွင်း ၃၈၆ တွင်း၊ မြေသားရေကန် ၃၂၄ ကန်၊ စိမ့်စမ်းရေသွယ်ခြင်း ၃၅၀ ခုနှင့် အခြားရေရရှိရေးလုပ်ငန်း ၁၁၆ ခုတို့ကို လျာထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လိုအပ်ချက်အရ တင်ပြလာသည့်ကျေးရွာပေါင်း ၅၄၂ ရွာ၊ ရေရရှိရေးအတွက် ရေရရှိရေးလုပ်ငန်းစုစုပေါင်း ၆၄၉ ခုကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်းရှစ်ခု မေးမြန်းဖြေကြားကြပြီး စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်းချိတ်ဆက်၍ အမြန်ဆုံး ထိရောက်စွာ ကူညီပံ့ပိုး ကယ်တင်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို**နှင့်စပ်လျဉ်း၍ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

ပါကြောင်း၊ စာမေးပွဲဆိုသည်မှာ သင်တန်းသားများ တတ်မြောက်မှု ရှိ၊ မရှိ၊ သင်ကြားရေးရည်မှန်းချက်များ ပေါက်မြောက်မှု ရှိ၊ မရှိကို ဆန်းစစ် အကဲဖြတ်ဆုံးဖြတ်ခြင်းဖြစ်၍ သမာသမတ်ကျစွာ၊ ဘက်လိုက်မှုကင်းစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မသမာမှုများကို လျစ်လျူရှုခဲ့ပါက စာမေးပွဲစစ်ဆေးခြင်း၏ အဓိကရည်ရွယ်ချက်ကို ဖော်ဆောင်နိုင်မည် မဟုတ်ပါကြောင်း၊ ပညာရေးစနစ်တစ်ခု အဆင့်အတန်းအရည်အသွေး အာမခံနိုင်မှုသည် မသမာသောနည်းဖြင့် ဖြေဆိုခြင်းကို ထိန်းကွပ်နိုင်မှုအပေါ်တွင် များစွာ တည်မှီနေပါသဖြင့် ယခု ပြင်ဆင်ပြဋ္ဌာန်းထားသည့် စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးက ဥပဒေကြမ်း၏ပြဋ္ဌာန်းချက်များတွင် ပါဝင်သည့်စကားရပ်များနှင့် အသုံးအနှုန်းများကို ဥပဒေရေးထုံးနှင့်ကိုက်ညီစေရန်နှင့် အဓိပ္ပာယ်တိတိကျကျ ပေါ်လွင်စေရန်အတွက် ပယ်ဖျက်ရန်၊ ပြင်ဆင်ဖြည့်စွက်ရန်နှင့် အစားထိုးရန်လိုအပ်သည့်အချက်များကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ယင်းတို့ကို ပြင်ဆင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်က မူလဥပဒေဟောင်းတွင် မြန်မာနိုင်ငံစာစစ်အဖွဲ့ကို ဖွဲ့စည်းရာ၌ ဥက္ကဋ္ဌဖြစ်သူ ပညာရေးဝန်ကြီး တစ်ဦးတည်းက သြဇာလွှမ်းမိုးပြီး ပညာရေးဌာနမှ ဝန်ထမ်းများဖြင့် ဖွဲ့စည်းခဲ့သည့်အတိုင်း မြန်မာနိုင်ငံစာစစ်အဖွဲ့ကို ထပ်မံဖွဲ့စည်းပါက မည်သို့မျှပြောင်းလဲမှု ရှိနိုင်မည်မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံစာစစ်အဖွဲ့၊ ဘာသာရပ်နှင့် သင်ရိုးများကို ကမ္ဘာ့အဆင့်မီ ဖွဲ့စည်းရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဥက္ကဋ္ဌက ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့်အဆို၊ မေးခွန်းများနှင့်စပ်လျဉ်းသည့်ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပ

**မန္တလေး စက်တင်ဘာ ၂၁**

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၂ ခုအနက် နှစ်ခုအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ပြန်လည်ဖြေကြားပြီး ကျန်မေးခွန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဖွဲ့စည်းရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကုန်ထုတ်စက်ရုံများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူတို့အပေါ် ဆိုးကျိုးသက်ရောက်မှု၊ ထိခိုက်မှုများ ဖြစ်ပေါ်နေခြင်းအား ထိထိရောက်ရောက် အကဲဖြတ်ဆန်းစစ်ရေး၊ ထိထိရောက်ရောက် မြန်ဆန်စွာ အရေးယူပေးရေး တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ ၂၀၁၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုနိုင်ရန် အဆိုတင်သွင်းခြင်း၊ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

**(တိုင်းဒေသကြီးလွှတ်တော်)**

# သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား ခွဲစိတ်မှုများပြုလုပ်ပေး

**သီပေါ စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ သီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား (၃၆) ကြိမ်မြောက် အခမဲ့စမ်းသပ်ကုသခြင်းကို စက်တင်ဘာ ၁၆ရက်မှ ၂၁ ရက်အထိ ဆောင်ရွက် ပေးခဲ့သည်။

သီတဂူစက္ခုဒါနဆေးရုံကြီးသို့ ရှမ်းပြည်နယ်အတွင်းသာမက ပြည်မဒေသမှ မျက်စိဝေဒနာရှင်များပါ လာရောက်ကုသကြပြီး စစ်ကိုင်းသီတဂူဆေးရုံကြီးမှ အထူးကု ဒေါက်တာဒေါ်ခင်အေးမူနှင့် အထူးကုဆရာဝန်ကြီးများက မျက်စိ ဝေဒနာရှင် ၈၄၂ ဦးကို စမ်းသပ်စစ်ဆေးပြီး ၁၅၂ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးကာ ကျန် ၆၉၀ ကို ဆေးဝါးနှင့်မျက်မှန် တပ်ဆင်ရေးလုပ်ငန်း ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် မျက်စိဝေဒနာရှင်များ၏ လူမှုရေးလိုအပ်ချက်များကို မြို့မိမြို့ဖများနှင့် ရေကြည်တော်ဝတ်အသင်းတို့က ကူညီဆောင်ရွက်ပေးကြပြီး နယ်ဝေးမှ လာရောက်ကုသကြသော ချို့တဲ့နွမ်းပါးသည့် ဝေဒနာရှင်များကို မဟာမြတ်မုနိဘုရားကြီး ဆရာတော် အရှင်ပညာသီရိက ခရီးစရိတ်နှင့် အာဟာရများ အလှူဒါနပြုခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ရဲတပ်ဖွဲ့နေ့ ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ဘီးလင်း စက်တင်ဘာ ၂၁**

(၅၂) နှစ်မြောက် ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလ ဒုတိယပတ်က ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စိုးမြင့်ဦးဆောင်သောတပ်ဖွဲ့ဝင် ၄၀ တို့သည် ဆရာစံရပ်ကွက် မစိုးရိမ်ဘုန်းတော်ကြီးကျောင်းရှေ့နှင့် ကျောင်းဝင်းအတွင်း၌လည်းကောင်း၊ တောင်စွန်းနယ်မြေရဲစခန်းမှ နယ်မြေစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များသည် တောင်စွန်းကျေးရွာ ကျောက်ဝိုင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌လည်းကောင်း စုပေါင်းသန့်ရှင်းရေးများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | မောင်ကံထူး | မြင်နေတဲ့ခန္ဓာအပြင်နောက်တစ်ခန္ဓာကိုတွေ့ပါပြီလား | ၈၀၀ိ/- | စာပေလောက ၆ |
| ၂ | ဇာတ်ညွှန်း-ဝေသာ သရုပ်ဖော်ပန်းချီ-လုပ | အမျိုးသားပညာဝန်ဆရာကြီးဦးဖိုးကျား၏ ကလေးလူငယ်များ ဖတ်ရှုလေ့လာဖွယ်ဖြစ်သော ကိုယ်တွေ့ဝတ္ထုများ-၃ | ၂၇၀၀ိ/- | စိတ်ကူးချိုချို |
| ၃ | ဒေါက်တာထွန်းဝင်း | လောကကြီးကိုဉာဏ်ပညာဖြင့်စီမံခန့်ခွဲခြင်းဗျူဟာများ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၄ | အံ့မောင် | လိုက်မလားပုဂံဘုရားဖူးနှင့်အခြားခရီးသွားအက်ဆေးများ | ၃၀၀၀ိ/- | မိတ်ဆွေများစာပေ |
| ၅ | ရွှေဥဒေါင်း | ကိုယ်ရံတော် | ၂၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၆ | ဂျာနယ်ကျော် ဦးချစ်မောင်၊ ရွှေလင်းယုန် | အိမ်ကြီးမာယာ | ၂၃၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၇ | ကြူမွှေး | ဘုမသိဘမသိဖူးစာ | ၂၇၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၈ | ဇင်မျိုး-မြန်မာပြန် | စီးပွားရေးသမား၊နိုင်ငံရေးသမားဒေါ်နယ်ထရန့် | ၈၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၉ | ဒေါက်တာခင်မောင်ဝင်း (သင်္ချာ) | သင်္ချာဉာဏ်စမ်းတွက်နည်းနှင့်အဖြေ | ၁၅၀၀ိ/- | ရန်အောင် ၁ စာပေ |
| ၁၀ | နေထွန်း-ပြန်ဆိုသည် | ကင်ဆာပျက်သုဉ်းစပျစ်ကုထုံး | ၂၀၀၀ိ/- | ရန်အောင် ၁ စာပေ |
| ၁၁ | ကလောင်စုံ | လင်းလွန်းခင်စိတ်ကြိုက်မဂ္ဂဇင်းဝတ္ထုရှည်များ(၂) | ၇၅၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၁၂ | ROBERTHTUN WIN | Smart Learners Eassys& Letters | ၂၀၀၀ိ/- | ခေတ်သစ်စာပေ |
| ၁၃ | ညီညီအောင် | အကောက်ခွန်ဝန်ဆောင်မှုအကြောင်းသိကောင်းစရာ | ၄၅၀၀ိ/- | |
| ၁၄ | မောင်မောင်စိုး | ငြိမ်းချမ်းရေးနှင့်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ ပြဿနာ ဆောင်းပါးများ | ၂၀၀၀ိ/- | ရန်အောင် ၂စာပေ |
| ၁၅ | ကျော်လင်းထွန်း-မြန်မာပြန် | ဒိုင်ယာနာမင်းသမီး | ၁၀၀၀ိ/- | ဟန်သာဆုစာပေ |
| ၁၆ | ဘိုးသိမ်း | တက္ကသိုလ်များဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် တခြားတက္ကသိုလ်ရေးရာ ကျောင်းသားသမဂ္ဂရေးရာဆောင်းပါးများ | ၃၀၀၀ိ/- | အရဏ်သစ်စာပေ |
| ၁၇ | ကျော်စွာ | လူနည်းစုလူမျိုးများအခွင့်အရေး | ၂၅၀၀ိ/- | MKS စာပေ |
| ၁၈ | မြတ်ငြိမ်း | အကြံကောင်းလျှင်ငွေမရှား | ၄၀၀၀ိ/- | ဇေယျာမိုးစာပေ |
| ၁၉ | ထက်ခေါင် | ရေခဲရုပ်တုနှင့် သူတောင်းစားသိက္ခာ | ၂၅၀၀ိ/- | Future စာပေ |
| ၂၀ | | FREE STYLE VOL.13 ဒီဇိုင်း ၇၀၀ | ၁၈၀၀ိ/- | ရွှေနိုင်ငံစာပေ |
| ၂၁ | ဆရာထိန်လင်း | ကိုယ်တိုင်ရေးကိုယ်တိုင်ကျင့် အင်္ဂလိပ်စာ ဝါကျတည်ဆောက်ပုံများ | ၁၃၀၀ိ/- | မဇ္ဈိမစာပေ |
| ၂၂ | ဂျိမ်း(စ်)လုကျော် | မောင်ရင်မောင် မမယ်မ | ၁၇၀၀ိ/- | မြဝတီစာပေ |
| ၂၃ | မင်းစိုး-မြန်မာပြန် | မမ်မီ(MUMMY) | ၃၀၀၀ိ/- | ဦးဆောက်ပန်းစာပေ |
| ၂၄ | ကလောင်စုံ | သံမဏိလိပ်ပြာကဗျာပွဲတော် | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၂၅ | မြသန်းတင့် | ဒုတိယအသံက ဝေဖန်ခြင်း | ၂၅၀၀ိ/- | ခေတ်ပြတိုက်စာပေ |
| ၂၆ | Quality အယ်ဒီတာအဖွဲ့ | ငြိမ်းချမ်းရေးခရီးသည်နယ်လ်ဆင်မင်ဒဲလား | ၄၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၇ | ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့ | ဆရာတော်ဦးဗုဓ် | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၈ | ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့ | သပိတ်အိုင်တောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တကိတ္တိ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၉ | ကောင်းမြတ်လွန်းသော် | ဟယ်ရီပေါ်တာနှင့်ကျိန်စာသင့်ကလေး | ၄၅၀၀ိ/- | ငါတို့စာပေ |
| ၃၀ | ဆရာဇေယျာမိုး (ဝေဒဗိမာန်) | ခတ်ကြီးလေးပါးအောင်တော်မူ ဆွမ်းတော်ကပ်လှူနည်း | ၁၀၀၀ိ/- | ဟန်သာဆုစာပေ |
| ၃၁ | မပန်းခက် | ၂၁ ရာစုမြန်မာစာပေါင်းချုပ် | ၂၅၀၀ိ/- | နှစ်ကာလများစာပေ |
| ၃၂ | မောင်သာနိုး | မောင်သာနိုးကဗျာများ | ၁၅၀၀ိ/- | နှစ်ကာလများစာပေ |
| ၃၃ | ဒဂုန်တာရာ | ဖျက်ခနဲတွေ့ရသော ရုပ်ပုံလွှာများ(၄) | ၂၅၀၀ိ/- | နေရီရီစာပေ |
| ၃၄ | ဥပဒေသုတေသီခင်ဝင်းမြင့် | အမျိုးသားမြေအသုံးချမှုဝါဒ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ | ၁၅၀၀ိ/- | ရှုတိုင်းယဉ်စာပေ |
| ၃၅ | ဒေါက်တာမောင်မောင်သန်း | ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဟု ဆိုရာဝယ် | ၁၅၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၃၆ | HLa Moe Win Htunn | Not for Sale | ၁၀၀၀ိ/- | မျိုးဆက်သစ်စာပေ |

*(ဆက်လက်ဖော်ပြပါမည်)*

# အင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင်နှင့်မိသားစုကို အိမ်အကူမိန်းကလေးများအား ညှဉ်းပန်းနှိပ်စက်မှုဖြင့် တရားစွဲဆိုအမှုဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၉)ရပ်ကွက် လမ်း(၄၀) အထက်ရှိအင်းဝအပ်ချုပ်ဆိုင်ပိုင်ရှင်နှင့် မိသားစုက အိမ်အကူမိန်းကလေးများကို ညှဉ်းပန်းနှိပ်စက်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ၁၉၉၃ ခုနှစ် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲဆိုနိုင်ရန် ယနေ့ ညနေ ၃ နာရီတွင် ကျောက်တံတား မြို့မရဲစခန်း၌ ထပ်မံတရားလို ပြုလုပ်အမှုဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ နှစ်ဦးနှစ်ဖက်မှ သက်ဆိုင်သူများအား ညှိနှိုင်းစဉ်



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးရှေ့တွင် ကမ်ပိန်းပြုလုပ်နေသည်ကို သတင်းထောက်များက မေးမြန်းနေစဉ်

"အသက် ၁၈နှစ် မပြည့်သေးတဲ့ ကလေးတွေကို နှိပ်စက်ညှဉ်းပန်းလို့ လူမှုဝန်ထမ်းဦးစီးဌာနက တရားလိုပြုလုပ် တရားစွဲဆိုတာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က ပြောသည်။

အဆိုပါ မိန်းကလေးငယ်များသည် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ရှာဘွားကျေးရွာအုပ်စု ဘောလုံးကွင်းကျေးရွာနေ မစန်းကေခိုင်(၁၇)နှစ်နှင့် မသဇင် (၁၆) နှစ်တို့ဖြစ်ပြီး ၄င်းတို့၏ အုပ်ထိန်းသူမိဘများက အိမ်အကူလုပ်ငန်းလုပ်ကိုင်ရန်အတွက် အင်းဝအပ်ချုပ်ဆိုင်သို့ စေလွှတ်ခဲ့ကြောင်း သိရသည်။

အင်းဝအပ်ချုပ်ဆိုင်တွင် အိမ်အကူလုပ်ငန်းလုပ်ကိုင်နေစဉ်အတွင်း အိမ်ရှင်နှင့် မိသားစုက အိမ်အကူမိန်းကလေးငယ်များ နေ့စဉ်နှိပ်စက်နေကြောင်း၊ ၄င်းတို့ ခန္ဓာကိုယ်အနှံ့အပြားတွင် ထိုးသွင်းပြတ်ရှ အမာရွတ်များလည်းတွေ့ရှိရကြောင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်သို့ လိပ်မူ၍ တိုင်တန်းထားမှုကို ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့မှူးက တိုင်စာကို သက်သေများနှင့်အတူ စိစစ်ခဲ့ရာ ပိုင်ရှင်ဖြစ်သူ ဒေါ်တင်သူဇာက အိမ်အကူလစာ တစ်လလျှင်ငွေကျပ်နှစ်သောင်းရမည်ဖြစ်ကြောင်း ပြောဆို၍ လက်ခံခဲ့ကြောင်း၊ လုပ်ခလစာများအား ၂၀၁၄ ခုနှစ် ဩဂုတ်လအထိ ရရှိခဲ့သော်လည်း စက်တင်ဘာလမှစ၍ လုပ်ခလစာများ မရရှိတော့ဘဲ ဆက်လက်လုပ်ကိုင်နေရသည့်အပြင် လုပ်ငန်းလုပ်ကိုင်ရာတွင် လွဲချော်ပါက ဒေါ်တင်သူဇာနှင့် စုမွန်လတ်တို့က မျက်နှာနှင့် တစ်ကိုယ်လုံးအား ရိုက်နှက်နှိပ်စက်ညှဉ်းပန်းခြင်း၊ အစာရေစာမကျွေးဘဲ ထားခြင်း၊ မစန်းကေခိုင်၏ လက်ချောင်းများအား လှန်ချိုးခြင်းနှင့် ကိုယ်အင်္ဂါ ချွတ်ယွင်းအောင် အမျိုးမျိုး နှိပ်စက်ခြင်းများပြုလုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

စက်တင်ဘာ ၁၅ ရက်တွင် အိမ်အကူမိန်းကလေး မစန်းကေခိုင်၏မိခင် ဒေါ်ညီညီဝင်နှင့် မသဇင်၏ အဒေါ် ဒေါ်အုန်းငွေတို့အပါအဝင် နှစ်ဦးနှစ်ဖက် သက်ဆိုင်ရာပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ရုံး၌ တွေ့ဆုံပြီး ကော်မရှင်အဖွဲ့ဝင်များ၏ ရှေ့မှောက်တွင် ညှိနှိုင်းခဲ့ကြရာ မစန်းကေခိုင်အတွက် နစ်နာကြေးငွေကျပ်သိန်း ၄၀၊ မသဇင်အတွက် နစ်နာကြေး ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ရန်သဘောတူညီမှုရရှိကာ ကျောက်တံတားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ညှိနှိုင်းပေးချက်နှင့် ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများတွင် မကျေနပ်မှုများ၊ ဝေဖန်သံများ ပျံ့နှံ့လျက်ရှိသည့်အပြင် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးရှေ့တွင် စာတန်းများကပ်ခြင်းဖြင့် လူ့အခွင့်အရေးကော်မရှင်၏ ညှိနှိုင်းပေးမှုကို ကန့်ကွက်သည့် ကမ်ပိန်းတစ်ခုပြုလုပ်ခဲ့သည်။

ထို့ပြင် အမျိုးသမီးအဖွဲ့များ ကွန်ရက် (မြန်မာ)မှ မခင်လေးက "ပညာလည်း မတတ်ဘူး၊ ဗဟုသုတလည်း မရှိဘူးဆိုရင် တရားဥပဒေအရ တရားစွဲရင် ဘယ်လိုအပြစ်ပေးလို့ရတယ်၊ နစ်နာကြေးကဘယ်လို၊ ဘယ်လိုဆောင်ရွက်ရတယ်၊ ဒါတွေကို သေချာရှင်းပြပေးဖို့လိုတယ်၊ အခုဟာက မလုပ်ပေးဘဲနဲ့ ရပ်ကွက်ထဲမှာရန်ဖြစ်တဲ့သူကို ဖြေရှင်းပေးသလို ဆောင်ရွက်ပေးသွားတာဖြစ်တဲ့အတွက် ကျွန်မတို့က မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ကို ရှုတ်ချတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးဇော်ဝင်းက "ပြဋ္ဌာန်းထားတဲ့အချက်တွေနဲ့အညီ ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ရဲက အစီရင်ခံစာလာတင်တော့ သက်သေထွက်တာတွေပါတယ်။ ဒါပေမယ့် ဓာတ်ပုံမပါတဲ့အတွက်ရယ်။ နောက် ကျွန်တော်တို့ရဲ့ကော်မရှင် ဥပဒေပုဒ်မ ၃၇ မှာ တရားရုံးတွင် စစ်ဆေးနေတဲ့အမှုတွေ၊ တရားရုံးက စီရင်ဆုံးဖြတ်တဲ့အမှုတွေကို ဝင်ရောက်စစ်ဆေးခြင်းမပြုရလို့ ပါတယ်၊ အဲဒီတော့ ဒီအမှုက တရားရုံးလည်း မရောက်သေးဘူး၊ ရဲစခန်းမှာလည်း အမှုကမဖွင့်ရသေးဘူး" ဟုပြောသည်။



ပြစ်မှုကျူးလွန်သည့် တင်မင်းလတ်(ခ) ဗိုက်ဇယ်၊ စုမွန်လတ်၊ ဒေါ်တင်သူဇာ

ထို့နောက် စက်တင်ဘာ ၂၀ရက်က အမှတ်(၆)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)က တရားလိုပြုလုပ်၍ ဒေါ်တင်သူဇာနှင့် စုမွန်လတ်တို့အား အရေးယူပေးရန် တိုင်တန်းခဲ့သဖြင့် ၄င်းတို့နှစ်ဦးအား ကျောက်တံတားမြို့မရဲစခန်းက (ပ)၁၉၃/၂၀၁၆ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။



ညှဉ်းပန်းနှိပ်စက်ခံရသည့် မိန်းကလေးငယ်များအား ရရှိထားသည့် ဒဏ်ရာများနှင့် တွေ့ရစဉ်

လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့(ရန်ကုန်)မှ ဒုတိယရဲမှူး မျိုးသိန်းက "ပဏာမစစ်ဆေးလိုက်တဲ့အခါကျတော့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ၃(က)မှာ ပြဋ္ဌာန်းထားတဲ့ အချက်တွေနဲ့သွားပြီး ငြိစွန်းနေတဲ့အတွက်ကြောင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ ၂၄/၃၂နဲ့ အမှုဖွင့်လှစ်ဆောင်ရွက်တာပါ" ဟု ပြောသည်။

လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးကစွဲဆိုထားသည့် ပုဒ်မ ၂၄၊ ၃၂ တွင် ပုဒ်မ၃၂ ၌ ထောင်ဒဏ်မည်မျှ ကျခံရမည်ဟု ဖွင့်ဆိုချက်တွင် မပါဝင်သော်လည်း ပုဒ်မ ၂၄ တွင် ထောင်ဒဏ် ၁၀နှစ်သို့မဟုတ် တစ်သက်တစ်ကျွန်းအပြင် ဒဏ်ငွေပါချမှတ်နိုင်သည်ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း တရားလွှတ်တော်ရှေ့နေ ဦးအောင်သူရိန်ထွန်းက ပြောသည်။

ထို့ပြင် ကလေးသူငယ် အခွင့်အရေးချိုးဖောက်ခံရသည်ကို တွေ့ရှိပါက မိဘကိုယ်တိုင်မဟုတ်ဘဲ အခြားတာဝန်သိပြည်သူတစ်ဦးဦးက တိုင်ကြားနိုင်သည်ဟု ဥပဒေတွင် ဖော်ပြထားကြောင်း Nay Thu Yein Law Firm မှ သိရသည်။

၄င်းကဆက်လက်၍ "လူကုန်ကူးမှုတားဆီးကာကွယ်ရေးကိစ္စဟာ ကျေအေးပေးလို့ရတဲ့ကိစ္စ မဟုတ်ပါဘူး။ ဥပဒေကြောင်းအရ လူ့အခွင့်အရေးကော်မရှင်က ညှိနှိုင်းပေးခွင့်မရှိဘူး။ ရာဇဝတ်မှုက ရာဇဝတ်မှုပါ။ ညှိနှိုင်းပေးရုံနဲ့ ပြေပျောက်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဥပဒေကလည်း ခွင့်ပြုမထားပါဘူး" ဟု ကလေးအခွင့်အရေး လိုက်ပါဆောင်ရွက်နေသည့် Nay Thu Yein Law Firm မှ တရားလွှတ်တော် ရှေ့နေကြီး ဦးအောင်သူရိန်ထွန်းကပြောသည်။

အိမ်အကူ မိန်းကလေးငယ်များကို ညှဉ်းပန်းနှိပ်စက်ပြီး လုပ်ခလစာများမပေးခဲ့သည့် ပြစ်မှုကျူးလွန်သူများကို စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် (ခ) ရပ်ကွက် ပြည်တော်သာလမ်းရှိ နေအိမ်မှ ဒေါ်တင်သူဇာကို လည်းကောင်း၊ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် တင်မင်းလတ် (ခ)ဗိုက်ဇယ်နှင့် စုမွန်လတ်တို့ကိုလည်းကောင်း ဖမ်းဆီးရမိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညှဉ်းပန်းနှိပ်စက်ခံရသည့် မိန်းကလေးများ၏ စိတ်ဒဏ်ရာ သက်သာမှုရရှိရန် နှစ်သိမ့်ဆွေးနွေး အသိပညာပေးမှုများ ဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း လက်မှုပညာနှင့် ကျောင်းပြင်ပ ပညာရေးများကို သင်ကြားပေးသွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းရုံးမှ သိရသည်။

**သတင်း- သီသီမင်း**

**ဓာတ်ပုံ - Myanmar Now၊ လင်းလင်းအောင်**


အထည်ချုပ်စက်ရုံ ဝန်ထမ်းခန့်ထားရန်
မန်နေဂျာ (ကျား/မ)
ကျွမ်းကျင်လုပ်သား (ကျား/မ)
973158415,5183872

ဝန်ထမ်းခေါ်ယူခြင်း (ကျား/မ-၄ဦး)
BE(Chemical),BSc(IC),BSc(Chemistry)
ရန်ကုန်(သို့)နယ်မြို့တွင်တာဝန်ထမ်းဆောင်ရန်
09-5183872,973158415

AUNG JAPANESE ACADEMY (SINCE - 2007)
2017 April ဂျပန် ပညာသင်ဆု ခေါ်ယူခြင်း
သိန်း ( ၄၀ )သာသွင်းရမည်။ ( ၁၀ ) ဦးသာ။
09-973158415,73060391,5183872

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954
BASIC ENGLISH SPEAKING
10-11:30 (Mon ~ Thurs) 26 Sep
1 - 2:30 (Mon~Thurs) 3,24 Oct
3:30 - 5 (Mon ~ Thurs) 11 Oct
BASIC FOUR SKILLS ENGLISH
9 - 12:00 (Sat + Sun) 17 Sep
7:30 - 9 (Mon ~ Thurs) 19 Sep
3:30 - 5 (Mon ~ Thurs) 19 Sep
6 - 7:30 (Mon ~ Thurs) 20 Sep
1 - 4:00 (Sat + Sun) 24 Sep
1 - 2:30 (Mon ~ Thurs) 26 Sep
10-11:30 (Mon ~ Thurs) 27 Sep
BASIC WRITING
10-11:30 (Mon ~ Thurs) 3 Oct
1 - 4:00 (Sat + Sun) 29 Oct
PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon ~ Thurs) 26 Sep
3:30 - 5 (Mon ~ Thurs) 3 Oct
10-11:30 (Mon ~ Thurs) 10 Oct
9 - 12:00 (Sat + Sun) 23 Oct
7:30 - 9 (Mon ~ Thurs) 24 Oct
INTERMEDIATE (ACADEMIC ENGLISH)
1 - 2:30 (Mon ~ Thurs) 27 Sep
10-11:30 (Mon ~ Thurs) 10 Oct
1 - 4:00 (Sat + Sun) 15 Oct
3:30 - 5 (Mon ~ Thurs) 31 Oct
VOCAB ENRICHMENT
7:30 - 9 (Mon ~ Thurs) 17 Oct
9 - 12:00 (Sat + Sun) 23 Oct
BASIC GRAMMAR
1 - 4:00 (Sat + Sun) 18 Sep
10 -11:30 (Mon ~ Thurs) 10 Oct
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232
BASIC ENGLISH SPEAKING
3:30 - 5 (Mon~Thurs) 26 Sep
7:30-10:30 (Sat + Sun) 1 Oct
6 - 7:30 (Mon~Thurs) 10 Oct
BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon~Thurs) 26 Sep
6 - 7:30 (Mon~Thurs) 3 Oct
10-11:30 (Mon~Thurs) 10 Oct
1 - 2:30 (Mon~Thurs) 12 Oct
IELTS (Preparation)
1 - 3:30 (Mon~Thurs) 26 Sep
1 - 4:30 (Sat + Sun) 13 Nov
IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 17 Oct
IELTS (Reading + Vocab)
10-11:30 (Mon~Thurs) 3 Oct
BASIC GRAMMAR
7:30-10:30 (Sat + Sun) 25 Sep
PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon ~ Thurs) 26 Sep
6 - 7:30 (Mon ~ Thurs) 3 Oct
9 - 12:00 (Sat + Sun) 22 Oct
INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 19 Sep
IELTS (Preparation)
4:30-7:30 (Sat + Sun) 24 Sep
IELTS (Grammar + Vocab)
10-11:30 (Mon~Thurs) 24 Oct
IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 26 Sep

ဖခင်အမည်မှန်
ပုဏ္ဏားကျွန်းမြို့နယ်၊ အလယ်ချောင်း၊ အထက တက္ကသိုလ်ဝင်တန်းမှ မခင်သူဇာဝင်း၊ စတုတ္ထတန်းမှ မောင်မျိုးဆန်းတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ခင်ဝင်း ၁၁/ပဏတ(နိုင်) ၀၃၆၉၃၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ပုဏ္ဏားကျွန်းမြို့နယ်၊ အလယ်ချောင်း၊ အထက တက္ကသိုလ်ဝင်တန်းမှ မနုနုရီ၊ အဋ္ဌမတန်းမှ မစန္ဒာလှိုင်၊ ဒုတိယတန်းမှ မသူသူလှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်စိုးခင် ၁၁/ပဏတ(နိုင်) ၀၃၅၃၃၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
သံတွဲမြို့နယ်၊ အထက ကျောက်ကြီး တက္ကသိုလ်ဝင်တန်း(A)မှ မချစ်ချစ်ကျော်၏ဖခင်အမည်မှန်မှာ ၁၁/သတန (နိုင်)၀၄၉၃၈၄ အရ ဦးထင်ဝင်းအောင် ဖြစ်ပါကြောင်း။ ဦးထင်ဝင်းအောင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ လမ်းဦးစီးဌာန ရမည်းသင်းခရိုင်အတွင်းရှိ မြို့နယ်များ၌ မြေသားလမ်း တာပေါင်ချဲ့ခြင်း လုပ်ငန်းတွင် အသုံးပြုရန်အတွက် လိုအပ်သောစက်ယာဉ်ယန္တရားများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ငှားရမ်း သုံးစွဲလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၄-၉-၂၀၁၆ရက်(စနေနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉-၉-၂၀၁၆ရက်(ကြာသပတေးနေ့)
တင်ဒါပိတ်ချိန် - ၁၂:၀၀နာရီ
တင်ဒါဖွင့်ချိန် - ၁၄:၀၀နာရီ
၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၆၄-၄၀၃၀၉

ဖခင်အမည်မှန်
သံတွဲမြို့နယ်၊ အထက ကျောက်ကြီး တက္ကသိုလ်ဝင်တန်း(B)မှ မောင်ညီပြည့်စုံ ၁၁/သတန(နိုင်)၁၀၄၆၉၁၏ ဖခင်အမည်မှန်မှာ ၁၁/သတန (နိုင်) ၀၄၂၅၈၉အရ ဦးညီညီသန်း ဖြစ်ပါကြောင်း။ ဦးညီညီသန်း

တစ်ဦးတည်းဖြစ်ပါကြောင်း
လားရှိုးမြို့၊ အထက (၆)၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်ကျော်သူဝင်း(ကဝ-၉၉၉၈/၁၆)၏ ဖခင်အမည် ဦးဆန်းဝင်းနှင့် ဦးအောင်ဆန်းဝင်း ၁၃/ပသက(နိုင်)၀၉၈၃၆၂ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
သံတွဲမြို့နယ်၊ အထက ကျောက်ကြီး တက္ကသိုလ်ဝင်တန်း(A)မှ မခင်လေးနွယ်၏ ဖခင်အမည်မှန်မှာ ၁၁/သတန(နိုင်) ၀၄၄၀၀၅အရ ဦးညီညီ ဖြစ်ပါကြောင်း။ ဦးညီညီ

# ဆင်ပေါင်ဝဲမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ရွာအနီး မကွေး-သစ်ရာကောက်-အောင်လံကားလမ်း မိုင်တိုင်အမှတ်(၁/၂-၃)ကြားတွင် စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ကိုးပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မကွေးဘက်မှ ကိုးပင်ရွာဘက်သို့ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁၀)ရပ်ကွက်နေ ဦးဟန်ထွန်း(၄၇ နှစ်)မောင်းနှင်လာသော 1K/---- NISSAN PICKUP ယာဉ်သည် လမ်းအကွေ့၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ဘေးရှိ ရှားပင်ကို တိုက်မိခဲ့ရာ **(ယာပုံ)** ယာဉ်မောင်း ဦးဟန်ထွန်းနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ် (၆၅)ရပ်ကွက်နေ သန်းနိုင်ထွန်း (၂၀ နှစ်) ပါ ၁၂ ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ချောင်းကောက်တိုက်နယ်ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး ယာဉ်မောင်း ဦးဟန်ထွန်းအား ကိုးပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးကိုကို(အောင်လံ)**




# ဘုန်းကြီးလမ်းဆိပ်ကမ်းကားလမ်းဘေး လောင်စာဆီကြောင့် မီးလောင်ရာမှ လူတစ်ဦးဒဏ်ရာရ

**ရန်ကုန် စက်တင်ဘာ ၂၁**

ဘုန်းကြီးလမ်းဆိပ်ကမ်း ဇောတံတားအမှတ်(၁)နှင့်(၂)အကြား ကားလမ်းဘေးတွင် စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က လောင်စာဆီထည့်လာသော ပုံး ကျကွဲရာမှ လောင်စာဆီများ ကားလမ်းဘေးတစ်လျှောက် စီးဆင်းသွားရာ ဇောတံတားအမှတ်(၁)အနီးရှိ ပီပါများအပေါက်ဖာခြင်း၊ အဖုံးပိတ်ခြင်း ပြုလုပ်သည့် မီးပါရှိသည့် မီးသွေးမီးဖိုပုံးနှင့် ပစ္စည်းကိရိယာပုံးများအနီး ရောက်ရှိသွားပြီး အပူနှင့် ထိမိသဖြင့် စီးဆင်းနေသော လောင်စာဆီလမ်းကြောင်းတစ်လျှောက် မီးလောင်ရာမှ ဦးဆန်းတင့် (၆၄ နှစ်)မှာ ဒူးဆစ်အောက်ပိုင်း မီးလောင်ခံရသည်။ ယင်းနေရာရှိ ရွက်ဖျင်တဲပါ နေရာအချို့ မီးလောင်သွားသည်။

ယင်းနေရာသည် ဘုန်းကြီးလမ်း ဆိပ်ကမ်းယာဉ်ဝင်ပေါက်အဝရှိ စက်သုံးဆီဖြန့်ချိရောင်းချနေသည့် ကုမ္ပဏီအရောင်းဆိုင်၏ နောက်ကျောဘက်တွင် ပေ အနည်းငယ်သာ ကွာဝေးသည်။ ယင်းဆိုင်မှ ဝန်ထမ်းအချို့ မီးသတ်ဆေးဘူးများ ယူဆောင်ငြိမ်းသတ်ပေးခဲ့သဖြင့် မိနစ်အနည်းငယ်အတွင်း မီးငြိမ်းသွားသည်။ ကားလမ်းပေါ်သို့ စီးသွားသော စက်သုံးဆီများကို ပြန်လည်ခပ်ထည့်နေစဉ် မီးဖိုမီးနှင့် ထိတွေ့၍ မီးလောင်ခြင်းဖြစ်ရာ ဦးဆန်းတင့်မှာ မီးလောင်ဒဏ်ရာရသဖြင့် ရန်ကုန်ဆေးရုံပို့ဆောင်ကုသပေးခဲ့ကြောင်း သိရသည်။

မြစ်ဝကျွန်းပေါ်သွား သင်္ဘောဆိပ်ကမ်းတစ်လျှောက် တရားမဝင်လောင်စာဆီရောင်းဝယ်မှုများကို မြင်တွေ့နေရဆဲဖြစ်ရာ ယခုကဲ့သို့ အချိန်မီ မီးငြိမ်းသတ်နိုင်ခြင်း မရှိပါက ဆုံးရှုံးမှုများစွာ တွေ့ကြုံနိုင်သည်ဟု ယင်းနေရာသို့ ရောက်ရှိခဲ့သူ ကိုအောင်အောင်က ပြောသည်။

အခင်းဖြစ်ပွားရာသို့ တာဝန်ရှိသူများ လာရောက်စစ်ဆေးခဲ့ပြီး ဦးဆန်းတင့်အား ဆိပ်ကမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ဆိုင်**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

အိန္ဒြနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၉ ရက်က ဘားအံမြို့နယ် ကော့ကဒါကျေးရွာအုပ်စု ကော့စကလိုကျေးရွာနေ မတောနက်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀ ကိုလည်းကောင်း၊ အလားတူ စက်တင်ဘာ ၁၈ ရက်က နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အောင်မြင့်မိုရ် လက်ဖက်ရည်ဆိုင်တွင် အောင်ဇော်လင်း၊ အောင်မြို့နှင့် ကျော်စန်းဝင်းတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀ ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ငွေလိမ်လည်ရယူကာ ယာဉ်လိုင်စင်အတုပြုလုပ်ပေးသူအား အမှုဖွင့်

**ချောက် စက်တင်ဘာ ၂၁**

ချောက်မြို့နယ်၌ ငွေလိမ်လည်ကာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ပေးသည်ဆိုသည့် ယာဉ်လိုင်စင်အတုပြုလုပ်ပေးသော အမျိုးသားတစ်ဦးအား ကျောင်းအကျိုးတော်ဆောင်က စက်တင်ဘာ ၁၉ ရက်တွင် တိုင်ကြားအမှုဖွင့်ခဲ့ကြောင်း နယ်မြေခံရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ချောက်မြို့နယ် ဝန်လိုကန်မြောက် ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးသန္တောဘာသနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့အား တိုးတိုးနိုင်(ခ)တိုးကြီး (၂၉ နှစ်) ချောင်းတက်ရွာ ချောက်မြို့နယ်နေသူက အခွန်လွတ်ကား ယာဉ်လိုင်စင်ရရှိရေး လုပ်ဆောင်ပေးမည်ပြောသဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက်သို့ ခေါ်ဆောင်ကာ ငွေကျပ် ၁၀ သိန်း တောင်းခဲ့ကြောင်း၊ ဇူလိုင် ၁၄ ရက်တွင် ငွေကျပ် တစ်သိန်းခွဲ၊ ဇူလိုင် ၁၆ ရက်တွင် ငွေကျပ် နှစ်သိန်းခွဲ စုစုပေါင်း ငွေကျပ် ၁၄ သိန်း ပေးခဲ့ရပြီးနောက် တိုးတိုးနိုင်(ခ)တိုးကြီးမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အဝိုင်းတံဆိပ်ပါ စာရွက်(၂)ရွက်အား ပေးအပ်ခဲ့သဖြင့် စုံစမ်းခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးခြင်းမရှိမှုကို စုံစမ်းသိရှိခဲ့ခြင်းဖြစ်ကြောင်း တရားလို၏ တိုင်ကြားချက်အရ သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ငွေလိမ်လည်ရယူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အဝိုင်းတံဆိပ်ပါ စာရွက်စာတမ်း အတုပြုလုပ်သူ တိုးတိုးနိုင်(ခ)တိုးကြီးအား အရေးယူပေးရန် စက်တင်ဘာ ၁၉ ရက်တွင် ကျောင်းအကျိုးတော်ဆောင် ဦးအောင်မြင့်က ချောက်မြို့နယ် စလေနယ်မြေရဲစခန်းကို အမှုဖွင့် တိုင်ကြားထားခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**

# မူးယစ်ဆေးဝါးမှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသူအား ဖမ်းမိ

**စဉ့်ကူး စက်တင်ဘာ ၂၁**

စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာတွင် မူးယစ်ဆေးဝါးမှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသူတစ်ဦးအား ရွာလယ်လမ်းမပေါ်၌ ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၀ ရက်က လက်ပန်လှရဲကင်းစခန်းမှ ဒုရဲအုပ်သန့်ဇင်ဦးနှင့်အဖွဲ့သည် လက်ပန်လှကျေးရွာအုပ်စုအတွင်း နယ်မြေသတင်းစုံစမ်းစဉ် လက်ပန်လှကျေးရွာ ရွာလယ်လမ်းမပေါ်၌ တရားခံပြေးတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ လက်ပန်လှရဲကင်းစခန်းမှ မူးယစ်ဆေးဝါးမှုဖြင့် ဧပြီ ၄ ရက်က ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဧပြီ ၂၉ ရက်တွင် စဉ့်ကူးမြို့နယ် တရားရုံးသို့ တရားခံပြေးအဖြစ် တရားစွဲတင်ခဲ့ရာ ပြစ်ထွေအမှတ်(၁၃/၂၀၁၆)ဖြင့် လက်ခံထားရှိသည့် တရားခံပြေး ကြည်လွင်(၅၆ နှစ်) လက်ပန်လှကျေးရွာ စဉ့်ကူးမြို့နယ်နေထိုင်သူအား တွေ့ရှိသဖြင့် လက်ပန်လှရဲကင်း စခန်းသို့ ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ပြစ်မှုပြန်တမ်း အတွဲ(၂၁)၊ အမှတ်(၆)ဖြင့် ပြစ်မှုပြန်တမ်းကြော်ငြာထားသည့် တရားခံပြေး ကြည်လွင်အား လက်ပန်လှရဲကင်းစခန်းအချုပ်တွင် ပြေးလေးပြေးဖမ်းဆီးရမိမှု သတ်မှတ်ပုံစံတွင် ရေးသွင်းကာ ဖမ်းဆီးထားကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

# ဘားအံ-သထုံကားလမ်းတွင် ယာဉ်တိုက်မှု ဖြစ်ပွား

**ဘားအံ စက်တင်ဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-သထုံကားလမ်း၌ စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က သထုံဘက်မှ ဘားအံသို့ ယာဉ်မောင်း အောင်မိုး (၂၇ နှစ်) ဒေးပလိမ်းကျေးရွာ သထုံမြို့နယ်နေသူမောင်းနှင်လာသော ယာဉ်အမှတ် GG/---- ပရိုဘောက်အမျိုးအစားယာဉ်မှာ မိုင်တိုင်အမှတ်(၁၅/၄) နှင့် (၁၅/၅)အကြား ဘားအံမြို့နယ် အထက်ကော့ရင်းကျေးရွာအနီးအရောက်တွင် အရှိန်မထိန်းနိုင်၍ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားကာ မျက်နှာချင်းဆိုင်မှ လာသော ယာဉ်မောင်း နိုင်ရဲဝင်း မောင်းနှင်လာသည့် 7K/---- KING LONG အမျိုးအစား ယာဉ်အား တိုက်မိရာ ယာဉ်နှစ်စီးစလုံး ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မောင်း အောင်မိုးအား ဘားအံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၉-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ ပါ "ကွန်တိန်နာယာဉ်နှင့် ကွိုင်ထုပ်ညပ်၍ ယာဉ်မောင်းသေဆုံး" သတင်းတွင် Never Old Trading Company စက်ရုံတွင် တာဝန်ထမ်းဆောင်နေသော အမျိုးသားဝန်ထမ်းတစ်ဦး **(အစား)** ပြည်ပမှ ငှားရမ်းအသုံးပြုသော ကရိန်းယာဉ်မောင်းတစ်ဦး သေဆုံးကြောင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ထွန်းလှိုင်**


**တစ်ဦးတည်းဖြစ်ကြောင်း**
နမ္မတူမြို့ ပန်းဟိုက်(၈)ရပ်ကွက်၊ ဦးတင်မြင့်(ခ)ဆန်ဝိ၏သမီး မသုမာလာနှင့် မကျင်းရွှေ ၁၃/နမတ(နိုင်)၀၆၇၁၁၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မိဘအမည်မှန်**
လားရှိုးမြို့၊ အထက (၆)၊ တက္ကသိုလ်ဝင်တန်း (ခ) မှ (က/၀၉၅၃၆/၁၆) မစုစုမွန်၏ မိဘအမည်မှန်မှာ ဦးဂူရုပါရ်ဆပ်နှင့် ဒေါ်ပါရ်ပတီဒေဗီ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
လားရှိုးမြို့၊အထက(၄)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ နန်းဖောင်ခမ်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဆာညွန့် ၁၃/သနန(နိုင်)၀၁၉၉၁၇ ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**
သီပေါမြို့၊ အလက (၂) ထ (ခွဲ)၊ တက္ကသိုလ်ဝင်တန်း (ခ) မှ နန်းအေးဆော၏ ဖခင်အမည်မှန်မှာ ဦးဆန်ဆုဆာ နှင့် ဦးဆန်ဆာ ၁၃/လရန(နိုင်)၁၅၉၈၇၂တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**အမည်ပြောင်း**
တောင်ကြီးမြို့၊ အထက (၅)၊ တက္ကသိုလ်ဝင်တန်း(က)မှ မဆုရည်နွယ်အား ယနေ့မှစ၍ မသက်မှူးအိမ် ဟု ပြောင်းလဲခေါ်ပါရန်။
မသက်မှူးအိမ်

**ဖခင်အမည်မှန်**
ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အထက(ပင်လုံ)၊ တက္ကသိုလ်ဝင်တန်း(B,Eco)မှ နန်းမွေဖောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းခမ်းလူ ၁၃/မရန(နိုင်)၀၁၉၁၀၁ ဖြစ်ပါကြောင်း။
ဦးစိုင်းခမ်းလူ

**မိဘအမည်မှန်**
သီပေါမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (ခ) မှ မလဖိုင်ဆိုင်းတောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်နော် ၁/မစန(နိုင်)၀၁၆၂၂၉ ဖြစ်၍ မိခင်အမည်မှန်မှာ ဒေါ်ကရိန်ကော့ ၁/မစန(နိုင်) ၀၁၆၂၁၀ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
လားရှိုးမြို့၊ အထက (၆)၊ တက္ကသိုလ်ဝင်တန်း(ဃ)မှ နန်းအေးအုံ၏ဖခင် ဦးအိုက်လုပ်၏ အမည်မှန်မှာ ဦးအိုက်လု ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
လားရှိုးမြို့၊အထက(၄)၊ တက္ကသိုလ်ဝင်တန်း (ဂ)မှ နန်းဟွမ်လှိုင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းလှသိန်း ၁၃/သနန(နိုင်)၀၂၄၃၅၉ ဖြစ်ပါသည်။

**ပတ်စ်ပို့ပျောက်**
ကျွန်တော် ဦးအောင်ကျော်ဦး ၈/ခမန(နိုင်)၀၅၉၀၄၂၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖခင်အမည်မှန်**
တောင်ကြီးမြို့၊ အထက (၅)၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်ဝင်းပြည့်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နီ ဖြစ်ပါကြောင်း။
ဦးအောင်နီ

**အမည်မှန်**
ဦးမြင့်သိန်း၏သား သီပေါမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ခ) မှ မောင်ဝံလာမြင့်သိန်း၏ အမည်မှန်မှာ မောင်ဝဋ္ဍာမြင့်သိန်း ဖြစ်ပါသည်။

**အမည်မှန်**
မြစ်ကြီးနားမြို့၊ မြစ်ကြီးနားတက္ကသိုလ်၊ အဝေးသင်ပထမနှစ် (သတ္တဗေဒ)မှ မနှင်းနွေဦး၏ အမည်မှန်မှာ မမေနှင်းနွေဦး ၁/မကန(နိုင်)၂၀၃၁၀၄ ဖြစ်ပါသည်။

**အမည်မှန်**
ဦးဝင်းဖေ၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကျော်ရွာ၊ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မငယ်ငယ်ထွန်း၏ အမည်မှန်မှာ မငယ်ငယ်ထွေး ဖြစ်ပါကြောင်း။
မငယ်ငယ်ထွေး

**ဖခင်အမည်မှန်**
မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ အထကခွဲ (မိုးဘုံ) တက္ကသိုလ်ဝင်တန်းမှ မနန်းပေါင်းဟွမ်၏ ဖခင်အမည်မှန်မှာ ဦးဆာအေး ၁၃/မမတ(နိုင်)၀၄၀၄၉၃ ဖြစ်ပါကြောင်း။
ဦးဆာအေး ၁၃/မမတ(နိုင်)၀၄၀၄၉၃

**ဖခင်အမည်မှန်**
လားရှိုးမြို့၊အထက(၄)၊ တက္ကသိုလ်ဝင်တန်း (ဂ) မှ နန်းဖွေးလောဝ်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းခမ်းအောင် ၁၃/မရတ(နိုင်)၀၀၈၇၄၈ ဖြစ်ပါသည်။

**ပတ်စ်ပို့ပျောက်**
ကျွန်မ ဒေါ်ကွမ်းချိန်(ခ)ယဉ်ယဉ်ဝင်း ၁/မကန(ဧည့်)၀၀၀၃၆၅ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၄၀၂၄၃၆

**ဖခင်အမည်မှန်**
ညောင်ရွှေမြို့၊ အထက ဟဲယာရွာမ၊ တက္ကသိုလ်ဝင်တန်း (က) မှ မသန္တာစိုး၏ ဖခင်အမည်မှန်မှာ ဦးညီညီလေး ၁၃/ညရန(နိုင်)၀၉၅၄၆၅ ဖြစ်ပါကြောင်း။
ဦးညီညီလေး

**အမည်မှန်**
မြစ်ကြီးနားမြို့၊ ရာပြည့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း($P_4$)မှ မောင်လဗွန်ဘရန်၏ အမည်မှန်မှာ မောင်လဗွမ်ဘရန် ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
မိုးကောင်းမြို့၊ နမ္မတီး၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မဂျာနန်၏ဖခင်အမည်မှန်မှာ ဦးမုန်ဒူလ ၁/မကတ(နိုင်)၀၉၅၆၆၉ ဖြစ်ပါသည်။

**မွေးသက္ကရာဇ်အမှန်**
ဦးကျင်ဒိုမှန်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကျိန်ခွဲ့ကိုယ်ပိုင်အထက်တန်းကျောင်း၊ အဋ္ဌမတန်းမှ မောင်ခုပ်ထွန်းလျန်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၄-၂၀၀၃ ဖြစ်ပါကြောင်း။
မောင်ခုပ်ထွန်းလျန်

**ဖခင်အမည်မှန်**
မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ အထကခွဲ (မိုးဘုံ)တက္ကသိုလ်ဝင်တန်းမှ မခင်မာဦး၏ ဖခင်အမည်မှန်မှာ ဦးအိုက်ပူး ၁၃/မဆတ(နိုင်)၀၂၂၂၇၁ ဖြစ်ပါကြောင်း။
ဦးအိုက်ပူး ၁၃/မဆတ(နိုင်)၀၂၂၂၇၁

**အမည်မှန်**
လားရှိုးမြို့၊အထက(၄)၊ တက္ကသိုလ်ဝင်တန်း (ဂ)မှ မောင်စောလယ်မှူး၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်စောလယ်မူး ဖြစ်ပါသည်။

**ပတ်စ်ပို့ပျောက်**
ကျွန်မ ဒေါ်ဆုမွန်ထက် ၉/ပကခ(နိုင်)၀၀၁၁၀၉ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၀၇၄၆၈၇၃

**ဖခင်အမည်မှန်**
တောင်ကြီးမြို့၊ ဆောင်းဖို အထက (ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ ခွန်ထွန်းလှိုင်၏ ဖခင်အမည်မှန်မှာ ဦးခွန်မောင်တောင် ၁၃/တကန(နိုင်)၁၉၈၃၆၁ ဖြစ်ပါကြောင်း။
ဦးခွန်မောင်တောင်

**သားအဖြစ်မှစွန့်လွှတ်ခြင်း**
ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ မော်ရှန်ကျေးရွာနေ ကျွန်တော် ဦးဟိုက်ဒါးနှင့် ကျွန်မဒေါ်ထွေးရီတို့၏သား မောင်ဝင်းကျော်အောင် ၁/မကန(နိုင်)၁၁၀၉၃၀ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်း ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

# ဆေးပညာသတင်းဆန်းများ (၁၄၀)

## ဒေါက်တာကံညွန့်

**ဦးခေါင်းအစားထိုးကုသခြင်း**

ယခုစတင်ဖော်ပြမယ့်သတင်းကတော့ ဆေးပညာသမိုင်းမှာ မော်ကွန်းတင်ရမယ့်သတင်းဖြစ်ပြီး ခွဲစိတ်ပညာသမိုင်းမှာတော့ ပထမဆုံးပြုလုပ်တာဖြစ်တဲ့ သတင်းပါပဲ။ ဒါကတော့ လူတစ်ယောက်ဦးခေါင်းကို လည်ပင်းကဖြတ်ပြီးနောက် လူတစ်ယောက်ထံမှာ အစားထိုးခွဲစိတ်ကုသပေးမယ့် Head Transplant အကြောင်းပါပဲ။ ခွဲစိတ်ခံမယ့်သူကတော့ Russia လူမျိုး Valery Spridorov ဆိုသူဖြစ်ပြီးဦးဆောင်ခွဲစိတ်ကုသပေးမယ့် ဆရာဝန်ကတော့ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ဆရာဝန်ကြီး အီတလီနိုင်ငံသား Dr Canavero ဖြစ်ပါတယ်။ ခွဲစိတ်ခံဖို့ အဆိုပြု ထားသူလူနာကတော့ အသက် ၃၁နှစ်အရွယ်ရှိပြီး သူဟာ Werdnig Hoffman Diseaseခေါ်တဲ့ ကြွက်သားအားပျော့ရောဂါကို ခံစားနေရပြီး တစ်ကိုယ်လုံးမလှုပ်ရှားနိုင်ဘဲ Wheel Chair နှင့်သာ သွားလာနေရသူဖြစ်ပါတယ်။ သူ့ဦးခေါင်းကို ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းတဲ့ ဦးနှောက်သေ ( Brain Death) ဖြစ်နေသူတစ်ဦးထံမှာ အစားထိုးပေးခြင်းဖြင့် လူနှစ်ဦးပေါင်း တစ်ဦးကောင်းအောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒီခွဲစိတ်မှုမှာလူပေါင်း ၁၅၀ ပါဝင်ဆောင်ရွက်ရ မှာဖြစ်ပြီး ဦးနှောက်အာရုံကြောနှင့် အရိုးခွဲစိတ်ဆရာဝန် ကြီးများ၊ သမားတော်ကြီးများ၊ မေ့ဆေးဆရာဝန်ကြီးနှင့် တခြားဆေးဘက်ဆိုင်ရာပညာရှင်များက အဖွဲ့နှစ်ဖွဲ့ခွဲကာ ဆောင်ရွက်ကြမှာဖြစ်ပါတယ်။

လောလောဆယ်မှာတော့ ဒီခွဲစိတ်မှုကို အမေရိကန်နိုင်ငံ University of Texas Hospital မှာ ၂၀၁၇ခုနှစ် နှစ်ဦးပိုင်းလောက်မှာ ဆောင်ရွက်ဖွယ်ရှိနေပါတယ်။ ဒီခွဲစိတ်မယ့်အစီအစဉ်ကို ၂၀၁၅ ခုနှစ် (၃၉) ကြိမ်မြောက် American Academy of Neuro and Orthopaedic Surgeon နှစ်ပတ်လည်ညီလာခံမှာ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီခွဲစိတ်မှုသာအောင်မြင်ခဲ့ရင် ခွဲစိတ်ခံရသူဟာ သုံးလမှ ခြောက်လအတွင်း လူကောင်းတစ်ယောက်လို လျှောက်သွားလာနိုင်မယ်လို့ ဆိုပါတယ်။

အမှန်တော့ လူတွေမှာမဟုတ်ဘဲ မျောက်မှာဦးခေါင်းအစားထိုးခွဲစိတ်ကုသခြင်းကို ၁၉၇၀ ပြည့်နှစ်ကအမေရိကန်ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ဆရာဝန်ကြီး Dr. Robert White က ဆောင်ရွက်ခဲ့ဖူးပါတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ဒါပေမယ့် ဆေးပညာတိုးတက်လာတာနဲ့အမျှ ၂၁ ရာစုအစမှာ လူတွေမှာဒီ Head Transplant ကို ဆောင်ရွက်နိုင်လိမ့်မယ်လို့ ခန့်မှန်းထားခဲ့ပါတယ်။ ယခုလောလောဆယ်မှာတော့ ဒီခွဲစိတ်မှုအတွက် Brain Death ဦးနှောက်သေပြီး ခန္ဓာကိုယ်သန်စွမ်းနေတဲ့ အလှူရှင်လူနာ Valery နဲ့လည်း သွေးအုပ်စုနှင့် တခြားလိုအပ်မှုများကို ကိုက်ညီသူအမြန်ရရှိနိုင်ရေးသာ အရေးကြီးနေကြောင်း တင်ပြလိုက်ရပါတယ်။



**မျက်ကပ်မှန်နဲ့ ရေတိမ်စစ်မယ်**

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ မိမိမှာ ရေတိမ်ရောဂါရှိမရှိနှင့် ရှိနေရင်လည်းရေတိမ်ရဲ့အခြေအနေ ဘယ်လိုရှိသလဲဆိုတာကို မျက်ကပ်မှန်တပ်ဆင်ရင်းစမ်းသပ်နိုင်ပြီဆိုတဲ့သတင်းပါ။ ဒီမျက်ကပ်မှန်ကို တီထွင်နိုင်ခဲ့သူတွေကတော့ Columbia တက္ကသိုလ်က ဆေးပညာရှင်တွေဖြစ်ပါတယ်။သူတို့ဟာ Sensimed Triggerfish ခေါ် မျက်ကပ်မှန်ကို တီထွင် နိုင်ခဲ့ကြပါတယ်။ သူတို့ဟာ ဒီမျက်ကပ်မှန်ကို လူနာ ၄၀ ကို ၂၄ နာရီတပ်ဆင်ပြီး စမ်းသပ်လိုက်တဲ့အခါ ရေတိမ်အတက် အကျကိုသိနိုင်ပြီး ရေတိမ်ရဲ့အခြေအနေကို ခန့်မှန်းနိုင်ခဲ့တယ် လို့ဆိုပါတယ်။ ရေတိမ်ရောဂါသံသယရှိသူတွေနှင့် ရေတိမ်ရောဂါရှိသူတွေမှာ မနက်နှင့်ညနေ ရေတိမ်အတက်အကျရှိတာကို စမ်းသပ်ရတာဖြစ်ပါတယ်။ ဒီလိုအတက်အကျကို မျက်ကပ်မှန်မှာရှိနေတဲ့ Electrical Signal နဲ့ Record လုပ်နိုင်အောင် ပြုလုပ်ထားတာလို့ဆိုပါတယ်။ ဒီမျက်ကပ်မှန်ပေါ်လာခြင်းကြောင့် လူနာကိုမနက်တစ်ခါ ညတစ်ခါဆေးရုံဆေးခန်းတွေမှာ IOP ခေါ်တဲ့ Intaocular Pressure ရေချိန်ကို လာစမ်းစရာ မလိုတော့ဘဲ ဒီမျက်ကပ်မှန်ကိုတပ်ဆင်ထားပြီး စမ်းနိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။



**ပန်းနာရင်ကျပ်အတွက်ဆေးစွမ်းကောင်း**

ယခုဖော်ပြလိုတဲ့သတင်းကတော့ ပန်းနာရင်ကျပ်ရောဂါခံစားနေရသူတွေအတွက်ပါ။ ဒီရောဂါအတွက် ဆေးတွေအမျိုးမျိုးရှိနေပြီး ဒီအထဲမှာ ရင်ကျပ်လာရင်ရှူရတဲ့ဆေးတွေလည်းပါဝင်ပါတယ်။ အခုပေါ်လာတဲ့ဆေးကတော့ တစ်နေ့နှစ်လုံး မှန်မှန်စားနေရုံနှင့် ပန်းနာရင်ကျပ်ကို လုံးဝမဖြစ်အောင် ကာကွယ်နိုင်တဲ့ဆေးဖြစ်ပါတယ်။ ဒီဆေးနာမည်ကတော့ FEVIPIPRANT လို့အမည်ပေးထားပြီး ထုတ်လုပ်တဲ့ ကုမ္ပဏီကတော့ Novartis ကုမ္ပဏီကဖြစ်ပါတယ်။ ပန်းနာရင်ကျပ်ဟာ အများအားဖြင့် အစားအစာသို့မဟုတ် အနံ့တစ်ခုခုက ကိုယ်ခန္ဓာနှင့် Alergic ဖြစ်ပြီး စပေါ်ခဲ့တာဖြစ်ပါတယ်။ ဒီလိုဖြစ်လာရင် သွေးထဲမှာ Eosinophil ဆိုတဲ့ Cells တစ်ခုပေါ်မှာ အကျိုးသက်ရောက်မှုဖြစ်ပြီး ရင်ကျပ်ပန်းနာဖြစ်ရတာလို့ဆိုပါတယ်။ ယခု Novartis က ထုတ်လုပ်လိုက်တဲ့ ဒီဆေးကတော့ ဒီ Eosinophil Cell အပေါ်မှာ Allegic Reaction မပေါ်အောင် နှိုးဆွနိုင်စွမ်းရှိတယ်လို့ဆိုပါတယ်။ ယခုဒီဆေးကို လူနာ ၆၁ ဦးအား ၁၂ ပတ်ကြာစမ်းသပ်ရာမှာတော့ အားလုံးလိုလို အခြေအနေကောင်းတာကို တွေ့ရတယ်လို့ဆိုပါတယ်။ နောက်ထပ်စမ်းသပ်စရာတွေ လုပ်ရဦးမှာဖြစ်ပေမယ့် ပန်းနာရင်ကျပ်ရောဂါရှင်တွေအတွက်တော့ အစွမ်းထက်တဲ့ဆေးတစ်ခုပေါ်လာတော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**Caffeine ဓာတ်ပါတဲ့အစားအသောက်ကြောင့် နှလုံးခုန်မမှန်ခြင်းဖြစ်ပေါ်နိုင်မှုမရှိ**



နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ Caffeine ဓာတ်ပါတဲ့ အစားအသောက်တွေဟာ နှလုံးခုန်ခြင်း၊ နှလုံးမမှန်ခြင်းတို့ကို ဖြစ်စေတယ်ဆိုတာ မဟုတ်မှန်ကြောင်း လေ့လာထားတဲ့အကြောင်းပါ။ ဒီလိုလေ့လာထားသူတွေကတော့ University of California, San Francisco(UCSF) က နှလုံးရောဂါဆေးပညာရှင်တွေဖြစ်ပါတယ်။ ဒီအကြောင်းကို Journal of American Heart Association မှာ ဖော်ပြထားတာပါ။

သူတို့အဆိုအရ လူ ၁၃၈၈ ဦးရဲ့ ကော်ဖီသောက်နှုန်းမှတ်တမ်းနှင့် Caffeine ပါဝင်နှုန်းတို့ကို လေ့လာထားပြီး သူတို့ရဲ့ပုံမှန်အလုပ်တွေကိုလုပ်ပြီး စမ်းသပ်ခဲ့တာဖြစ်ပါတယ်။ ဒီလိုစမ်းသပ်လိုက်တဲ့အခါ Caffeine ဓာတ်များများသောက်ထားတဲ့အုပ်စုနှင့် ပုံမှန်လောက်သာသောက်ထားသူတွေရဲ့ နှလုံးခုန်နှုန်း၊ နှလုံးခုန်မမှန်ခြင်း စတာတွေမှာ ထူးခြားမှုရှိတာ မတွေ့ရဘူးလို့ဆိုပါတယ်။ ပုံမှန်အားဖြင့် Caffeine ဟာ သာမန်လူတွေမှာ ဒီလိုဘေးထွက်ဆိုးကျိုးတွေမဖြစ်နိုင်ပေမယ့် Caffeine နဲ့ ဓာတ်မတည့်သူတွေ၊ နဂိုနှလုံးရောဂါအခံရှိသူတွေ ထံမှာတော့ အကျိုးသက်ရောက်မှုရှိကောင်းရှိနိုင်မယ်လို့ဆိုပါတယ်။ ဒါကြောင့် နဂိုကပဲယူဆထားခဲ့တဲ့ Caffeine ဟာ နှစ်လုံးခုန်ခြင်း၊ နှလုံးခုန်မမှန်ခြင်းကို ဖြစ်စေတယ်ဆိုတာ ပြန်လည်သုံးသပ်သင့်ကြောင်း တင်ပြလိုက်ရပါတယ်။

**နာကျင်ကိုက်ခဲမှုအတွက် ကုထုံးသစ်**

ကိုယ်ခန္ဓာမှာ အကိုက်အခဲတစ်ခုခုခံစားနေရပြီဆိုရင် စားဆေး၊ ထိုးဆေး၊ လိမ်းဆေး၊ အပူကပ်ခြင်း၊ အအေးကပ်ခြင်းစတဲ့ တစ်ခုခုလုပ်ပေးမှ ပျောက်ကင်းတတ်ကြပါတယ်။ ယခုနောက်ပိုင်း လျှပ်စစ်နဲ့အသုံးပြုလာတဲ့ TENS ခေါ်တဲ့ Transcutaneous Electrical Nerve Stimulation နှင့် GS ခေါ်တဲ့ Galvanic Stimulation နည်းတွေဟာလည်း ထိရောက်တဲ့အနာ သက်သာစေတဲ့နည်းတွေဖြစ်တဲ့အတွက် အများလက်ခံအသုံးပြုလာကြပြီဆိုတဲ့သတင်းပါ။ ပထမနည်းဖြစ်တဲ့ TENS မှာ အရေပြားပေါ်မှာ Electric Stimulation ပေးလိုက်တာနဲ့ အနာရှိတဲ့နေရာက ဦးနှောက်ကို ပို့လိုက်တဲ့နာကျင်မှုခံစားချက်ဟာ ဦးနှောက်ကိုမရောက်နိုင်တော့ဘဲ ဒီ Stimulation ကြောင့် ပျက်ပြယ်စေတဲ့နည်းဖြစ်တယ်။ ဒီကုသချက်ဟာ တခြားကုသချက်အားလုံးထက်အနာကို မြန်မြန်သက်သာစေတဲ့နည်းဖြစ်တယ်လို့ ဆိုပါတယ်။ ဒီကုသနည်းဟာ ထိခိုက်ဒဏ်ရာတစ်ခုခုကြောင့် နာကျင်ခြင်း၊ နာတာရှည်ရောဂါတစ်ခုခုကြောင့် အဆစ်ရောင်ရောဂါ ဖြစ်ခြင်း၊ အားကစားလှုပ်ရှားမှုတစ်ခုခုကြောင့် နာကျင်မှုရရှိခြင်းစတဲ့ အခြေအနေမှာ အသုံးပြုတာများလာပြီလို့ဆိုပါတယ်။ အကိုက်အခဲပျောက်တဲ့ သောက်ဆေးထိုးဆေးတွေကြောင့် ဆေးရဲ့ဘေးထွက်ဆိုးကျိုးခံစားရခြင်း၊ ဆေးစွဲခြင်းအန္တရာယ်တွေကလည်း ကင်းနိုင်တာကြောင့် သုံးစွဲသင့်တဲ့ ကုထုံးတစ်ခုအဖြစ်တင်ပြလိုက်ရပါတယ်။



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကျော်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသိန်းဇော်ဦးတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးနှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၁၈ ရက် နံနက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်း၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနအတွင်း၊ အပြင်တို့တွင် ပေါင်းမြက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့ကို ဆောင်ရွက်ခဲ့စဉ်။ စိုင်း(သီပေါ)

## မိခင်နှင့်ကလေးကျန်းမာရေးအသိပညာပေး

**ကလေး စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မိခင်နှင့်ကလေးများ၏ ကျန်းမာရေးအသိပညာပေးရှင်းလင်းဆွေးနွေးဟောပြောပွဲကို စက်တင်ဘာ ၁၉ရက် နံနက် ၁၁ နာရီက ကလေးမြို့ မြို့တော်ခန်းမဥ္ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင် ဒေါ်သီတာချိုက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဌာနမှ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာ စိုးမိုးထွေးက ဇီကာဗိုင်းရပ်စ်ရောဂါပိုးအကြောင်းသိကောင်းစရာများ၊ ကလေးအထူးကုဆရာဝန် ဒေါက်တာပြည့်ဖြိုးအောင်က ကလေးများနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးသိကောင်းစရာများကို ပါဝါပွိုင့်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးဟောပြောကြသည်။

ယင်းနောက် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်သီတာချိုက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေကျပ်တစ်သိန်းနှင့် သားဖွားခန်းအသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။ **ချင်းတွင်းသား**



မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ထွန်း ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၁၉ ရက်က တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေးပညာပေးယာဉ်ဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက် Ve Ve အချိုရည်စက်ရုံနှင့် အထက(၂၇)ကျောင်းသို့သွားရောက်၍ လူကုန်ကူးမှုအန္တရာယ်သိကောင်းစရာများကို ပြသပေးစဉ်

တင်မောင်(မန်းကိုယ်ပွား)

## ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်၊ စုပေါင်းသန့်ရှင်းရေးလုပ်

**မိုးမောက် စက်တင်ဘာ ၂၁**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးမောက်မြို့နယ် ရဲတပ်ဖွဲ့ ရဲမှူးဖြူဝင်း ဦးဆောင်ပြီး မြို့မရဲစခန်းမှူး ဒုရဲမှူးခင်မောင်ထွေးနှင့် ရဲတပ်ဖွဲ့ဝင် ၅၀ တို့သည် စက်တင်ဘာ ၁၉ ရက် နံနက်က ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း/ အပြင်ချုံနွယ်များရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းတို့ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြည်နယ်ဦးစီးမှူးနှင့်အဖွဲ့ ပညာပေးစိုက်ခင်းများကွင်းဆင်းစစ်ဆေး

**သီပေါ စက်တင်ဘာ ၂၁**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် မိုးရာသီတွင် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဘော်ကြိုကျေးရွာအုပ်စု မော်ကေကျေးရွာတွင် မိုးစပါးစံပြကွက်ပြုလုပ်ပြသခြင်း၊ ခေါင်နှံဖြင့် မျိုးပွားစိုက်ပျိုးခြင်းများ ဆောင်ရွက်ပညာပေးလျက်ရှိသည်။

အဆိုပါပညာပေးစံပြစိုက်ခင်း၊ မျိုးပွားခင်းများသို့ အောက်တိုဘာ ၁၉ ရက် ရှမ်းပြည်နယ်(တောင်ကြီး)စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းဝင်းနှင့် စီမံကိန်းတာဝန်ခံများက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ သီပေါမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမိုးကျော်စွာဝင်းနှင့် ကွင်းတာဝန်ခံများက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **စိုင်းသာလှိုင်**

# နေသူရိန်၏အရှိန်အဝါဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်း

**သိပ္ပံစာရေးဆရာကိုကိုအောင်**

လူတို့မှီတင်းနေထိုင်ရာ ဤမြေကမ္ဘာကြီးသည် နေစကြဝဠာအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်ကြီးကိုးလုံးအနက် သက်ရှိတို့ ရှင်သန်ရပ်တည်နေထိုင်နိုင်သည့် တစ်ခုတည်းသောဂြိုဟ်ဖြစ်သည်။ နေစကြဝဠာအဖွဲ့အစည်းအတွင်းရှိ ကျန်ဂြိုဟ်များ၌ မည်သည့်ဇီဝရုပ်တို့မျှ ရှင်သန်ရပ်တည်နေထိုင်နိုင်စွမ်း မရှိကြပေ။ ထို့ပြင် ဤမြေကမ္ဘာပေါ်သို့ကျရောက်သော နေ၏အလင်းတန်းများနှင့် အပူရှိန်တို့သည် လွန်ကဲပြင်းထန်ခြင်းမရှိဘဲ သင့်တင့်မျှတသည့်အတွက် ကမ္ဘာပေါ်ရှိ ပင်လယ်ရေနှင့် သမုဒ္ဒရာရေများ၊ မြစ်ချောင်းအင်းအိုင်များထဲရှိ ရေချိုများ၊ မြေအောက်ရေကြောများအတွင်းရှိ ရေအိုင်များထဲမှ ရေချိုများနှင့် မြေလွှာအောက်၌စီးဆင်းနေသော ရေချိုများသည် အရည်ဘဝဖြင့် တည်ရှိနေနိုင်ကြသည်။

နေသူရိန်ဟူ၍လည်းကောင်း၊ နေမင်းကြီးဟူ၍လည်းကောင်း၊ နေစကြဝဠာ၏အဓိပတိဟူ၍လည်းကောင်း အမည်နာမအမျိုးမျိုးတပ်၍ ခေါ်ဝေါ်နေကြသော နေလုံးကြီးသည် ဤမြေကမ္ဘာနှင့်အနီးကပ်ဆုံးသော ကြယ်ကြီးတစ်လုံးဖြစ်ကာ အပူချိန်အားဖြင့် ၁၀၃၀၀ ဒီဂရီဖာရင်ဟိုက်ခန့်ရှိမည်ဟု သိပ္ပံပညာရှင်တို့က ခန့်မှန်းထားကြသည်။ နေလုံးကြီး၏မျက်နှာပြင်ပေါ်ရှိ ရှုပ်ထွေးနေသောသံလိုက်စက်ကွင်းများ၏ ရောယှက်သက်ရောက်မှုကြောင့် အင်္ဂလိပ်အက္ခရာ S ပုံသဏ္ဌာန်ရှိ ဆစ်ဂ်မွိုက်ဓာတ်ငွေ့တိမ်တိုက်များဖြစ်ပေါ်ကာ တစ်နေ့တာအတွင်းမှာပင် ပုံမှန်အားဖြင့် အကြိမ်ရေအတော်များများ ပေါက်ကွဲလျက်ရှိနေသည်။ ထိုပေါက်ကွဲမှုများကြောင့် အပူဓာတ်နှင့် အလင်းတန်းများထွက်ပေါ်ကာ ကမ္ဘာမြေအတွက်လိုအပ်သော အလင်းရောင်နှင့်အပူရှိန်တို့ကို ရရှိစေသည်။

ယင်းကဲ့သို့သော ပေါက်ကွဲမှုများအနက် အင်အားအလွန်ကြီးမားသော ရောမပေါက်ကွဲမှုကြီးမျိုးမှာ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ၂၅ ကြိမ်ခန့် ဖြစ်ပေါ်တတ်သည်။ ရောမပေါက်ကွဲမှုကြီးများ ဖြစ်ပေါ်သည့်အခါ ပူလောင်သောလျှပ်စစ်ဓာတ်သယ်ဆောင်ထားသည့် ဓာတ်ငွေ့တန်ချိန် သန်းပေါင်းတစ်သောင်းခန့်ကို အာကာသထဲသို့ ထုတ်လွှတ်ကာ အာကာသအတွင်း၌ သံလိုက်ဓာတ်အားမုန်တိုင်းတစ်ခုကို ဖြစ်ပေါ်စေသည်။ နေမုန်တိုင်းဟုခေါ်ဆိုသော အဆိုပါသံလိုက်ဓာတ်အားမုန်တိုင်းကြောင့် ခရမ်းလွန်ရောင်ခြည်နှင့် ကော့စမစ်ရောင်ခြည်များ ဖြာထွက်လာသည်။

နေမှဖြာထွက်လာသော ခရမ်းလွန်ရောင်ခြည်သည် လူ့အရေပြားကို သင့်တင့်မျှတစွာ သင့်ရောက်ခဲ့လျှင် ခန္ဓာကိုယ်အတွက်လိုအပ်သော ဗီတာမင်ဒီကို ရရှိစေသော်လည်း အညွှန်းကိန်းမြင့်မားသည့် ခရမ်းလွန်ရောင်ခြည်များ သင့်ရောက်ခဲ့လျှင်မူ ရုပ်ဆင်းသွင်ပြင်အိုမင်းရင့်ရော်ခြင်းနှင့် ပြင်းထန်သောအရေပြားရောဂါများကို ခံစားကြရနိုင်သည်။ သို့ရာတွင် ကမ္ဘာ့မြေပြင်အထက် ၁၆ ကီလိုမီတာမှ ၄၈ ကီလိုမီတာအတွင်း၌ သဘာဝအလျောက်တည်ရှိနေသော အိုဇုန်းလွှာကြီးက အုပ်မိုးပေးထားခြင်းကြောင့် လူတို့အတွက် အကာအကွယ်ကောင်းစွာရရှိနေသည်။

နေလုံးကြီးမှဖြာထွက်လာသည့် နောက်ထပ်ရောင်ခြည်တစ်မျိုးဖြစ်သော ကော့စမစ်ရောင်ခြည် သင့်ရောက်ခဲ့လျှင်မူ ကိုယ်လက်အင်္ဂါမစုံလင်သောကလေးများ မွေးဖွားလာမည်ဖြစ်သည်။ ကမ္ဘာ့လူသားတို့အတွက် ကံကောင်းနေသည့်အချက်မှာ နေမှဖြာထွက်လာသော ကော့စမစ်ရောင်ခြည်များအားလုံးကို အာကာသအတွင်းရှိ မျက်စိဖြင့်မမြင်ရသော Magnetic Bubble ခေါ် သံလိုက်အမြုပ်များက သဘာဝအလျောက် တားဆီးပေးထားခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့သော သဘာဝ အကာအရံအတားအဆီးများကြောင့်ပင် ကော့စမစ်ရောင်ခြည်၏အန္တရာယ်ကို ကမ္ဘာသူကမ္ဘာသားတို့က စိုးရိမ်ရန်မလိုအပ်သလို အိုဇုန်းလွှာကြီး တည်တံ့ကောင်းမွန်နေသရွေ့ ခရမ်းလွန်ရောင်ခြည်၏အန္တရာယ်ကိုလည်း ကြောင့်ကြနေရန်မလိုအပ်ပေ။ သို့ရာတွင် အန္တာတိကတိုက်အပေါ်တည့်တည့် စတုရန်းမိုင် ၁၁ သန်းခန့်ရှိသော ရောမအိုဇုန်းလွှာအပေါက်ကြီးကြောင့် ကမ္ဘာမြေပေါ်သို့ ခရမ်းလွန်ရောင်ခြည် A နှင့် B တို့ ကျရောက်နေခြင်းက ကမ္ဘာ့လူသားတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိနေသည်။

နာနိုမီတာ ၂၅၀ အောက်ရှိသည့် C အုပ်စု ခရမ်းလွန်ရောင်ခြည်များက ကမ္ဘာ့လေထုလွှာအတွင်းသို့ ရောက်မလာနိုင်သော်လည်း နာနိုမီတာ ၂၅၀ မှ ၃၁၅ အကြားရှိ B အုပ်စု ခရမ်းလွန်ရောင်ခြည်များနှင့် နာနိုမီတာ ၃၁၅ မှ ၄၀၀ အကြားရှိ A အုပ်စု ခရမ်းလွန်ရောင်ခြည်တို့ကမူ အိုဇုန်းလွှာအကာအကွယ်မဲ့နေသော နေရာများမှတစ်ဆင့် ကမ္ဘာမြေပေါ်သို့ ကျရောက်လျက်ရှိနေကြသည်။ ခရမ်းလွန်ရောင်ခြည်သင့်ရောက်ခံရပါက ရောင်ခြည်သင့်သည့် အချိန်ကာလကြာမြင့်မှုအပေါ်မူတည်ပြီး အရေပြားပေါ်၌ နေလောင်ကွက်များဖြစ်ပေါ်ခြင်း၊ ရုပ်ဆင်းသဏ္ဌာန်အိုမင်းရင့်ရော်ခြင်း၊ မျက်စိတိမ်စွဲခြင်းနှင့် အရေပြားကင်ဆာဝေဒနာ ခံစားရခြင်း စသည်တို့ကို ဖြစ်ပေါ်စေနိုင်သည်။

လူတို့နေထိုင်ရာ ကမ္ဘာကြီးနှင့် နေလုံးကြီးသည် ကီလိုမီတာပေါင်း ၁၄၄ သန်းခန့် ကွာဝေးသည့်အတွက် နေမှထုတ်လွှတ်လိုက်သော အလင်းတန်းများသည် လေဟာနယ်အတွင်း၌ တစ်စက္ကန့်လျှင် ကီလိုမီတာ ၃၀၀၀၀၀ အမြန်နှုန်းဖြင့် ရွေ့လျားလာပြီး အချိန် ၈ မိနစ်ကျော်ကျော်ကြာပြီးမှသာ ကမ္ဘာမြေပေါ်သို့ ရောက်ရှိလာသည်။ ဂြိုဟ်ကြီးတစ်လုံးပေါ်၌ ဇီဝရုပ်များရှင်သန်နိုင်ရန် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သော နေရောင်အလင်းကြောင့် လူတို့အပါအဝင် သက်ရှိမျိုးစိတ်များ ရှင်သန်နေထိုင်နိုင်ကာ မျိုးဆက်ပွားကြရသလို သစ်ပင်တို့ကလည်း မြေကြီးထဲမှစုပ်ယူထားသောအာဟာရများကို နေရောင်ဖြင့်အလင်းဖွဲ့ အစာချက်ကာ ရှင်သန်ကြရသည်။

မျက်မှောက်ကမ္ဘာကြီးသည် တိုးပွားလာနေသည့်လူဦးရေနှင့်အညီ စွမ်းအင်ကဏ္ဍ၌လည်း လိုအပ်ချက်များ တစ်နေ့တခြား တိုးပွားများပြားလာနေသည့်အားလျော်စွာ လျှပ်စစ်စွမ်းအင်ကို နေရောင်ခြည်မှတစ်ဆင့် ထုတ်ယူသုံးစွဲသောနည်းပညာကလည်း ရှေ့တန်းသို့ရောက်ရှိလာသည်။ မည်သည့်အချိန်၌မဆို အသစ်တစ်ဖန် ပြန်လည်ရယူနိုင်သော နေစွမ်းအင်ကို သိပ္ပံပညာရှင်တို့က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်



(Renewable Engergy)ဟု အမည်နာမ တပ်ခဲ့ကြသည်။ ယခုအခါ ကမ္ဘာ့ဒေသအနှံ့တွင် နေရောင်ခြည်ဖြင့် လျှပ်စစ်ထုတ်ယူသုံးစွဲနိုင်သော ဆိုလာလျှပ်ထုတ်စက်အရွယ်အစားအမျိုးမျိုးတို့ကို အသုံးပြုလျက်ရှိနေကြသည်။

နှစ်ဆယ်ရာစု၏ နှောင်းပိုင်းကာလရောက်မှ တွင်ကျယ်စွာသုံးစွဲလာကြသော ဆိုလာလျှပ်ထုတ်စက်များ၏ နည်းပညာမှာ ၁၈၆၀ ပြည့်နှစ်ကတည်းက အစပျိုးခဲ့ခြင်းဖြစ်သည်။ ၁၈၆၀ ပြည့်နှစ်တွင် နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ကြောင်း စတင်ဖော်ထုတ်သိရှိခဲ့ကြသော်လည်း ကမ္ဘာ့လူဦးရေ အလွန်နည်းပါးလှသေးသည့် ထိုစဉ်ကာလများက လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကလည်း နည်းပါးမှုကြောင့် ကမ္ဘာ့ပြည်သူလူထုအတွင်း၌ ကျယ်ကျယ်ပြန့်ပြန့်မဖြစ်ခဲ့ပေ။

အမေရိကန်ပြည်ထောင်စုတွင် ၁၈၉၀ ပြည့်လွန်နှစ်များက နေရောင်ခြည်၏စွမ်းအင်ဖြင့် ရေကို ပူနွေးအောင်ပြုလုပ်ပေးသည့်စက်များကို စတင်အသုံးပြုခဲ့ကြသည်။ ထိုကာလမတိုင်မီက အအေးပိုင်းဒေသများ၌ အနွေးဓာတ်ရရှိနိုင်ရန် ထင်းနှင့် ကျောက်မီးသွေးကိုသာ သုံးစွဲနိုင်ခဲ့ကြရာမှ နေရောင်ခြည်စွမ်းအင်သုံး အပူပေးစက်များ တီထွင်လာနိုင်ခြင်းက ကြီးမားသော တိုးတက်ပြောင်းလဲမှုတစ်ခုပင်ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်ဝန်းကျင်၌ နေရောင်ခြည်ဖြင့်အပူပေးနိုင်သော စက်ကိရိယာများကို ကမ္ဘာတစ်ဝန်း တွင်တွင်ကျယ်ကျယ်သုံးစွဲလာခဲ့ကြသည်။

နောက်ပိုင်းတွင် ရုပ်ကြွင်းလောင်စာများဖြစ်ကြသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို သုံးစွဲသော အပူပေးကိရိယာများကို တီထွင်ထုတ်လုပ်လာနိုင်သည့်အတွက် ကုန်ကျစရိတ်သက်သာသည့် အဆိုပါစက်များကြောင့် နေရောင်ခြည်စွမ်းအင်သုံး အပူပေးကိရိယာများ၏အခန်းကဏ္ဍမှာ မှေးမှိန်သွားခဲ့သည်။ ယခုအခါ၌မူ ရုပ်ကြွင်းလောင်စာဈေးနှုန်းများ အဆမတန်မြင့်တက်လာခြင်းနှင့် ရုပ်ကြွင်းလောင်စာများ၏ ဘေးထွက်ဆိုးကျိုးများကြောင့် နေရောင်ခြည်သုံးအပူပေးကိရိယာများ တစ်ခေတ်ဆန်းသစ်လာပြန်သည်။

နေရောင်ခြည်စွမ်းအင်သုံး အပူပေးစက်များ တစ်ကျော့ပြန်ခေတ်စားလာခြင်းနှင့်အတူ နေရောင်ခြည်မှလျှပ်စစ်ဓာတ်ကို တိုက်ရိုက်ထုတ်ယူသုံးစွဲနိုင်သောနည်းပညာများကလည်း ရှေ့တန်းသို့ရောက်ရှိလာသည်။ နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်သည့် နည်းလမ်းနှစ်သွယ်ရှိသည်။ ပထမနည်းလမ်းမှာ နေရောင်ခြည်ကို

**နေရောင်ခံဆိုလာပြားများ ထုတ်လုပ်ရန်အတွက်အသုံးပြုရသော အဓိကကုန်ကြမ်းမှာ ဆီလီကွန်ဖြစ်သည်။ ဆီလီကွန်သည် ကမ္ဘာ့သယံဇာတများထဲတွင် အောက်ဆီဂျင်ပြီးလျှင် ဒုတိယအကြွယ်ဝဆုံးသော ဒြပ်စင်ဖြစ်၍ ရာစုနှစ်နှင့်ချီ၍ကြာမြင့်သည့်တိုင် သိသာစွာ လျော့နည်းကုန်ခန်းသွားဖွယ် မရှိနိုင်ပေ။ ဆိုလာပြားကို သုံးစွဲသူများလာလေ...အရေအတွက် ပို၍ထုတ်လုပ်ပေးရလေ...ကုန်ကျစရိတ်က ပို၍သက်သာလာလေဖြစ်ခြင်းကြောင့် တစ်နေ့တခြား ဈေးနှုန်းကျဆင်းလာဖွယ်ရှိနေသည့် ဆိုလာပြားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးသော စက်များသည် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အပေါင်းလက္ခဏာဆောင်သော ထုတ်ကုန်တစ်မျိုးဖြစ်လျက်ရှိနေသည် . . .**

ကြေးမုံချပ်များဖြင့်ခံယူပြီး တစ်နေရာတည်း၌စုစည်းစေလျက် နေရောင်ခြည်အစုအဝေး၏စွမ်းအင်ဖြင့် ရေကိုအပူပေး၍ ရေပူ၏စွမ်းအင်ဖြင့် တာဘိုင်စက်များကိုလည်ပတ်စေကာ လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းဖြစ်သည်။

ဒုတိယနည်းလမ်းကမူ ဆိုလာပြားခေါ် Photovoltic Cell များဖြင့် နေရောင်ကိုဖမ်းယူကာ အက်တမ်များကို အီလက်ထရွန်များအဖြစ် ကွဲထွက်စေခြင်းဖြင့် လျှပ်စစ်ဓာတ်ထွက်ပေါ်လာစေခြင်း ဖြစ်သည်။ အဆိုပါနည်းပညာကို ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက အမေရိကန်ပြည်ထောင်စုက အာကာသထဲသို့ လွှတ်တင်ခဲ့သည့်ဂြိုဟ်တုများ၌ တပ်ဆင်အသုံးပြုခဲ့ရာ ယနေ့ထိတိုင်ပင်ဖြစ်သည်။ ဆိုလာစနစ်သုံး အလင်းမီးအိမ်၊ လက်ပတ်နာရီ၊ ဂဏန်းတွက်စက်၊ အချက်ပြမီး၊ ရေတင်စက် စသည်တို့တွင် အဆိုပါနည်းပညာကို အသုံးပြုထားသည်။

ပထမနည်းလမ်းဖြစ်သည့် နေရောင်ခြည်အစုအဝေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းမှာ ရင်းနှီးမြှုပ်နှံရသည့် ကိန်းဂဏန်းပမာဏ ကြီးမားကျယ်ပြန့်သည့်အတွက် တစ်ပိုင်တစ်နိုင်ဆောင်ရွက်ခြင်း မပြုနိုင်ကြပေ။ အဓိကကုန်ကြမ်းများအဖြစ် လွယ်လင့်တကူရရှိနိုင်သော ဖန်၊ သံမဏိနှင့် ကွန်ကရစ်စသည်တို့ကိုသာ အသုံးပြုရသော်လည်း စက်ရုံအဆောက်အအုံ၏အရွယ်အစား ကြီးမားရန်လိုအပ်ခြင်းကြောင့် ၂၅၀ မဂ္ဂါဝပ် ထုတ်ပေးနိုင်သော လျှပ်စစ်စက်ရုံတစ်ရုံအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ မျှအထိပင် ရှိနေသည်။

ဒုတိယနည်းလမ်းဖြစ်သော Photovoltic Cell များဖြင့် လျှပ်စစ်ထုတ်ခြင်းကမူ နေအိမ်တစ်လုံးစာ လျှပ်စစ်ဓာတ်အားမျှကိုသာလိုအပ်လျှင် တစ်ပိုင်တစ်နိုင်သုံးအဖြစ် ထုတ်လုပ်ပေးနိုင်သလို အသေးစားနှင့် အလတ်စား စက်ရုံများအတွက်လည်း လုပ်ငန်းသုံးအဖြစ် ထုတ်လုပ်ပေးနိုင်စွမ်းရှိသည်။ မဂ္ဂါဝပ် ၂၀၊ ၃၀၊ ၄၀ စသော လုပ်ငန်းသုံးလျှပ်စစ်ဓာတ်အားကို ဤနည်းလမ်းဖြင့် ထုတ်လုပ်ပေးနိုင်သည့်အတွက် ကမ္ဘာ့စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် လက်ရှိသုံးစွဲလျက်ရှိနေကြသည်။

ပထမနည်းလမ်းက ပြင်းပြသောနေရောင်ခြည်ကို လိုအပ်သော်လည်း၊ ဒုတိယနည်းလမ်းကမူ သာမန်နေရောင်ခြည်ကိုသာ လိုအပ်သည်။ ပထမနည်းလမ်းက အဆောက်အအုံဆောက်လုပ်ရန် လိုအပ်သော်လည်း၊ ဒုတိယနည်းလမ်းကမူ နေရာသီးသန့်မလိုဘဲ နေရောင်ခံဆိုလာပြားများကို အိမ်ခေါင်မိုးပေါ်၌ပင် တင်ထားနိုင်သည်။ တစ်ချိန်က ပထမနည်းလမ်းဖြင့်ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားခက ဒုတိယနည်းလမ်းဖြင့်ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားခထက် လျော့နည်းသက်သာသော်လည်း မျက်မှောက်ခေတ်တွင် ဆိုလာပြားများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်က သိသိသာသာကျဆင်းလာသည့်အတွက် ဒုတိယနည်းလမ်းဖြင့် ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားခက ပိုမိုလျော့နည်းကာ တွက်ခြေကိုက်လျက်ရှိနေသည်။

နေရောင်ခံဆိုလာပြားများ ထုတ်လုပ်ရန်အတွက်အသုံးပြုရသော အဓိကကုန်ကြမ်းမှာ ဆီလီကွန်ဖြစ်သည်။ ဆီလီကွန်သည် ကမ္ဘာ့သယံဇာတများထဲတွင် အောက်ဆီဂျင်ပြီးလျှင် ဒုတိယအကြွယ်ဝဆုံးသော ဒြပ်စင်ဖြစ်၍ ရာစုနှစ်နှင့်ချီ၍ကြာမြင့်သည့်တိုင်သိသာစွာ လျော့နည်းကုန်ခန်းသွားဖွယ် မရှိနိုင်ပေ။ ဆိုလာပြားကို သုံးစွဲသူများလာလေ...အရေအတွက် ပို၍ထုတ်လုပ်ပေးရလေ...ကုန်ကျစရိတ်က ပို၍သက်သာလာလေဖြစ်ခြင်းကြောင့် တစ်နေ့တခြား ဈေးနှုန်းကျဆင်းလာဖွယ်ရှိနေသည့် ဆိုလာပြားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးသောစက်များသည် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အပေါင်းလက္ခဏာဆောင်သော ထုတ်ကုန်တစ်မျိုးဖြစ်လျက်ရှိနေသည်။

ယခုအခါ ဆိုလာပြားဖြင့် လျှပ်စစ်ထုတ်သောစက်များကိုသုံးစွဲမှုမှာ ပျမ်းမျှအားဖြင့် နှစ်စဉ် ၄၀ ရာခိုင်နှုန်း တိုးတက်လျက်ရှိနေသည်။ ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီးများဖြစ်ကြသော အမေရိကန်ပြည်ထောင်စုနှင့် အနောက်ဥရောပနိုင်ငံများသည် ဆိုလာပြားထုတ်လုပ်မှု အင်အားကြီးနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိနေကြသလို... တရုတ်နှင့် ထိုင်ဝမ်စသော အာရှနိုင်ငံများကလည်း ဆိုလာပြားဈေးကွက်ဝေစု တိုးမြှင့်ရရှိနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိနေကြသည်။ ထိုနိုင်ငံများထဲတွင် တရုတ်နိုင်ငံသည် ဆိုလာပြားများကို ထုတ်လုပ်ရောင်းချပေးနေသည့်အပြင် ကိုယ်တိုင်လည်းသုံးစွဲလျက်ရှိနေရာ ၂၀၀၇ ခုနှစ်အတွင်းက ဆိုလာပြားဖြင့်ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားပမာဏ စုစုပေါင်း ၁၁၈၀ မဂ္ဂါဝပ်ကို သုံးစွဲခဲ့ခြင်းဖြင့် ဆိုလာပြားဖြင့်ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲမှုပမာဏအမြင့်မားဆုံးနိုင်ငံအဖြစ် စံချိန်တင်ရပ်တည်ခဲ့သည်။

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် နေရောင်ခြည်ကိုအသုံးချကာ ကမ္ဘာမြေပေါ်၌ လျှပ်စစ်ဆိုင်ရာ စက်ပစ္စည်းကိရိယာများကို လည်ပတ်အလုပ်လုပ်စေသည့်နည်းပညာက ကမ္ဘာတစ်ဝန်း သိသိသာသာ ကျယ်ပြန့်လာနေသည်ကို သိရှိနိုင်သလို နေသူရိန်၏အရှိန်အဝါက မည်မျှကြီးမားသည်ကိုလည်း တွေးဆမိကြလိမ့်မည်ဖြစ်ပေသည်။ ။

## စက်မှုကြီးကြပ်ရေးဦးစီးဌာန ခရိုင်(ရုံးခွဲ) ဖွင့်လှစ်

**ရမည်းသင်း စက်တင်ဘာ ၂၁**
မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ရမည်းသင်းခရိုင်(ရုံးခွဲ)ကို ရမည်းသင်းမြို့ ရွှေစည်းခုံရပ်ကွက်၌ စက်တင်ဘာ ၁၉ ရက်က ဖွင့်လှစ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ ဦးဇော်ဝင်း၊ တိုင်းဒေသကြီး စက်မှုလက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူး ဦးမျိုးထွဋ်ဆွေ၊ လျှပ်စစ်စစ်ဆေးရေး ဒုတိယညွှန်ကြားရေးမှူး ဦးဖြူဝင်းနှင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ခရိုင်ရုံးခွဲ ဖွင့်လှစ်နိုင်သည့်အတွက် ရမည်းသင်းခရိုင်အတွင်းရှိ စက်မှုလုပ်ငန်းရှင်များအနေဖြင့် စက်မှုမှတ်ပုံတင်အသစ်ပြုလုပ်ခြင်း၊ အဟောင်းသက်တမ်းတိုးခြင်းစသည့် လုပ်ငန်းဝန်ဆောင်မှုများကို ယခင်က မန္တလေးတိုင်းရုံးတွင် သွားရောက်ဆောင်ရွက်ခဲ့ကြရာမှ ယခုအခါ ခရိုင်အတွင်း၌ပင် လွယ်လင့်တကူဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် စက်မှုလုပ်ငန်းရှင်များအတွက် များစွာအဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး (ရမည်းသင်း)**

## ကျန်းမာရေးပညာပေးဟောပြောပြီး တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသ



**သရက်ချောင်း စက်တင်ဘာ ၂၁**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် သရက်နှစ်ခွကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဒေသခံပြည်သူများအား ခရိုင်နှင့် မြို့နယ် တိုင်းရင်းဆေးကုဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့် အခမဲ့ကွင်းဆင်းဆေးကုသပေးခြင်းများကို စက်တင်ဘာ ၁၉ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးရွာနေပြည်သူများအား ခရိုင်တိုင်းရင်းဆေးကုသရေးဌာနမှူး ဒေါ်ယဉ်ယဉ်မြင့်က တိုင်းရင်းဆေးနှင့် ဆေးမြီးတိုများ၏ အသုံးဝင်ပုံများအကြောင်း ရှင်းလင်းဟောပြောပြီး မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်သီတာခိုင်က မီးဖိုချောင်သုံး ဆေးဖက်ဝင်အပင်များအကြောင်းကို အသေးစိတ်ဟောပြောသည်။ ထို့နောက် ကျန်းမာရေးပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့စမ်းသပ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ ဒူးနာ၊ ခါးနာ၊ ထုံကျင်၊ အကြောတက်၊ နှလုံးအားနည်းခြင်း၊ အရေပြားရောဂါ စသည့်ဝေဒနာရှင် ၇၁ ဦးကို စမ်းသပ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## မိုဘိုင်းဖုန်းသုံး ခေတ်မီနည်းပညာပြန့်ပွားရေးသင်တန်းဖွင့်

**ဆော စက်တင်ဘာ ၂၁**
ဆောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်အဖွဲ့တို့ပူးပေါင်း၍ ဆောမြို့နယ် ပြန်/ဆက်ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ မိုဘိုင်းဖုန်းအသုံးပြု၍ ခေတ်မီနည်းပညာပြန့်ပွားအောင်ဆောင်ရွက်ရေးသင်တန်းကို စက်တင်ဘာ ၁၉ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းသို့ ဆောမြို့ပေါ်နေ လူငယ် ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းတွင် မိုဘိုင်းအင်တာနက်ကို အသုံးပြု၍ အီးမေးလ်အကောင့် ဖွင့်လှစ်အသုံးပြုခြင်းအပါအဝင် အင်တာနက်၊ အီးမေးလ်အသုံးပြုနည်းနှင့် ခေတ်မီနည်းပညာများ ပြန့်ပွားအောင်ဆောင်ရွက်နည်းများကို ပို့ချခဲ့ကြောင်း၊ ယခုကဲ့သို့ သင်တန်းဖွင့်လှစ် သင်ကြားပေးသည့်အတွက် မိုဘိုင်းဖုန်းကိုအသုံးပြု၍ ခေတ်မီနည်းပညာများကို သိရှိလေ့လာနိုင်ခြင်းကြောင့် လူငယ်များ၏အနာဂတ်အတွက် အထောက်အကူများရရှိကြောင်း သင်တန်းသားလူငယ်တစ်ဦးက ပြောသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြစ်ရေဝင်ရောက်ခဲ့သော ကျေးရွာများမှ နွားအကောင် ၃၀၀ ကို ကာကွယ်ဆေးများထိုးနှံပေး

**ခင်ဦး စက်တင်ဘာ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်း ဇူလိုင်လက ရေဝတီမြစ်ရေဝင်ရောက်ခဲ့သော ကျေးရွာများမှ ဒေသခံပြည်သူများ မွေးမြူထားသော နွားကောင်ရေ ၃၀၀ ကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ခွာနာလျှာနာရောဂါ ကာကွယ်ဆေးများ စက်တင်ဘာ ဒုတိယပတ်အတွင်းမှစ၍ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာလှလှပြုံးနှင့် ဒုတိယဦးစီးမှူးများ၊ ကျေးရွာမွေးမြူရေးအထောက်အကူပြုလုပ်သားများအနေဖြင့် မြစ်ရေဝင်ကျေးရွာများမှ နွားများကို ဩဂုတ်လအတွင်းက ပထမအကြိမ် ကာကွယ်ဆေးများ ထိုးပေးခဲ့ပြီး နွား ၁၅ ကောင်ကို သွေးနမူနာယူ၍ ဓာတ်ခွဲခန်းပို့စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု စက်တင်ဘာလတွင် တစ်လပြည့်ပြီဖြစ်သဖြင့် ခွာနာလျှာနာရောဂါကာကွယ်ဆေးများကို ဒုတိယအကြိမ်ထိုးပေးခြင်းဖြစ်ကြောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် အဖွဲ့များက ကျေးရွာများသို့ကွင်းဆင်းကာ ယခင်ကာကွယ်ဆေးထိုးပြီးသော နွားကောင်ရေ ၃၀၀ ကို စက်တင်ဘာ ၁၄ ရက်မှစ၍ ကာကွယ်ဆေးများ ဒုတိယအကြိမ် ထပ်မံထိုးနှံပေးနေခြင်းဖြစ်ပြီး သွေးနမူနာ



ယူခဲ့သော နွား ၁၅ ကောင်ကိုလည်း သွေးနမူနာ ထပ်မံရယူပြီး ဓာတ်ခွဲခန်းပို့စစ်ဆေးခြင်းကို ဒုတိယအကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းပြုပြင်သင်တန်းဖွင့်

**အင်္ဂပူ စက်တင်ဘာ ၂၁**
အင်္ဂပူမြို့နယ်အတွင်း လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးတွင် တောင်သူများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းပြုပြင်မောင်းနှင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၆)ကို အင်္ဂပူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန (ဆွယ်)စက်မှုလယ်ယာစခန်းကကြီးမှူး၍ မဲဇလီကုန်းမြို့ ဗိုလ်အောင်ကျော်ခန်းမ၌ စက်တင်ဘာ ၁၉ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာက အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသိန်းထွန်စံက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ မဲဇလီကုန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသားတောင်သူလယ်သမား ၃၀ တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၃၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## မြို့စာကြည့်တိုက်သို့ စာရေးဆရာအသင်းက စာအုပ်စာစောင်များလှူဒါန်း

**ငါးသိုင်းချောင်း စက်တင်ဘာ ၂၁**
မြန်မာနိုင်ငံစာရေးဆရာအသင်း(MWA)၏ ဒုတိယအကြိမ်ညီလာခံ(၂၀၁၆)ကို ဂုဏ်ပြုသောအားဖြင့် ငါးသိုင်းချောင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ပြည်သူ့စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်စာစောင်များကို မြို့နယ်စာရေးဆရာအသင်းမှ စက်တင်ဘာ ၁၈ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စာအုပ်များကို ရေကြည်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဝင်းနိုင်(ရွှေရဲလှ)နှင့် အသင်းဝင်များက မြို့နယ်ပြန်/ဆက် ဦးစီးမှူးထံ ပေးအပ်လှူဒါန်းခဲ့ပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း(MWA)၏ ဒုတိယအကြိမ်ညီလာခံ အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ကာ စာရေးဆရာအသင်းဥက္ကဋ္ဌက မြို့နယ်အတွင်းရှိ အသင်းဝင်စာရေးဆရာများအား အတွေ့အကြုံများ ရှင်းလင်းပြောကြားခဲ့သည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးခြင်းကို လှိုင်သာယာတွင် စိတ်ဝင်စားသူများပြား

**ရန်ကုန် စက်တင်ဘာ ၂၁**
ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်တွင် မှုခင်းဖြစ်ပွားမှု တားဆီးကာကွယ်ရေးအတွက် အများပြည်သူနှင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးသည့်အနေဖြင့် မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်အသိပေးခြင်းများကို တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဩဂုတ်လအတွင်းမှစ၍ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၇ ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ အမှတ်(၁)နှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများနှင့် ဒဂုံဈေးအဝေးပြေးဝင်းအတွင်း လှည့်လည်ပြသခဲ့သည်။

လှိုင်သာယာမြို့နယ်တွင် စာသင်ကျောင်း ၅၈ ကျောင်းရှိသည့်အနက် အမှတ်(၁)အထက်တန်းကျောင်းရှေ့နှင့် အမှတ်(၄) ကျောင်းရှေ့တို့၌ ပြသခဲ့ရာတွင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့သည်ကို တွေ့ရသည်။ လှိုင်သာယာမြို့မရဲစခန်းမှူး ဒုရဲမှူးဉာဏ်ဝင်း၊ ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးငွေတင်နှင့် မှုခင်းအသိပညာပေးပြခန်းယာဉ် တာဝန်ခံ အရာရှိ ရဲအုပ်ဝေလွင်တို့က မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး စသည့်အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။

"မှုခင်းအသိပညာပေးယာဉ်နဲ့ လာရောက်ပြသတာဟာ ကလေးတွေအတွက်အကျိုးရှိပါတယ်။ သူတို့အသိတွေကိုလည်း မိသားစုအသိုင်းအဝိုင်းနဲ့ ရပ်ကွက်ထဲက သူငယ်ချင်းတွေဆီကိုလည်း မက်စေ့ချ်ပို့ပေးနိုင်တယ်လေ။ သူတို့ရှောင်ကြဉ်ရမယ့်အချက်တွေကိုလည်း သိသွားတာပေါ့။ အခုလို အသိပညာပေးယာဉ်နဲ့ များများပြသပေးစေချင်ပါတယ်။ တစ်ကြိမ်နဲ့တစ်ကြိမ် မတူတဲ့အသိပညာပေးပြသမှုကို ဆက်လုပ်သွားမယ်ဆိုရင် ကျောင်းသားတွေ စိတ်ဝင်စားမှုတိုးလာမှာပါ"ဟု အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမ ဒေါ်မြင့်မြင့်စန်းက ပြောသည်။

ကျောင်းဝင်ပေါက် အရိပ်ရပိတောက်ပင်အောက်တွင် ရပ်နားပြသထားသော မှုခင်းအသိပညာပေးယာဉ်ပေါ်တွင် ကျောင်းသားများဖြင့် စည်ကားလျက်ရှိကာ ကျောင်းသားများမှာ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ယာဉ်ပေါ်တက်၍ လေ့လာကြည့်ရှုလျက်ရှိသည်။ ယူနီဖောင်းကို သပ်သပ်ရပ်ရပ် ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ထားသော ယာဉ်ထိန်းရဲမေများနှင့် ရဲတပ်ဖွဲ့ဝင် ရဲမေများကို အထက်တန်းကျောင်းသူများက အားကျလေးစားသောအကြည့်တို့ဖြင့်ကြည့်ကာ သိလိုသည်များကို မေးမြန်းကြပြီး ရဲမေများကလည်း ပြုံးရွှင်စွာဖြင့် ရှင်းလင်းဖြေကြားနေသည်ကို တွေ့ရသည်။

"သမီးတို့ ဒါဟာ ယာဉ်ပေါ်မှာပြသတာကို ပထမဆုံးကြည့်ဖူးတာပါ။ နောင်လည်း အခုလို ကြည့်ချင်ပါတယ်။ ကြည့်ရတာအချိန်နည်းတော့ အားမရကြဘူး။ တစ်နေ့တာ ကဏ္ဍစုံသိရရင် သမီးတို့ကျောင်းသားတွေ စာစီစာကုံးအတွက်လည်း အသုံးဝင်မှာပါ။ တစ်ခုအကြံပြုချင်တာက သမီးတို့လူငယ်တွေ ဖေ့စ်ဘုတ်ကိုအကျိုးရှိရှိသုံးတတ်အောင် အသိပညာပေးလေးတွေလည်း ကြည့်ချင်ပါတယ်" ဟု အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသူတစ်ဦးက ပြောသည်။

အထက်တန်း ကျောင်းသားတစ်ဦးကလည်း "အခုလို အသိပညာပေးယာဉ် လာပြတဲ့အတွက် မူးယစ်ဆေးသုံးရင် ဒီလိုဖြစ်တတ်ပါလား။ ဆိုင်ကယ်မဆင်မခြင်မောင်းရင် ဒီလိုပါလားဆိုတဲ့ အသိတွေ ရလာပါတယ်။ ကျောင်းသားတွေဆိုတော့ အသိပညာပေးပြသတဲ့အခါမှာ မူးယစ်ဆေးကြောင့်ဖြစ်စေ၊ လူကုန်ကူးခံရတာပဲဖြစ်စေ အချိန်ပိုင်းရုပ်ရှင်လေး ကြည့်ချင်ပါတယ်" ဟု အကြံပြုသည်။

ထို့နောက် မှုခင်းအသိပညာပေးယာဉ်မှာ ဒဂုံဈေး အဝေးပြေးယာဉ်ရပ်နားကားဝင်းသို့ ဆက်လက်ထွက်ခွာခဲ့သည်။ မိုးရာသီတွင် လှိုင်သာယာမြို့နယ်ရှိ ကားလမ်းများမှာ ပို၍ပျက်စီးလာသည့်အတွက် ဧရာဝတီတိုင်းဒေသကြီးသို့ ဖြတ်သန်းသွားလာသောယာဉ်များမှာ ချိုင့်ခွက်များကို ရှောင်ရှားမောင်းနှင်ရကာ ယာဉ်ကြောကျပ်နေသဖြင့် ပြခန်းယာဉ်မှာ ဖြေးဖြေးသာ မောင်းနှင်လာရသည်။

အဝေးပြေးယာဉ်ရပ်နားဝင်းအတွင်း ရောက်ရှိပြီးနောက် ခရီးသွားပြည်သူများနှင့် ကားဝင်းအတွင်း ယာဉ်လိုင်းများမှလုပ်သားများက မှုခင်းအသိပညာပေးယာဉ်ပေါ်တွင် လေ့လာကြည့်ရှုကာ ယာဉ်ထိန်းရဲမေများနှင့် ရဲတပ်ဖွဲ့ဝင် ရဲမေများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးစာရွက်စာတမ်းများ ဖြန့်ဝေပေးကြသည်။

မှုခင်းကျဆင်းရေးနဲ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးတာ များများလုပ်ဆောင်ပေးစေချင်ပါတယ်။ ထိထိမိမိဖြစ်အောင် ဇာတ်လမ်းတိုလေးတွေပြသတာ၊ အရေးပေါ်ဖုန်းနံပါတ်တွေ ဆက်သွယ်နိုင်အောင် လုပ်ပေးတာဆိုရင် ခရီးသွားပြည်သူတွေအတွက် အကျိုးရှိစေမှာပါ။ အခုလိုလူစုံတတ်တဲ့ ကားဝင်းတွေမှာ အသိပညာပေးဆောင်ရွက်တာကို ကြိုဆိုပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ မှုခင်းကျဆင်းရေးဟာ တိုင်းပြည်အတွက် အရေးကြီးပါတယ်"ဟု ခရီးသွားရန် စောင့်ဆိုင်းနေသော ပုသိမ်တက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသားတစ်ဦးက မှတ်ချက်ပေးသည်။

မှုခင်းဖြစ်ပွားမှုများသော လှိုင်သာယာမြို့နယ်တွင် ယခုလို မှုခင်းအသိပညာပေးယာဉ်ဖြင့် ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား တစ်နေ့တာ အသိပညာပေး ဆောင်ရွက်ခဲ့မှုအပေါ် မြို့ခံပြည်သူများ၊ ကျောင်းသားမိဘများ၊ ဆရာ ဆရာမများက ကျေနပ်အားရလျက်ရှိနေကြကာ ဆက်လက်၍လည်း ပညာပေးမှုများ ဆက်တိုက်ပြုလုပ်ပေးသွားရန် ဆန္ဒရှိနေကြသည်။



**သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-သန်းစိုး**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်တွင်းပြည်ပဧည့်သည်ဝင်ရောက်မှု ယခင်နှစ် ကာလတူအချိန်ထက် ၃၅ ရာခိုင်နှုန်းတိုးတက်လာ

**မုံရွာ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာဒေသသို့ ယခု ၂၀၁၆ ခုနှစ် ဇန်နဝါရီမှ ဩဂုတ်လကုန်အထိ ပြည်တွင်းပြည်ပ ခရီးသည် ဝင်ရောက်မှုမှာ ယခင်နှစ် ကာလတူအချိန်ထက် ၃၅ ရာခိုင်နှုန်း တိုးတက်လာကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်သူဦးထံမှ သိရသည်။

“လာမယ့်ပွင့်လင်းရာသီ ခရီးသည်အဝင်အထွက် များတဲ့ကာလမှာ မုံရွာဒေသက လယ်ဇင်ရွာကို ခရီးသွားတွေ သွားရောက်လေ့လာစရာဒေသအဖြစ်ဖော်ဆောင်ဖို့ တိုင်းဒေသကြီးအစိုးရနဲ့ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်နေပါတယ်။ လယ်ဇင်ရွာမှာ ပထမလယ်တီဆရာတော်ကြီး သီတင်းသုံးရာ ရှေးဟောင်းကျောင်းတော်ကြီး၊ မြေအောက်ကနေ ပြန်လည်တူးဖော်ထားပြီးတဲ့ဘုရားစေတီတွေ၊ တူးဖော်ဆဲဘုရားစေတီတွေကို လေ့လာလို့ရပါတယ်။ ဒါ့အပြင် ကျေးလက်လူထုရဲ့ ရှေးကတည်းက လုပ်ခဲ့ကြတဲ့ မြန်မာ့လက်မှုလုပ်ငန်းတွေကိုလည်း လေ့လာနိုင်ပါတယ်။ အခုလောလောဆယ်မှာ မုံရွာမှာရှိတဲ့ ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းက ခွင့်ပြုထားတဲ့ ဟိုတယ်နဲ့ တည်းခိုခန်းတွေကိုလာတဲ့ ပြည်ပခရီးသွားတွေကို လယ်ဇင်ရွာလေ့လာဖို့ လမ်းညွှန်နေသလို သွားရောက်လေ့လာကြတာတွေ ရှိနေပါပြီ”ဟု ဦးအောင်သူဦးက ပြောသည်။

တိုင်းဒေသကြီးအတွင်း ပြည်တွင်းပြည်ပခရီးသွား ဝင်ရောက်မှုသည် ယခင်နှစ်ကထက် ၃၅ ရာခိုင်နှုန်း တိုးတက်ခဲ့သလို ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်မှုမှာလည်း ၂၆ ရာခိုင်နှုန်း ပိုမိုတိုးတက်များပြားခဲ့ကြောင်း သိရသည်။

ပြည်ပဧည့်သည်အများစုသည် တိုင်းဒေသကြီးအတွင်း မင်းကွန်းဒေသသို့ အသွားအများဆုံးဖြစ်သလို မုံရွာမြို့အနောက်ဘက် ယင်းမာပင်ဒေသမှ ဖိုဝင်တောင်သို့ ဒုတိယအများဆုံးသွားလာကြပြီး တတိယ ခရီးသွားအများဆုံးမှာ ရွှေဘိုဒေသဖြစ်ကြောင်း သိရသည်။

ပြည်ပဧည့်သည်ဝင်ရောက်မှုတွင် မုံရွာမြို့အခြေပြု၍ လာရောက်မှုအများဆုံးသည် ပြင်သစ်လူမျိုးများဖြစ်ပြီး ဗြိတိန်လူမျိုးများက ဒုတိယအများဆုံးဖြစ်ကာ တတိယ အများဆုံးမှာ တရုတ်လူမျိုးဖြစ်ကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးသို့ လာရောက်မှုတွင် တရုတ်လူမျိုးက အများဆုံးဖြစ်သလို နယ်သာလန်မှာ ဒုတိယအများဆုံးနှင့် ကိုရီးယားမှာ တတိယအများဆုံး ဖြစ်ကြောင်း၊ ရွှေဘိုဒေသသို့လည်း တရုတ်လူမျိုး အများဆုံးဝင်ရောက်ပြီး ဖိလစ်ပိုင်မှာ ဒုတိယအများဆုံး ဖြစ်ကာ ထိုင်းလူမျိုးများက တတိယအများဆုံး ဝင်ရောက်ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

တိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနက ခွင့်ပြုလိုင်စင်ထုတ်ပေးထားသော ဟိုတယ်နှင့်တည်းခိုခန်းများအဖြစ် မုံရွာမြို့တွင် ၁၀ လုံး၊ ကလေးမြို့တွင် ခြောက်လုံး၊ စစ်ကိုင်းမြို့တွင် လေးလုံး၊ ရွှေဘိုမြို့တွင် နှစ်လုံးနှင့် ကသာမြို့တွင် နှစ်လုံး စုစုပေါင်း ၂၄ လုံးရှိကာ ပြည်ပခရီးသွားဧည့်သည်များ အနေဖြင့် လုံခြုံစိတ်ချရသော တည်းခိုနေထိုင်ရန်နေရာ လုံလောက်စွာရရှိနေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အရန်မီးသတ်တပ်ဖွဲ့သို့ တူညီဝတ်စုံနှင့် မီးသတ်ကိရိယာများ ထောက်ပံ့

**တောင်တွင်းကြီး စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မြို့ပေါ်ရပ်ကွက်များရှိ စေတနာ့ဝန်ထမ်း အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများနှင့် မီးသတ်ယာဉ်များတွင် အသုံးပြုနိုင်ရန်အတွက် မီးသတ်ရေပိုက်များကို မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ စက်တင်ဘာ ၁၉ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝတ်စုံနှင့် မီးသတ်ကိရိယာများ ထောက်ပံ့ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများနှင့် မီးသတ်ယာဉ်များတွင် အသုံးပြုနိုင်ရန်အတွက် မီးသတ်ရေပိုက်များကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမောင်မောင်ထွေးထံ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် မီးသတ်တပ်ဖွဲ့သုံး အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုနည်းများကို မီးသတ်ဦးစီးဌာနဝန်ထမ်းများက ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**ဗိုလ်ပြည့်(တောင်တွင်းကြီး)**



# ကသာမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရေစင်နှင့်ရေစက်လှူဒါန်း

**ကသာ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ လိုအပ်လျက်ရှိသော ရေစင်နှင့် ရေစက်များကို ကသာမြို့ ဒေါ်ငန် ယူစင်ရတနာရွှေဆိုင် မိသားစုမှ စက်တင်ဘာ ၁၉ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ကသာဆေးရုံတွင် ရေစင်နှင့်ရေစက် ရှိပြီးဖြစ်သော်လည်း လူနာများနှင့် လူနာစောင့်များအတွက် သုံးရေနှင့် ကျန်းမာရေး ဝန်ထမ်းများ ထပ်မံအင်အားတိုးလာသောကြောင့် လက်ရှိ ရှိနေသည့်ရေစင်နှင့် ရေစက်များဖြင့် လုံလောက်မှုမရှိတော့သဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်း အလှူရှင်ကပြောသည်။

လှူဒါန်းပွဲတွင် ရေစင်၊ ရေစက်များနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို အလှူရှင်က ခရိုင်ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာဝဏ္ဏထံ ပေးအပ်လှူဒါန်းခဲ့သည်။

ရေစင်သည် ပေ ၅၀ မြင့်ပြီး ရေစင်နှင့်ရေစက်တို့အတွက် စုစုပေါင်းကုန်ကျငွေမှာ ကျပ်သိန်း ၁၅၀ ခန့် ဖြစ်ကြောင်းနှင့် အလှူရှင် ယူစင်ရတနာရွှေဆိုင် မိသားစုအနေဖြင့် ကသာခရိုင် ပြည်သူ့ဆေးရုံသို့ ဖျားနာကုသဆောင်နှင့် ခတ်မှန်ဆောင်များကိုလည်း ယခင်က လှူဒါန်းခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# စက်မှုလယ်ယာသို့ ကူးပြောင်းရေးတွင် အထောက်အကူဖြစ်ရန်အတွက် လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**ဝိုင်းမော် စက်တင်ဘာ ၂၁**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာစခန်း(ဆွယ်)၌ လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း အမှတ်စဉ် (၄/၂၀၁၆)ကို စက်တင်ဘာ ၁၉ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးမြသိန်း၏ လမ်းညွှန်မှုဖြင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဖွင့်ပွဲတွင် ဝန်ကြီးက အမှာစကား ပြောကြားကာ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမောင်မောင်ဆန်းက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းနိုင်ရန် ဌာနများအနေဖြင့်သာ လုပ်ဆောင်၍မရကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အားပေးရုံသာဖြစ်ပြီး တောင်သူလယ်သမားတစ်ဦးချင်းစီက ရိတ်စက်၊ ထွန်စက်၊ ရေစုပ်စက်စသည့် စက်ကြီး၊ စက်သေးများ ပိုင်ဆိုင်နိုင်မှသာ စက်မှုလယ်ယာစနစ်သို့ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ရောက်ရှိနိုင်ရန်အတွက် လယ်သမားများအနေဖြင့် ထိုစက်ကြီးများ ကိုင်တွယ်ထိန်းသိမ်းမှုအကြောင်းကို သိရှိရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ဒေသတွင်းကျေးရွာများမှ တောင်သူသင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနက အသိအမှတ်ပြုလက်မှတ် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



တောင်ကုတ်မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုဦး ဦးစီး၍ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ တပ်မတော်တပ်ထိန်းနှင့် မြို့မိမြို့ဖများ ပူးပေါင်း၍ မြို့ပေါ်ခြောက်နေရာတို့တွင် အဖွဲ့များဖွဲ့စည်းပြီး အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များတွင် စုပေါင်းယာဉ်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်စဉ်
(မြို့နယ် ပြန်/ဆက်)

## သတင်းတိုများ

### တနိုင်းခချောင်းအတွင်း ငါးမျိုးစိုက်ထည့်

ဟူးကောင်းလွင်ပြင်ဒေသ တနိုင်းခချောင်းအတွင်း ငါးသယံဇာတ ပေါများကြွယ်ဝလာစေရန် ရည်ရွယ်၍ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ဒေသခံများပူးပေါင်းကာ ချောင်းအတွင်းသို့ စက်တင်ဘာ ၇ ရက်က ငါးမြစ်ချင်းကောင်ရေ သုံးသိန်းကျော်ကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ ငါးမျိုးစိုက်ထည့်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ၊ အင်းလုပ်သားများ စုပေါင်းပြီး ငါးမြစ်ချင်းကောင်ရေ ၃၁၆၀၀၀ ကို မျိုးစိုက်ထည့်ခဲ့ကြခြင်းဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

### ကချင်ပြည်နယ်ရဲတပ်ဖွဲ့ဝင်များစုပေါင်းသွေးလှူဒါန်း

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ စုပေါင်း၍ မြစ်ကြီးနားမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၁၉ ရက်က သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ သွေးလှူဒါန်းပွဲတွင် ရဲတပ်ဖွဲ့ဝင်များက သွေးအမျိုးအစားမျိုးစုံ ပုလင်းပေါင်း ၆၀ ကို လှူဒါန်းနိုင်ခဲ့ပြီး သွေးလှူဒါန်းသော ရဲတပ်ဖွဲ့ဝင်များအား ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းဦး၊ အမှတ်(၃၀) လုံခြုံရေးတပ်ဖွဲ့ခွဲမှ ရဲမှူးချမ်းမြေ့ထွန်းနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံတို့က အာဟာရများ၊ မုန့်များနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ကွန်ဟိန်းမြို့၌ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ တွေ့ဆုံ

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစီးသော ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ တွေ့ဆုံဆွေးနွေးပွဲများကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းက အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းနှင့် မြို့နယ်ဓမ္မာရုံတို့၌ပြုလုပ်ခဲ့ပြီး ရပ်ကွက်နေပြည်သူများက ရပ်ကွက်အလိုက်လိုအပ်ချက်များကို တင်ပြကာ မြို့ပေါ်ရှိဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**မိုးလွင်ဦး(လွိုင်လင်)**

### တောခလွန်ကျေးရွာ၌ မိုးစပါးအထွက်တိုး သရုပ်ပြပွဲကျင်းပ

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ တောခလွန်ကျေးရွာရှိ မိုးစပါးအထွက်တိုး မျိုးသန့်မျိုးပွား မျိုးစေ့ထုတ်စိုက်ခင်း ဧက ၅၀ စံပြစိုက်ကွင်း၌ ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့ပြီး ဒေသခံတောင်သူ ၁၅၀ ကျော်အား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်မင်းနိုင်နှင့် တာဝန်ရှိသူများက ဇီဝစူပါ ရွက်ဖျန်းဆေးဘူးများကို အခမဲ့ဖြန့်ဝေပေးအပ်ခဲ့ကာ သိပ္ပံနည်းကျစိုက်ပျိုးနည်း လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။ **(၁၀၁)**

### လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူပညာပေးဆွေးနွေး

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲကို မလှိုင်မြို့နယ် ရုံးတောကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ စက်တင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့ရာ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မြေအသုံးချရေးတာဝန်ခံ ဒေါ်မိမိလှိုင်က မြေသြဇာဥပဒေအကြောင်းနှင့် မြေသြဇာသုံးစွဲနည်းစနစ်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ပိုးမွှားတာဝန်ခံ ဒေါ်အေးအေးမြင့်က ပိုးသတ်ဆေးဥပဒေအကြောင်းနှင့် ပိုးသတ်ဆေးကိုင်တွယ်အသုံးပြုနည်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့တာဝန်ခံ ဒေါ်ကြည်ကြည်ဝင်းက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်အေးသန်းက ဝါစိုက်ပျိုးနည်းစနစ်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းယုက သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် စိုက်ပျိုးရမည့် နည်းစနစ်များနှင့် အထွက်နှုန်းလျော့နည်းရခြင်းအကြောင်း စသည့်ကဏ္ဍအလိုက် ရှင်းလင်းဟောပြောခဲ့ကြပြီး ဆွေးနွေးပွဲသို့ ရုံးတောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူ ၆၀ ကျော် တက်ရောက်ခဲ့ကြောင်းသိရသည်။

**အောင်ဌေး(မလှိုင်)**

### မြို့နယ်ပညာရေးမှူးဖလား ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အခြေခံပညာရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော မြို့နယ်ပညာရေးမှူးဖလား အသက်(၁၆) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မြို့နယ်အားကစားကွင်း၌ စက်တင်ဘာ ၁၉ ရက်က ကျင်းပခဲ့ရာ အထက(၂)ကျောင်းအသင်းနှင့် ကြောင်လျာတောအထကအသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး အထက(၂)ကျောင်းအသင်းက ပထမဆုရရှိခဲ့သည်။ ထို့နောက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော အသင်းများအား မြို့နယ်ပညာရေးမှူး ဦးမောင်မောင်ဦးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**ကျော်မိုး(ပြန်/ဆက်)**

### သဘာဝဘေးရှာဖွေကယ်ဆယ်ရေးသင်တန်းပို့ချ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ သဘာဝဘေးကြုံတွေ့ချိန်တွင် ရှာဖွေကယ်ဆယ်ရေးသင်တန်းကို မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ စက်တင်ဘာ ၁၉ ရက်က ဖွင့်လှစ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွှန့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ မြို့နယ်အတွင်းမှ သန္နေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တရားဥပဒေစိုးမိုးဖို့ ပြည်သူနဲ့ ဘယ်လိုပူးပေါင်းလုပ်ဆောင်ကြမှာလဲ

**သန်းဦး(လေးမျက်နှာ)**

ပြည်သူတို့အလိုချင်ဆုံး၊ အတောင့်တဆုံးအရာမှာ ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေးပင်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှုရှိမှသာ အေးချမ်းသာယာစွာ နေထိုင်ကြရမည်ကို ပြည်သူများသိပြီးသား ဖြစ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြည်သူယုံကြည်မှုရရှိပြီး ပြည်သူနှင့် တစ်သားတည်းဖြစ်ရန် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရဲတပ်ဖွဲ့၊ ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်းဆောင်ရွက်မှသာ တရားဥပဒေစိုးမိုးရေးကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြည်သူများမှ အားထားမှုရှိစေရန်၊ ပြည်သူများ ယုံကြည်ကိုးစားမှုရှိစေရန် ခေတ်စနစ်နှင့်အညီ ရဲလုပ်ငန်းများကို ပြုပြင်ဆောင်ရွက်လျက်ရှိနေသည်။

**မူလရည်မှန်းချက်တာဝန်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မူလရည်မှန်းချက်တာဝန်ဖြစ်သည့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဟူသည့် ရည်မှန်းချက်တာဝန်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါရဲလုပ်ငန်းများကို ပြည်သူများမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေသည်။ သို့မှသာ ထိရောက်သော အောင်မြင်မှုကို ရရှိမည်ဖြစ်သည်။



မှုခင်းပညာပေးပြခန်းယာဉ်သို့ လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြစ်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားသောပြစ်မှုများကို စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူ့လုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ပြည်သူများ အသိပညာပေးရေးလုပ်ငန်းများကို ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေနေပြည်တော်ရဲတပ်ဖွဲ့အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ရဲတပ်ဖွဲ့(၁၅)ဖွဲ့ဖြင့် ရဲချုပ်၊ ရဲမှူးချုပ်၊ ရဲမှူးကြီးများ ကြီးကြပ်ကွပ်ကဲပြီး ယင်းတို့သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများအထိ ဥပဒေမှုခင်းအသိပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အသိပညာပေးရေးစာအုပ်စာစောင်၊ လက်ကမ်းစာစောင်များ၊ ဂျာနယ်များကို မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် ကျောင်းများ၊ တပ်နယ်များ၊ ကျေးရွာတစ်ရွာချင်းအထိ ရောက်ရှိအောင် သွားရောက်၍ နယ်လှည့်ပညာပေးရေး ဆောင်ရွက်လျက်ရှိသည်။ ယင်းကဲ့သို့ ပညာပေးဆောင်ရွက်ခြင်းဖြင့် ပြည်သူများ အသိပညာ၊ ဗဟုသုတ တိုးပွားပြီး ဥပဒေပညာ၊ မှုခင်းပညာများကို သိရှိလိုက်နာဆောင်ရွက်ခြင်းဖြင့် မှုခင်းလျော့နည်းရေး၊ တရားဥပဒေစိုးမိုးရေးတို့တွင် ပိုမိုထိရောက်လာနိုင်မည် ဖြစ်သည်။

**ခေတ်သစ်ကျေးကျွန်**

ထို့အပြင် ခေတ်သစ်ကျေးကျွန်ဟုခေါ်ဆိုသော လူကုန်ကူးမှုအန္တရာယ်များကို ပြည်သူများသိရှိစေရေးနှင့် လူကုန်ကူးမှုကို ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် တိုက်ဖျက်လာစေရေးအတွက် အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးကိုလည်း အမျိုးသားရေး အသွင်တစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှ အောင်မြင်မည်ဖြစ်သဖြင့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်ကို အသွင်သဏ္ဌာန်ပြောင်းလဲ၍ အနှစ်သာရတိုးတက်အောင် မြှင့်တင်ပြီး ပြည်သူနှင့် တစ်သားတည်းကျရန် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် Service-oriented Policing ရဲလုပ်ငန်းစနစ်ကို ဖော်ဆောင်သည့်အနေဖြင့် နိုင်ငံသားပြည်သူများကို ဝန်ဆောင်မှုပေးနေခြင်းဖြစ်သည်ဟူသော ခံယူချက်ဖြင့် လုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ယခုအခါ ရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံသားပြည်သူများကို အပြုသဘောဆက်ဆံပြီး အကူညီပေးနေသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။

**အသိပညာပေးရေးကဏ္ဍ**

မှုခင်းကျဆင်းရေးအတွက် ပြည်သူများအား အသိပညာပေးရေးကဏ္ဍတွင် ဥပဒေ/မှုခင်းအသိပညာပေးခြင်းကို အစိုးရသစ် စတင်တာဝန်ယူချိန်မှ ယနေ့အထိ (၉၁၀၉) ကြိမ်၊ မှုခင်းကြိုတင်ကာကွယ်မှုများအတွက် လှည့်ကင်းစောင့်ရှောက်ခြင်း၊ လှည့်ကင်း၊ ရပ်ကင်းများဆောင်ရွက်ခဲ့ပြီး အရေးယူမှုအပိုင်းအနေဖြင့် ယနေ့အထိ ကြိုတင်ကာကွယ်မှုပေါင်း ၆၀၁၀၂ မှုတို့ကို ဆောင်ရွက်ခဲ့သည်။



မှုခင်းပညာပေးပြခန်းယာဉ်သို့ လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောပြစဉ်

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများအနေဖြင့် ယနေ့အထိ မူးယစ်ဆေးဝါးမှု ၃၉၆၆ မှု၊ တရားခံပေါင်း ၆၀၇၃ ဦးအား အရေးယူနိုင်ခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းများအနေဖြင့်လည်း ယနေ့အထိ လူကုန်ကူးမှု ၃၆ မှု၊ တရားခံပေါင်း ကျား ၃၂ ဦး၊ မ ၆၀ စုစုပေါင်း ၉၂ ဦး၊ ဖမ်းမိတရားခံ ကျား ၂၁ ဦး၊ မ ၃၄ ဦး ပေါင်း ၅၅ ဦး၊ တရားခံပြေး ကျား ၁၁ ဦး၊ မ ၂၆ ဦး စုစုပေါင်း ၃၇ ဦးအား အရေးယူနိုင်ခဲ့ပြီး လူကုန်ကူးခံရသူ ကျား ၃၃ ဦး၊ မ ၅၃ ဦး စုစုပေါင်း ၈၆ ဦး၊ လူကုန်ကူးခံရပြီး ပြန်လည်ကယ်တင်နိုင်ခဲ့သူပေါင်း ကျား ၂၅ ဦး၊ မ ၄၁ ဦး စုစုပေါင်း ၆၆ ဦး၊ ပြန်လည်မကယ်တင်နိုင်ခဲ့သူပေါင်း ကျား ရှစ်ဦး၊ မ ၁၂ ဦး စုစုပေါင်း ၂၀ ဖြစ်သည်။

**မူးယစ်ဆေးဝါးပပျောက်ရေး**

ထိုကဲ့သို့သော အမှုများဖြစ်ပေါ်ခြင်းကြောင့် မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အစိုးရသစ်တာဝန်ယူချိန်မှစ၍ ယနေ့အထိ ပြည်သူနှင့် ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးများ ပျံ့နှံ့စိမ့်ဝင်မှုမရှိစေရေး မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် အသိပညာပေးဟောပြောပွဲများကို (၄၀၆၃) ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး လူဦးရေ ၄၁၁၉၁၆ ဦးကို အသိပညာပေးလုပ်ငန်း ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အတူ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲများကို (၁၁၇၃) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး လူဦးရေ ကျား ၁၁၃၉၅၉ ဦး၊ မ ၁၄၇၁၈၈ ဦး စုစုပေါင်း ၂၆၁၁၄၇ ဦးကို အသိပညာပေး ဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ ယာဉ်/လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို (၃၇၃၁)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး လူဦးရေ ၃၉၆၀၅၈ ဦးကို အသိပညာပေး ဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်မှုကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ယာဉ်မတော်တဆမှု ယနေ့အထိ ၅၄၂၃ မှု၊ သေဆုံးသူ ၁၅၆၄ ဦး၊ ဒဏ်ရာရ ၂၆၄၉ ဦး၊ သေဆုံး ၅၇၂ ဦး လျော့နည်းခဲ့ကြောင်း လေ့လာသိရှိရသည်။ တရားဥပဒေ စိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး အတွက် ထိုကဲ့သို့ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုအခါ မှုခင်းပညာပေးပြခန်းယာဉ်များကို ကျေးရွာအရောက် ခရီးပေါက်၍ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ တပ်နယ်တပ်မိသားစုများကို ပညာပေးအစီအစဉ် ဆောင်ရွက်လျက်ရှိသည်။

**မှုခင်းပညာပေးပြခန်းယာဉ်**

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုတွင် မှုခင်းပညာပေးပြခန်းယာဉ် ၁၇ စီးဖြင့် မှုခင်းအသိပညာပေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ကျောင်းသား ကျောင်းသူ၊ ပြည်သူနှင့် တပ်မိသားစုဝင် စုစုပေါင်း ၂၅၉၄၀၅ ဦးတို့မှ ကြည့်ရှုလေ့လာခဲ့ကြသည်။

> **မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြည်သူယုံကြည်မှုရရှိပြီး ပြည်သူနှင့် တစ်သားတည်းဖြစ်ရန် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြည်သူနှင့်အတူ ပူးပေါင်းဆောင် ရွက်လျက်ရှိ**

အဆိုပါ မှုခင်းပညာပေးပြခန်းယာဉ်များကို လူစည်ကားရာနေရာများ၊ ကျောင်းများ၊ ဈေးများ၊ ကားဂိတ်၊ သင်္ဘောဆိပ်များ ပါမကျန် သွားရောက်ပညာပေး ဆောင်ရွက်စေလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များက ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များကို လိုက်လံဝေငှ၍ မှုခင်းအသိ၊ တရားဥပဒေအသိတိုးပွားစေရန် ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

**ဥပဒေဘောင်အတွင်း**

ပြည်သူများကလည်း အသိပညာပေးလုပ်ငန်းများမှ ရရှိသော အသိတရားဖြင့် ဥပဒေဘောင်အတွင်း ကျင့်ကြံနေထိုင်ကြပြီး ဒေသအတွင်း တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းလျော့နည်းကျဆင်းရေးကို ရဲတပ်ဖွဲ့နှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်ပါက အောင်မြင်မှုရရှိမှာ ဧကန်မလွဲတော့ပေ။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသွေးလှူ

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဌာနတွင် စက်တင်ဘာ ၁၉ ရက်က (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြောက်ပိုင်းခရိုင် အမှတ်(၉)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးကျော်မျိုးမြင့် ဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းကြသည်။ **(ယာပုံ)**

ရန်ကုန်မြောက်ပိုင်းခရိုင် အမှတ်(၉)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူးနှင့်အတူ မြောက်ပိုင်းခရိုင် ကွပ်ကဲမှုအောက်ရှိ မြို့နယ်တပ်ဖွဲ့စုများမှအရာရှိ လေးဦး၊ အခြားအဆင့် ၂၀ နှင့် တပ်ဖွဲ့ဝင်မိသားစု နှစ်ဦးတို့က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဌာန၌ စုပေါင်း၍ ပထမအကြိမ် သွေးလှူဒါန်းခဲ့ခြင်းဖြစ်ပြီး အရာရှိ လေးဦးတွင် အမှတ်(၉)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးကျော်မျိုးမြင့်နှင့် အမျိုးသမီးအရာရှိသုံးဦးလည်း သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**



## မန္တလေးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ ပစ္စည်းများလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၁**

KOICA မြန်မာမှ လူမှုဝန်ထမ်းဦးစီးဌာန မန္တလေးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ လှူဒါန်းပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၈၃ လမ်း၊ ၂၅ × ၂၆ လမ်းကြားရှိ အဆိုပါသင်တန်းကျောင်းခန်းမဌကျင်းပရာ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အမှာစကားပြောကြားသည်။ အဆိုပါ လှူဒါန်းမှုတွင် ရေခဲသေတ္တာနှစ်လုံး၊ မုန့်ဖုတ်စက် နှစ်လုံး၊ အခြောက်ခံစက် တစ်လုံး၊ ဂက်(စ်)မီးဖို၊ ဂက်(စ်)အိုး၊ နံရံကပ်ပန်ကာ၊ ဇလုံ၊ စားပွဲ၊ ထိုင်ခုံစသည့်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ်ဒေါ်လာ ၉၀၀၀ ကျော် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **တင်မောင် (မန်းကိုယ်ပွား)**



မူဆယ်ခရိုင် တရားသူကြီး ဦးဟုတ်ရီနှင့် နမ့်ခမ်းမြို့နယ်တရားသူကြီး ဦးဉာဏ်မိုးအောင်တို့ စက်တင်ဘာ ၁၇ ရက်က နမ့်ခမ်းမြို့မှ ရဲစခန်းရှိ အချုပ်ခန်းကို လာရောက်စစ်ဆေးစဉ်
ဉာဏ်မင်း(နမ့်ခမ်း)

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၁၈ ရက်က မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကုဆေးရုံ သွေးလှူဘဏ်တွင် ပြည်နယ်ရဲတပ်ဖွဲ့အရာရှိ အကြပ်/တပ်သား၊ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ သွေးလှူဒါန်းရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းသူများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ ကျော်သန်း(မော်လမြိုင်)



## မိတ္ထီလာမြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲပြန်လည်ကျင်းပမည်

**မိတ္ထီလာ စက်တင်ဘာ ၂၁**

မိတ္ထီလာမြို့နယ်အတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သော်လည်း ၂၀၁၃ ခုနှစ်နောက်မှ စတင်ပြီး သုံးနှစ်ကျော်ကာလအတွင်း မကျင်းပနိုင်ခဲ့သည့် မြို့နယ်အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၂၈ ရက်အထိ မြို့နယ်အားကစားကွင်း၌ ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သုံးနှစ်ကျော် ကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်ကျင်းပမည့် မိတ္ထီလာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင် အုပ်စု(က) ရန်မျိုးအောင်၊ ဝန်ဇင်း၊ အောင်ဆန်း(ခ)၊ မကျီးစု၊ အုပ်စု(ခ) ပြည်သာယာမြောက်၊ ပေါက်ချောင်း၊ အောင် ဇေယျာ၊ အုပ်စု(ဂ) သီးကုန်း၊ ကန်တောင်၊ ချည်စက်၊ အုပ်စု(ဃ) ရေချို၊ ရတနာမာရ် အောင်ဈေးအရှေ့ပြင်၊ အုပ်စု(င) ကျီတော်ကုန်း၊ မြို့မ၊ ကျောက်ဖြူကုန်း၊ အုပ်စု(စ) အောင်ဆန်း(က)၊ ဆည်ကုန်း၊ ပြည်သာယာတောင် စုစုပေါင်း အုပ်စုခြောက်စု ရပ်ကွက်၊ ကျေးရွာ ဘောလုံးအသင်းပေါင်း ၁၉ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့်(၅၂) နှစ်မြောက် မြန်မာ နိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက် နံနက်က အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေး ဦးဆောင်၍ ဆေးရုံ ရဲတပ်ဖွဲ့ဝင် ၁၀၀ခန့်က ရန်ကုန် အရှေ့ပိုင်းဆေးရုံကြီးအတွင်း ချုံနွယ်များ၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းကြစဉ်။ ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## မိုးရာသီဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**ပင်လုံ စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့၌ ၂၀၁၆ ခုနှစ် မိုးရာသီဖလားဘောလုံး ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၉ ရက် ညနေပိုင်းကပင်လုံပြည်သူ့အားကစားကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် စက်တင်ဘာ ၁၉ ရက် ညနေ ၃ နာရီက ရပ်ကွက်(၁)အသင်းနှင့် R- 7 အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရပ်ကွက်(၁)အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပထမဆုရရှိသည့် အသင်းအား ဆုဖလားနှင့် ငွေသားဆုများကို လွိုင်လင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဘောလုံးအသင်းပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြပြီး အုပ်စု ငါးစုခွဲကာ ဩဂုတ် ၁ ရက်မှ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## လုံးခင်းတိုက်နယ်ဆေးရုံအဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်

**လုံးခင်း စက်တင်ဘာ ၂၁**

(၅၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖားကန့် မြို့နယ် လုံးခင်းတိုက်နယ်ဆေးရုံဝင်းအတွင်း သစ်ပင်၊ ချုံနွယ်များရှင်းလင်းခြင်း ဆေးရုံအတွင်းအပြင် သန့်ရှင်းရေးများပြုလုပ်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို စက်တင်ဘာ ၁၈ ရက်က ဆောင်ရွက်ခဲ့သည်။

သန့်ရှင်းရေးများပြုလုပ်ရာတွင် ရှေ့တန်းအမှတ်(၈)လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီး ထွန်းအောင်ကျော် ဦးဆောင်ပြီး အမှတ်(၂၆)ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးမိုးကျော်ဟိန်းနှင့်အဖွဲ့ဝင်များ၊ လုံးခင်းနယ်မြေရဲစခန်းမှ ရဲအုပ်တင်ကိုကိုနှင့်အဖွဲ့တို့က လုံးခင်းတိုက်နယ်ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**နိုင်မိုး(လုံးခင်း)**

## နှစ်သက်တမ်း ၂၀ကျော်ရှိ အမှိုက်ပုံကြီးအား မြို့နယ်စည်ပင်သာယာရေးဌာနက ရှင်းလင်း

**မိုးညှင်း စက်တင်ဘာ ၂၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့တွင် မြို့သန့်ရှင်းသာယာလှပစေရေးအတွက် နှစ်သက်တမ်း ၂၀ကျော်ရှိ အမှိုက်ပုံကြီးကို မြို့နယ်စည်ပင်သာယာရေးဌာနက စနစ်တကျ ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါအမှိုက်ပုံကြီးမှာ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ခန့်မှစတင်ကာ မိုးညှင်းမြို့တောင်ဘက် နှစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး စည်ပင်သာယာဈေးအမှတ် (၁)၊ (၂)နှင့်အခြား မြို့ပေါ်ရပ်ကွက်များမှ အမှိုက်များ နေ့စဉ်စွန့်ပစ်လျက်ရှိသောကြောင့် ယင်းအမှိုက်ပုံကြီးမှာ တဖြည်းဖြည်းကြီးလာခဲ့သည်။

အမှိုက်ပုံမှ အနံ့အသက်များကြောင့် ကျန်းမာရေး ထိခိုက်စေနိုင်သဖြင့် စက်တင်ဘာ ၁၆ ရက်မှစတင် ရှင်းလင်းလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ ဒုတိယ ဦးစီးမှူး ဦးတင်မောင်သန်းက ပြောသည်။

"ဒီအမှိုက်ပုံကြီးက အနံ့ဆိုးတွေကြောင့် မခံနိုင်ဖြစ်ရပါတယ်။ ကျွဲ၊ နွား တိရစ္ဆာန်တွေအတွက်လည်း အန္တရာယ်ရှိပါတယ်။ ရေရှည်မှာ အနီးနားကပတ်ဝန်းကျင်နေပြည်သူတွေကို ကျန်းမာရေး ထိခိုက်စေနိုင်တဲ့အတွက် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက စက်တင်ဘာ ၂ ရက်မှာ လာရောက်စစ်ဆေးပြီး ပြောင်းရွှေ့ပေးဖို့ ညွှန်ကြားခဲ့ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောပြသည်။

**နီတိုး**

## မှုခင်းသတင်းတိုထွာ

**ခန္တီး**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးနယ် ဆင်သေကျေးရွာအုပ်စု လက်ဖက်ခင်းကျေးရွာတွင် တရားမဝင် ရွှေမှော်လုပ်ကိုင်နေကြောင်းသတင်းရရှိသဖြင့် ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဦးစိုးသိန်းတို့ဦးဆောင်သောအဖွဲ့သည် စက်တင်ဘာ ၁၈ ရက်က သွားရောက်စစ်ဆေးရာ တရားမဝင်ရွှေမှော်လုပ်ကိုင်နေသူ ဦးအောင်ကျော်မြင့် လက်ဖက်ခင်း ကျေးရွာ ခန္တီးမြို့နေသူအား သက်သေခံ ပစ္စည်းများဖြစ်သည့် ရေခယူ(၁)ပေါက်ပြွန်ကြီး တစ်ခု၊ လေးလက်မလည်ချောင်းပိုက် (ဘီလူးခေါင်းတွဲလျက်)တစ်ခု၊ အိတ်ဖတ်စိမ်း ငါးခု၊ လေးလက်မပိုက်ပျော့တစ်ခွေ၊ WU LIN-22 ကောင်၊ တရုတ် အင်ဂျင်စက်တစ်လုံး၊ အင်ဝိုင်းတစ်ချပ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။
**စန်းလွင်ဦး**

---

**ထီးချိုင့်**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ရောဝတီတံတားပေါ်၌ စက်တင်ဘာ ၁၈ ရက် ည ၇ နာရီက ယာဉ်မဆင်မခြင်မောင်းနှင်ခြင်းကြောင့် မော်တော်ဆိုင်ကယ်အချင်းချင်းတိုက်မိပြီး ကျော်ဦးဆိုသူ သတိမေ့လဲကျနေမှုကို စစ်ဆေးနေစဉ် အောင်သူမြင့် (၃၁ နှစ်) မောင်းနှင်လာသော ၁၀ ဘီးကားမှ ကျော်ဦး ခြေထောက်အား ကြိတ်မိရာ စစ်ဆေးရေးအဖွဲ့မှ ရပ်ခိုင်းသော်လည်း ရပ်တန့်ခြင်းမရှိဘဲ မောင်းပြေးခဲ့ရာ ရှေ့တွင် ရပ်ထားသော ယာဉ်မောင်းပြည့်ဖြိုးနိုင်၏ 2G/.... ယာဉ်ကို အရှိန်လွန်ကာ ဆက်လက်ဝင်ရောက်တိုက်မှုဖြစ်ပွားခဲ့သည်။
**(မြို့နယ် ပြန်/ဆက်)**

---

**နောင်ချို**

နောင်ချို မြို့ပန်ဟတ်ရပ်ကွက် မန္တလေး-လားရှိုးကားလမ်းဘေးရှိ လက်ဖက်ရည်ဆိုင်တွင် မူးယစ်ဆေး ဝါးရောင်းချသူများရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ် ဇော်မျိုးလတ်နှင့်ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၈ ရက် ညက သွားရောက်စစ်ဆေးရာ အောင်ဇော်လင်း(၂၄ နှစ်) ပြင်ဦးလွင်မြို့နယ်၊ အောင်မြို့(၄၀ နှစ်) ရပ်စောက်မြို့နယ်၊ ကျော်စန်းဝင်း (၂၄ နှစ်) မဲကြားကျေးရွာ ရပ်စောက်မြို့နယ်နေသူသုံးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၁၇၁၀ ပြားအလေးချိန် ၁၅၃ ဒသမ ၉ ဂရမ်နှင့် ဆိုင်ကယ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ ကြောင်းသိရသည်။
**စိုးဝင်း(နောင်ချို)**

---

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၈၈)ရပ်ကွက် သော်ကမြိုင်၂ လမ်းနေအိမ်အတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။ ဖြစ်စဉ်မှာ စက်တင်ဘာ ၁၈ ရက် နံနက် ၅ နာရီခန့်က သာကေတမြို့မရဲတပ်ဖွဲ့စခန်း၏ မူးယစ်အမှုမှ တရားခံ လှကြည်(ခ)အသေးလေး၏ ထွက်ဆိုချက်အရ သော်ကမြိုင် (၂)လမ်း၌ နေထိုင်သော ဟံလင်း(ခ)နှပ်ချေး(၄၂ နှစ်) ၏နေအိမ်အတွင်းသို့ သာကေတမြို့မရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်မင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၅ ပြားကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။
**(ရွှေတိုင်လွင်)**

---

**မြောင်းမြ**

မြောင်းမြခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်အောင်ထွန်းဝင်းနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၅)ရပ်ကွက် ဗိုလ်ဗထူးလမ်းရှိ ကားရေဆေးခုံအနီး သတင်းအရ စောင့်ဆိုင်း နေကြစဉ် ဆိုင်ကယ်ဖြင့် လူငယ်တစ်ဦးအား မသင်္ကာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၀ ပြားကို တွေ့ရှိပြီး သိမ်းဆည်းခဲ့ကာ ကွင်းဆက်စစ်ဆေးချက်အရ မြောင်းမြမြို့ အမှတ်(၈)ရပ်ကွက် ဘောင်ဒရီလမ်းရှိ တည်းခိုခန်းတွင် ဆက်လက် ရှာဖွေရာ ဖာတောက်(ခ)သက်လွင်ဦး (၂၄ နှစ်) မြောင်းမြမြို့နေသူထံမှ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၄၀ နှင့် ငွေစက္ကူရောရာ ၃၅၀၀၀၀ ကို ရှာဖွေတွေ့ရှိခဲ့သည်။
**အောင်မင်း(မြောင်းမြ)**

---

**ရန်ကုန်**

တာမွေမြို့နယ်ကျားကွက်သစ်ရပ်ကွက်ကျိုက္ကဆံလမ်းအမှတ်(၂၁၈)အရှေ့ကျောက်မြောင်းဈေးမှတ်တိုင်တွင် စက်တင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက ဦးဝင်းအောင်မောင်းနှင်လာသောယာဉ်လိုင်း( မထသ ၃၉) ယာဉ်သည်တောင်မှမြောက်သို့ ကျိုက္ကဆံလမ်းအတိုင်း မောင်းနှင်လာစဉ် မှတ်တိုင် အရောက်၌အရှိန်မထိန်းနိုင်ဘဲ လမ်းပေါ်၌ရပ်ထားသော ယာဉ်မောင်း ဦးအောင်ချမ်းသာ၏ 1H/---- ယာဉ်နှင့် ၄င်းရှေ့တွင် ရပ်ထားသော ယာဉ်မောင်း ဦးမောင်မောင်၏ 2H/---- ယာဉ်တို့ကို ထပ်ဆင့်တိုက်မိမှုဖြစ်ပေါ်ခဲ့ရာ ယာဉ်နှစ်စီးလုံး ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ **လှလှ**

---

**ကလေး**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် စက်တင်ဘာ ၁၈ ရက် နံနက်က တမလန်းသစ် ငါးတန်ကျော်ဖမ်းဆီးရမိကြောင်း သိရသည်။ ဖြစ်စဉ်မှာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုး၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်းအဖွဲ့သည် ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက် နယ်မြေ(၂) ဦးကျော်ငြိမ်းနေအိမ်ဝင်းအတွင်းရှိ ကားပေါ်မှ တရားမဝင် တမလန်း သား ၂၂ တုံး၊ ကား အောက်မှ ၂၁ တုံး ၅ ဒသမ ၈၆၄၂ တန်ကို ဖမ်းဆီးရမိပြီး ပိုင်ရှင်မှာ ကိုနိုင်(ကလေးဝ)ဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**

---

**အင်းတော်**

မြစ်ကြီးနားမှ ထွက်ခွာလာသော အမှတ် (၅၆) အထူးအမြန်ရထားသည် အင်းတော်မြို့နယ် ပင်ဝယ်ဘူတာနှင့် နဘားဘူတာကြားသို့ ရောက်ရှိစဉ် အထက်တန်းအိပ်ခန်းတွဲ၌ လိုက်ပါ လာသော ထွန်းမြင့်ဇော် ပေါက်မြို့နယ် နေသူအား အမည်မသိ သူတစ်ဦးက အိပ်ခန်းအတွင်း ဖုန်းအားသွင်းရန် အကူအညီတောင်းသဖြင့် ခွင့်ပြုပေးခဲ့ရာ ၄င်း၏ အင်္ကျီအိတ်ကပ်အတွင်းမှ ငွေကျပ် ၂၈၀၀၀၀ ကို နှိုက်ယူ၍ ရထားပေါ်မှ ဆင်းပြေးသွားခဲ့သည်။ ပြစ်မှုကျူးလွန်သူမှာ လင်းလင်း(ခ)ဖိုးပြား (၂၃နှစ်) ပျော်ဘွယ်မြို့နေသူ ဖြစ်ပြီး ၄င်းမှာ အင်းတော်မြို့နယ် ပင်ဝယ်ရွာရှိ ကားလမ်းဘေး အလှူခံတဲဘေးတွင် ကားစီးပြီး ထွက်ပြေးရန် စောင့်ဆိုင်းနေစဉ် မီးရထားရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ် ကုသရေးဦးစီးဌာနမှ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်း(၁၀)ခုအား ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ကျောက်ဖြူပြည်သူ့ဆေးရုံတွင် ဓာတ်ခွဲခန်းနှင့်ခွဲစိတ်ခန်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း

(ခ) မာန်အောင်ပြည်သူ့ဆေးရုံတွင်(၂)ထပ်တိုးချဲ့ဆောင် (၁၅၀'×၅၆') ဆောက်လုပ်ခြင်းနှင့် ရေ၊ မီးရရှိရန်ဆောင်ရွက်ခြင်းလုပ်ငန်း

(ဂ) အမ်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ခန်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း

(ဃ) ကျောက်တော်မြို့နယ် ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ခန်းနှင့်ဓာတ်မှန်ခန်းပါ(၂)ထပ်တိုးချဲ့ဆောင် (၁၅၀'×၆၂') ဆောက်လုပ်ခြင်းနှင့် ရေ၊ မီးရရှိရန် ဆောင်ရွက်ခြင်းလုပ်ငန်း

(င) ဂွမြို့နယ် ပြည်သူ့ဆေးရုံတွင် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း

(စ) တောင်ကုတ်မြို့နယ် ခုတင်(၁၀၀)ဆံ့ ဆေးရုံတွင် ခွဲစိတ်ခန်းနှင့်လူနာဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း
- OT Complex (၂)ထပ်တိုးချဲ့ဆောင် (၁၅၀'×၆၂') ဆောက်လုပ်ခြင်းနှင့်ရေ၊ မီးရရှိရန် ဆောင်ရွက်ခြင်းလုပ်ငန်း
- M.S ရုံး၊ X-Ray ခန်းနှင့် Lab ခန်းပါ(၂)ထပ်တိုးချဲ့ဆောင် (၁၅၀'×၅၆') ဆောက်လုပ်ခြင်းနှင့်ရေ၊ မီးရရှိရန် ဆောင်ရွက်ခြင်း
- Corridor (၂)စင်း ဆောက်လုပ်ခြင်း

(ဆ) သံတွဲပြည်သူ့ဆေးရုံ ဆေးစတို ဆောက်လုပ်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၄၀'×၂၅')(၂)ထပ် ဆေးစတို ဆောက်လုပ်ခြင်းနှင့်ရေ၊ မီး ရရှိရန် ဆောင်ရွက်ခြင်း
- Chain Link ခြံစည်းရိုး ကာရံခြင်းလုပ်ငန်း

(ဇ) သံတွဲပြည်သူ့ဆေးရုံတွင် ခွဲစိတ်ခန်းနှင့်ဓာတ်မှန်ခန်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း

(ဈ) သံတွဲမြို့နယ် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် (၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာ(၁၀၄'×၅၃')ဆောက်လုပ်ခြင်းနှင့် ရေ၊ မီးရရှိရန် ဆောင်ရွက်ခြင်းလုပ်ငန်း

(ည) သံတွဲမြို့နယ်၊ ရွှေလှေ(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ စံကိုက်ဆောက်လုပ်ခြင်းနှင့်ဆေးရုံနှင့်ဝန်ထမ်းအိမ်ရာများအတွက် ရေ၊ မီးရရှိရန် ဆောင်ရွက်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါ စည်းမျဉ်းစည်းကမ်း အသေးစိတ်နှင့်ပတ်သက်၍ လည်းကောင်း၊ ဆောက်လုပ်မည့် အဆောက်အအုံများ၏ ဆောင်ရွက်မည့် အတိုင်းအတာအသေးစိတ်အချက်အလက်များ၊ မှိုငြမ်းပြပုံစံများနှင့်ပတ်သက်၍ သိရှိလိုပါက ရခိုင်ပြည်နယ် ကုသရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၄၃-၂၁၀၇၁သို့ ဖုန်းဖြင့် ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** ၂၂-၉-၂၀၁၆ရက်
**အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်နှင့်အချိန်** ၂၁-၁၀-၂၀၁၆ရက် (၁၆:၃၀)နာရီ
**အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ** ရခိုင်ပြည်နယ်၊ ကုသရေးဦးစီးဌာန (ဆေးရုံအုပ်ကြီးရုံး၊ စစ်အထွေထွေ ရောဂါကုဆေးရုံကြီး)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးတွင် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
- ခန္တီးခရိုင်ရုံးဆောက်လုပ်ခြင်းပေ(၃၆×၂၇) နံကပ်တစ်ထပ် အဆောက်အအုံဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန် ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၀-၉-၂၀၁၆ရက်မှ ၃-၁၀-၂၀၁၆ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၆-၁၀-၂၀၁၆ရက် ၁၆:၀၀နာရီ
(ဂ) **တင်ဒါတင်သွင်းမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၃၇၁၉၊ ၀၇၁-၂၆၅၄၃ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းလေးခုဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်-
(က) ပုဂံပြတိုက်အထွေထွေပြုပြင်ထိန်းသိမ်းခြင်းနှင့် သာယာလှပရေး ဆောင်ရွက်ခြင်းလုပ်ငန်း
(ခ) ပုဂံပြတိုက် အဆင့်မြှင့်တင်ခင်းကျင်းခြင်းလုပ်ငန်း
(ဂ) ပုဂံပြတိုက် လျှပ်စစ်နှင့်လေအေးပေးစက်ပြုပြင်ခြင်းလုပ်ငန်း
(ဃ) မီးစက် 300 KVA ဝယ်ယူခြင်းလုပ်ငန်း

၂။ လုပ်ငန်းများနှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါပုံစံများအား ၂၃-၉-၂၀၁၆ ရက်မှ ၂၁-၁၀-၂၀၁၆ရက်အထိ ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၅)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၆-၁၀-၂၀၁၆ရက် နံနက် ၁၀နာရီ၊ အမျိုးသားပြတိုက် (နေပြည်တော်)တွင် အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အခြားသိရှိလိုသည်များအတွက် ရုံးအမှတ်(၃၅)၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်(ဖုန်းနံပါတ်-၀၆၇-၄၀၈၀၂၇၊ ၀၆၇-၄၀၈၄၅၁)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ထမင်းဟင်းချက် ကျွမ်းကျင်မ(၁)ဦး အလိုရှိသည်

- ညှိနှိုင်းလစာပေးမည်။
ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း ကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**လိပ်စာ** - ၆၂×၆၃၊ ၄၁×၄၂လမ်းကြား၊ နှင်းဆီလမ်းသွယ် န-၄/၈၇
**ဖုန်း** - ၀၉-၇၇၇၁၄၁၇၃၅

## ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(A)မှ မောင်ကျော်ဇင်သော်၏ ဖခင်အမည်မှန်မှာ ဦးကျော် ၈/ပခက(နိုင်)၀၃၀၈၁၀ ဖြစ်ပါကြောင်း။

**ဦးကျော်**

## ဖခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ ကမ္ဗမြို့၊ အထက(ကမ္ဗ)တက္ကသိုဝင်တန်း(C)မှ မသဇင်စိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဝင်း ၈/ပခက(နိုင်)၁၅၆၅၂၈ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ဝင်း**

## G'WENCH Fashion Design School

**မြန်မာသတို့သမီးဝတ်စုံ (ထိုင်မသိမ်း) ချုပ်လုပ်မှုသင်တန်း**

သင်တန်းကာလ - ၃ . ၁၀ . ၂၀၁၆ - ၁၆ . ၁၁ . ၂၀၁၆

62 / A , အခန်း (၅)၊ ဖိုးစိန်လမ်း၊ တာမွေ။
ဖုန်း-၀၉-၇၉၉၉၀၁၉၄၄၊ ၀၉-၂၅၄၂၅၃၂၄၂

သင်တန်းကြေး-၅၀၀၀၀၀/-

## ညှိနှိုင်းဈေးနှုန်းဖြင့် တိုက်ခန်းများ အမြန်ရောင်းမည်

အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ၊ ပထမထပ်၊ (2A-290 , 2B-227) အားလုံး ပြင်ဆင်ပြီး ၁၅'×၄၀'ပေ ကွန်ဒိုတိုက်ခန်း၊ ခါတ်လှေကားပါ။

စုံစမ်းရန်-၀၉၅၀၀၀၆၇၃၊ ၀၉၅၁၅၁၅၇၆၊ ၀၉၅၁၅၄၁၆၄

## အမည်ပြောင်း

ဦးထွန်းမြင့်အောင် ၁၀/သထန(နိုင်)၀၀၀၈၉၈၏သမီး မော်လမြိုင်မြို့၊ အထက(၇)၊ တက္ကသိုလ်ဝင်တန်းမှ မဝင်းတင်ဇာ ၁၀/ခဆန(နိုင်)၁၃၅၁၆၆ အား မဝတ်ရီခိုင်၊ အဋ္ဌမတန်းမှ မဇင်ဇင်ဖွေး ၁၀/ခဆန(နိုင်)၁၄၀၀၁၁အားမဇင်ဇင်လင်း ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မဝတ်ရီခိုင်၊ မဇင်ဇင်လင်း**

## မိခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(ခွဲ)၊ စမ်းကြီး၊ တက္ကသိုလ်ဝင်တန်းမှ မခိုင်ဖြူဖြူဝင်း၊ ဆဋ္ဌမတန်းမှ မဇင်မေဦးတို့၏ မိခင်အမည်မှန်မှာ ဒေါ်လှဝင်း ၁၀/မလမ(နိုင်)၀၈၅၂၄၅ ဖြစ်ပါကြောင်း။

**ဒေါ်လှဝင်း**

## မိခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(ခွဲ)၊ စမ်းကြီး တက္ကသိုလ်ဝင်တန်းမှ မောင်ခန့်စည်သူ၏မိခင်အမည်မှန်မှာ ဒေါ်မြင့်ရီ ၁၀/မလမ(နိုင်)၀၈၅၁၉၂ ဖြစ်ပါကြောင်း။

**ဒေါ်မြင့်ရီ**

## မိဘအမည်မှန်

မော်လမြိုင်မြို့၊ အထက(ခွဲ)၊ စမ်းကြီး၊ တက္ကသိုလ်ဝင်တန်းမှ မအေးအေးခိုင်၏ မိဘအမည်မှန်မှာ (ဦးသောင်းစိန်)နှင့် ဒေါ်ကုလားမ ဖြစ်ပါကြောင်း။

**(ဦးသောင်းစိန်)-ဒေါ်ကုလားမ**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(ခွဲ)၊ စမ်းကြီး၊ တက္ကသိုလ်ဝင်တန်းမှ မစန်းစန်းအေး၏ ဖခင်အမည်မှန်မှာ ဦးမောင်ငွေး ၁၀/မလမ(နိုင်)၀၅၇၉၆၅ ဖြစ်ပါကြောင်း။

**ဦးမောင်ငွေး**

## ဖခင်အမည်မှန်

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့မှ မသွယ်မူဟန် (တက္ကသိုလ်ဝင်တန်းအောင်)နှင့် အထက(၁)၊ နဝမတန်း(A)မှ မအဉ္ဇလီဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းရွှေ ၉/တကန(နိုင်)၂၂၇၇၃၁ ဖြစ်ပါကြောင်း။

**ဦးသိန်းရွှေ**

## မိဘအမည်မှန်

မော်လမြိုင်မြို့ အထက(ခွဲ) စမ်းကြီး တက္ကသိုလ်ဝင်တန်းမှ မမိုးဇင်ဦး၊ ပဉ္စမတန်းမှ မောင်ထွန်းထွန်းဝင်း၊ ဒုတိယတန်းမှ မောင်စိုးမင်းပြည့်တို့၏ မိဘအမည်မှန်မှာ ဦးစိုးသန့်နှင့် ဒေါ်စန်းမြင့် ဖြစ်ပါကြောင်း။

**ဦးစိုးသန့်-ဒေါ်စန်းမြင့်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကျောက်ဆောက် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မောင်မျိုးကိုကိုနှင့် ဆဋ္ဌမတန်း(B)မှ မအေးသန္တာဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးငွေလွင် ၈/မမန(နိုင်)၁၃၉၇၉၇ ဖြစ်ပါသည်။

**ဦးငွေလွင်**

## အမည်ပြောင်း

ရန်ကုန်မြို့၊ အမှတ်(၂)ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးအုန်းကျော်၏သား မောင်အေးကျော်အား မောင်မင်းထက် ၁၂/ဗဟန(နိုင်)၁၀၈၄၂၅ ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းထက်**

## အမည်မှန်

ပခုက္ကူ၊ အထက(၃) တက္ကသိုလ်ဝင်တန်း(E)မှ ဦးစိန်လှ၏သား မောင်လင်းအောင်၏ အမည်မှန်မှာ မောင်တင်လင်းအောင် ၉/တသန(နိုင်)၂၀၂၂၇၅ ဖြစ်ပါကြောင်း။

**မောင်တင်လင်းအောင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/9252 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB-8053 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**



## မန္တလေးတက္ကသိုလ် ဘူမိဗေဒမိသားစု (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

မန္တလေးတက္ကသိုလ် ဘူမိဗေဒကျောင်းသားဟောင်းများဦးစီးပြီး အထက်မြန်မာပြည်တက္ကသိုလ်များ၏ (၁၆) ကြိမ်မြောက် ဘူမိဗေဒအာစရိယပူဇော်ပွဲကို ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၁၇ရက် (စနေနေ့) နံနက် ၈း၀၀ နာရီတွင် မန္တလေးတက္ကသိုလ်ဓမ္မာရုံ၌ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပပါမည်။ (၁၉၅၃ မှ ၂၀၁၆ ခုနှစ်) ဘူမိဗေဒကျောင်းသားကျောင်းသူဟောင်းမိသားစုများ၏ အလှူငွေများနှင့်လှူဖွယ်ပစ္စည်းများကို မန္တလေးတက္ကသိုလ်ဘူမိဗေဒဌာန၊ အထက်မြန်မာပြည် တက္ကသိုလ်အသီးသီးရှိ ဘူမိဗေဒဌာနများ၊ အောက်ဖော်ပြပါပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များ နှင့် လှူနေကျသူငယ်ချင်းမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၁။ ဦးကျော်နိုင်ဦး | ဖုန်း-၀၉-၂၀၀၁၇၃၇ | ၇။ ဦးသန်းဝင်း | ဖုန်း-၀၉-၂၀၃၅၉၁ |
| ၂။ ဦးတင်မောင်ဦး | ဖုန်း-၀၉-၆၇၀၈၀၇၀ | ၈။ ဦးသန်းထိုက် | ဖုန်း-၀၉-၄၃၁၃၅၄၅၆ |
| ၃။ ဦးတော်မီသိန်း | ဖုန်း-၀၉-၂၀၀၁၅၉၈ | ၉။ ဦးရဲမင်း | ဖုန်း-၀၉-၂၀၀၆၁၉၇ |
| ၄။ ဒေါက်တာကိုကိုကြီး | ဖုန်း-၀၉-၇၉၈၅၁၁၈၉၇၊ | ၁၀။ ဦးစိုးမိုးနောင် | ဖုန်း-၀၉-၂၀၀၀၁၇၆ |
| ၅။ ဦးထင်အောင်ဇော် | ဖုန်း-၀၉-၂၀၀၁၃၆၃ | ၁၁။ ဦးအောင်ကျော်မိုး | ဖုန်း-၀၉-၄၄၄၀၃၁၅၀၃ |
| ၆။ ဦးကိုကိုလှိုင် | ဖုန်း-၀၉-၄၀၂၆၈၈၉၈၇ | ၁၂။ ဦးနိုင်မော်ထွန်း | ဖုန်း-၀၉-၇၉၆၆၈၈၈၈၉ |
| | | ၁၃။ ဦးမြင့်ကြိုင် | ဖုန်း-၀၉-၇၉၇၇၇၉၆၄၂ |

### မိခင်အမည်မှန်
စစ်တွေမြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်း(C)မှ မမြအေး၏ မိခင်အမည်မှန်မှာ ဒေါ်မစံထွေး ၁၁/စတန(နိုင်)၀၇၄၅၂၄ ဖြစ်ပါကြောင်း။
**ဒေါ်မစံထွေး**

### ဖခင်အမည်မှန်
စစ်တွေမြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်း(C)မှ မအေးအေးဝေနှင့် ပဉ္စမတန်း(A)မှ မောင်မျိုးခန့်ထူး၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွန်းမြ ၁၁/စတန(နိုင်)၀၄၂၈၂၉ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
စစ်တွေမြို့၊ အထက(ခွဲ)စက်ရုံစု၊ တက္ကသိုလ်ဝင်တန်းမှ မဦးယဉ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်တင်ရီ ၁၁/ပဏတ(နိုင်)၀၇၆၃၅၃ ဖြစ်ပါကြောင်း။
**ဦးမောင်တင်ရီ**

## ဈေးဆိုင်ခန်းအမည်ပြောင်းလဲခြင်းအား ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနကွပ်ကဲမှုအောက်ရှိ ဈေးများတွင် ဈေးဆိုင်ခန်းအငှားလိုင်စင်စာအုပ် ပျောက်ဆုံးသွား၍ အသစ်ပြန်လည်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဈေးဆိုင်ခန်းအငှားလိုင်စင်စာအုပ်အသစ် ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၁၂၁၂၀၃၊ ၀၈၁-၂၁၂၂၇၄၁၊ ၀၈၁-၂၁၂၃၉၂၄သို့ ဆက်သွယ် စုံစမ်းကန့်ကွက်နိုင်ပါသည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန**

| စဉ် | ဈေးအမည် | ဈေးရုံ အမှတ် | ဆိုင်ခန်း အမှတ် | မူလဆိုင်ခန်းပိုင်ရှင် | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|
| ၁ | မြို့မဈေး | ၁-ညီ | ၂၁ | ဒေါ်နန်းခမ်းဦး | ၁၃/မရန(နိုင်)၀၂၃၁၈၅ |
| ၂ | မြို့မဈေး | H | ၂၆ | ဦးဟုတ်ခွန်(ခ)လှရွှေ | ၁၃/တကန(နိုင်)၀၆၂၁၅၈ |
| ၃ | မြို့မဈေး | I | ၁၀၄ | ဒေါ်မာမာအေး | ၁၃/တကန(နိုင်)၀၅၄၃၇၄ |
| ၄ | ရွှေညောင်ဈေး | A | ၁၇ | ဒေါ်သဇင်ထူး | ၁၃/တကန(နိုင်)၀၁၇၈၂၇ |
| ၅ | ရွှေညောင်ဈေး | C | ၄၉ | ဒေါ်ပန်းနု | ၁၃/ညရန(နိုင်)၀၀၂၉၃၁ |
| ၆ | ရွှေညောင်ဈေး | M | ၇/၉ | ဦးသိန်းနီ | ၁၃/တကန(နိုင်)၀၃၇၈၄၈ |
| ၇ | ရွှေညောင်ဈေး | P | ၉၊၁၀၊၁၁၊၁၂ | ဒေါ်ညို | ၁၃/တကန(နိုင်)၀၃၆၆၈၅ |
| ၈ | စဝ်စံထွန်းဈေး | ခ-၁ | ၄ | ဦးအာချီလာ(ခ)ချစ်လှ | ၁၃/တကန(နိုင်)၁၃၂၁၈၀ |
| ၉ | စဝ်စံထွန်းဈေး | စ-၅ | ၃ | ဦးစိုင်းစိန် | ၁၃/တကန(နိုင်)၀၁၇၀၉၁ |
| ၁၀ | စဝ်စံထွန်းဈေး | စ-၂ | ၆ | ဒေါ်နန်းအေးလွင် | ၁၃/ကတန(နိုင်)၀၃၆၄၆၀ |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာအုပ်စု၊ ကျွန်းကလေးကွင်း၊ အကွက်အမှတ်-၉၈၆(A)၊ ဦးပိုင်အမှတ်-၃ ၊ ၅ ၊ စုစုပေါင်းဧရိယာအကျယ်အဝန်း (၂၁ ဒသမ ၃၇ဧက)ရှိ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်မြကြည် (၁၂/မဘန(နိုင်)၀၁၇၅၁၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဖင်မျိုးအောင် LL.B,M.A,D.B.L,D.M.L,D.I.L
(စဉ်- ၃၄၂၇၀)
ဒေါ်နန်းကင်ခမ်း (LL.B, D.M.L) ဒေါ်ရင်ရင်ဌေး (LL.B) ဦးကျော်ဇေယျ (LL.B, LL.M)
(စဉ်- ၄၀၇၂၈) (စဉ်-၄၁၆၉၈) (စဉ်-၃၃၈၄၇)
အထက်တန်းရှေ့နေများ

Polastri Wint & Partners Legal Services Limited
အမှတ်-၆၅၉(B)၊ မြကန်သာ(၁)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်းနံပါတ်-၀၉-၂၆၀၀၁၃၈၇၇၊၀၉-၇၉၈၁၅၄၇၆၆၊ ၀၉-၂၆၃၈၄၀၅၅၈

### ဖခင်အမည်မှန်
ကျောက်ဖြူမြို့၊ အောက်မဒေးကျွန်း၊ အထက(ခွဲ) အဋ္ဌမတန်းမှ မဖြိုးစုဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်းရွှေ ၁၁/ကဖန(နိုင်)၀၇၃၅၁၄ ဖြစ်ပါကြောင်း။
**ဦးအောင်သန်းရွှေ**

### ဖခင်အမည်မှန်
အထက(၆)စစ်တွေ၊ တက္ကသိုလ်ဝင်တန်းမှ မယွန်းနန္ဒာလင်း၏ ဖခင်အမည်မှန်မှာ ဦးညီညီအောင် ၁၁/စတန(နိုင်)၀၈၆၁၆၃ ဖြစ်ပါကြောင်း။
**ဦးညီညီအောင်**

### ဖခင်အမည်မှန်
မိတ္ထီလာမြို့၊ အထက (၄)၊ တက္ကသိုလ်ဝင်တန်း(E)မှ မတန်ခူးဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုး ၉/မထလ(နိုင်)၁၅၉၀၆၅ ဖြစ်ပါကြောင်း။
**ဦးအောင်မိုး**

### ဖခင်အမည်မှန်
နွားထိုးကြီး အထက၊ တက္ကသိုလ်ဝင်တန်း (E) မှ မဇာလီဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဦး ဖြစ်ပါကြောင်း။
**ဦးဇော်ဦး**

### ဖခင်အမည်မှန်
စစ်တွေမြို့၊ အထက(ခွဲ)စက်ရုံစု၊ တက္ကသိုလ်ဝင်တန်းမှ မမြတ်သဇင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်အရ ဦးသန်းထွန်းအောင် ဖြစ်ပါကြောင်း။
**ဦးသန်းထွန်းအောင်**

### ဖခင်အမည်မှန်
